The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 48 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | December 11, 2017

# စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခြင်းအတွက် လွယ်ကူမှု (Ease of Doing Business)

စာမျက်နှာ - ၈



ဓာတ်ပုံ - အင်တာနက်

## ဂျပန်နိုင်ငံအတွင်းသို့ တင်သွင်းသည့် အစားအစာများတွင် ပါဝင်ရမည့် အများဆုံး ဓာတ်ကြွင်းပါဝင်မှု ကန့်သတ်ချက် (Maximum Residue Limits) ကို ပြင်ဆင်မည်

စာမျက်နှာ - ၃၀

## ဈေးကွက် အလားအလာကောင်းတဲ့ ပဲပုပ်

စာမျက်နှာ - ၂၁

## နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား လယ်ယာသုံး စက်ကိရိယာများ တင်သွင်းရောင်းချခွင့်ပြုပြီ

စာမျက်နှာ - ၂၃

## ပဲစင်းငုံဝယ်ယူရေးအတွက် ဒေသဆိုင်ရာ ပဲဝယ်ယူရေးကြီးကြပ်မှုအဖွဲ့များ ဖွဲ့စည်းနိုင်ရန် မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် တွေ့ဆုံပွဲကျင်းပ

စာမျက်နှာ - ၂၄



# THE CENTRAL

## WHERE THE FINEST MEETS

At the corner of Kabar Aye Pagoda Road and Kanbe Road,
The Central is designed to be a world-class mixed-use development with Yangon's first retail walking street, F&B complex, luxury residential units, complete clubhouse facilities, and Grade-A office space. It is a vision for a vibrant, sustainable and harmonious Yangon.





**WINNER OF 6**
**MYANMAR PROPERTY AWARDS 2017**



DEVELOPED BY
MARGA LANDMARK

**ENQUIRY HOTLINE**
+95 9777 773 770

**PROJECT LOCATION**
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar

www.thecentral.com.mm

**INFORMATION CENTER ADDRESS**
160 Meters from the Corner of Kabar Aye Pagoda Road and Kanbe Road (Across from MIC Office)

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ပြည်တွင်း၌ပဲစားသုံးခြင်း အလေ့အကျင့်ကောင်းများ တိုးမြှင့်ရေးအတွက် ပဲစားသုံးမှုမြှင့်တင်ပွဲသို့ တက်ရောက်အမှာစကားပြောကြား



ပြည်သူများ ပဲစားသုံးသည့် အလေ့အကျင့်ကောင်းများ တိုးမြှင့်ရန် ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် စမတောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်မှ တာဝန်ရှိသူများ ပူးပေါင်း စီစဉ်ကျင်းပသော ပြည်တွင်းပဲစားသုံးမှုမြှင့်တင်ပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၆ ရက်၌ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သာဝတ္တိကျေးရွာအုပ်စု၊ စမတောင်ရှိ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်တွင် ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ပဲလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်မှုမရှိစေရေးအတွက် ဈေးကွက်သစ်များ ရှာဖွေရေး၊ အသင်းအဖွဲ့များ ခိုင်မာတောင့်တင်းရေးအတွက် သက်ဆိုင်ရာကုန်သည်၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့ပဲမျိုးစုံကို လက်ရှိအနေအထားတွင် ကုန်ကြမ်းအတိုင်းသာ တင်ပို့နေရ၍ ဈေးနှုန်းအရ ထိခိုက်နစ်နာမှုရှိနေပြီး မွေးမြူရေး လုပ်ငန်းများအတွက် အထောက်အပံ့ ရရှိနိုင်စေရန်၊ ပဲမျိုးစုံကို တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) အဖြစ် ပြင်ဆင်မွမ်းမံပြီး ပြည်ပဈေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်ရေးအတွက် ပဲလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ ပဲကုန်သည်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပဲသန့်စင်စက်ရုံများ၊ ခွဲခြမ်းပြုလုပ်သည့် စက်ရုံများ၊ ပဲအရောင်တင်သည့် စက်များ တည်ဆောက်နိုင်ရေးကိုလည်း ကူညီဆောင်ရွက်လျက်ရှိပါကြောင်း၊ ပဲမျိုးစုံများထဲမှ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံများကို ပိုမိုအလေးထား စားသုံးခြင်းဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အိန္ဒိယနိုင်ငံမှ အဆိုပါပဲများတင်သွင်းမှု ကန့်သတ်ခြင်းကို တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းပေးရာရောက်သကဲ့သို့ ပဲမျိုးစုံတွင် အာဟာရဓာတ်၊ ပရိုတင်းဓာတ်များ စွာပါဝင်သည့်အတွက် ပဲမျိုးစုံကိုဖြည့်စွက်စားသုံးခြင်းအားဖြင့် ကုန်ကျစရိတ်ကို လျှော့ချနိုင်မည့်အပြင် အာဟာရဓာတ်ကိုလည်း မျှတစွာရရှိမည်ဖြစ်ပါကြောင်း၊ ပြည်တွင်း၌ ပဲစားသုံးမှုအလေ့အထမှာလည်း နည်းပါးနေသေးသည့်အတွက် ပိုမိုတိုးမြှင့်နိုင်ရန် ယခုကဲ့သို့ ပဲစားသုံးမှုမြှင့်တင်ပွဲများကို ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ပဲစားသုံးမှုမြှင့်တင်ရေးပွဲမှ ရရှိခဲ့သော အတွေ့အကြုံများကို ဆင့်ပွားအသိပေးရန် လိုအပ်ပြီး ယခုကဲ့သို့ ပဲစားသုံးမှုမြှင့်တင်ရေးပွဲ၏ ရည်ရွယ်ချက်နှင့်အညီ အမျိုးသားရေးအမြင်ဖြင့် ဆက်လက်ဆောင်ရွက်ရန်များစွာလိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြသန်းက ပြည်တွင်းပဲစားသုံးမှု၊ သုံးစွဲမှုမြှင့်တင်ရန် ပဲမျိုးစုံမှထုတ်လုပ်သည့် ကုန်ပစ္စည်းများ စမ်းသပ်ထုတ်လုပ် အသုံးပြုနေမှုများကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်မေခင်သန်းက ပဲမျိုးစုံ၏ အာဟာရဓာတ်ကြွယ်ဝမှုနှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးရေး အထောက်အကူပြုနိုင်မှုများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းက စမတောင် လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်သို့ ပဲများ လှူဒါန်းပေးအပ်ခဲ့သည်။ ဆက်လက်၍ အခမ်းအနားသို့တက်ရောက်လာသော ဧည့်သည်တော်များနှင့် စမတောင် လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်မှ မိဘမဲ့ကလေးများအား နေ့လယ်စာ ပဲထမင်း၊ ပဲဟင်းလျာများဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသူများက ပြသထားသော ပဲမျိုးစုံနှင့် ပဲထုတ်ကုန်များကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။

အဆိုပါ အခမ်းအနားကို ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်တွင်း ပဲစားသုံးမှု မြှင့်တင်ရေးပညာပေးရန်၊ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းတို့တွင် အာဟာရဓာတ်ပါဝင်မှု၊ ကျန်းမာရေးအတွက် အထောက်အကူပြုမှုတို့အား ပြည်သူများ ကျယ်ပြန့်စွာသိရှိစေရန်၊ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းချက်ပြုတ်နည်းစနစ်များ ပြန့်ပွားစေရန်တို့ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။ အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

MOC(IR)

# ဒုတိယဝန်ကြီး ဦးအောင်ထူး အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ (US-ASEAN Business Council) ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ မစ္စတာအလက်ဇန္ဒားဖဲလ်မင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီ (US-ASEAN Business Council) ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ မစ္စတာအလက်ဇန္ဒားဖဲလ်မင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဒီဇင်ဘာလ ၇ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အမေရိကန် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းများအကြား ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာပြည်သူများအတွက် အမေရိကန်နိုင်ငံက ဖွံ့ဖြိုးတိုးတက်မှု အကူအညီများ ပေးအပ်ရေး၊ မြန်မာနိုင်ငံထွက် ကော်ဖီများ အမေရိကန် နိုင်ငံဈေးကွက်ရရှိရေး၊ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ၊ ဒစ်ဂျစ်တယ် စီးပွားရေးနှင့် အီလက်ထရောနစ်စနစ်ဖြင့် ငွေပေးချေမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ မိုက်ခရို၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံနေသော အမေရိကန်ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်တိုးတက်ရရှိရေးတို့အတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများအား ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

MOC(IR)

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွှန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်ချောအသစ်ဈေးတက်ပြီး ဆန်ကြမ်းအသစ်ဈေးကျ

ယခုရက်သတ္တပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ဟောင်းဈေးငြိမ်နေပြီး ဆန်သစ်ဈေးအတက်အကျရှိကြောင်း ဝါးတန်းဆန်ဈေးကွက်မှ သိရပါတယ်။

ဆန်ဟောင်းဖြစ်တဲ့ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ်၄၂၀၀၀၊ လတ်စတစ်အိတ်ကျပ် ၃၉၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်း ဆန်ထိပ်စတစ်အိတ်ကျပ် ၄၃၀၀၀ နဲ့ ကျပ် ၄၁၀၀၀၊ နယ်စုံကျိုက်လတ်ပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၃၈၅၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၃၆၅၀၀၊ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ် ကျပ် ၅၅၀၀၀မှ ကျပ်၅၈၀၀၀ရှိပြီး ဈေးငြိမ်နေပါတယ်။ ဆန်သစ်ဖြစ်တဲ့ မြောင်းမြပေါ်ဆန်တစ်အိတ်လျှင် ကျပ် ၃၂၀၀၀ မှ ကျပ် ၃၄၀၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးမပြောင်းလဲကြောင်းသိရပါတယ်။

ပေါ်ဆန်းအသစ်တစ်အိတ်လျှင် ကျပ်၂၆၅၀၀ မှ ကျပ် ၂၉၀၀၀ရှိပြီး တစ်အိတ်ကိုကျပ် ၅၀၀ ခန့် ဈေးတက်ပါတယ်။ ယခုတစ်ပတ်ကုန်စည်ဒိုင်ကို ပေါ်ဆန်းကျားပျံအသစ် ဝင်ရောက်ပြီး တစ်အိတ်ကို ကျပ် ၃၀၀၀၀ မှ ကျပ် ၃၁၀၀၀ရှိပြီး တစ်ပတ်အတွင်းတစ်အိတ်ကိုကျပ်၂၀၀၀ ခန့် ဈေးတက်ကြောင်း ဝါးတန်းကုန်စည်ဒိုင်ရဲ့ လက်ကားဈေးနှုန်းအရ သိရပါတယ်။ တောင်ပျံပေါ်ဆန်း၊ ကျားပျံပေါ်ဆန်းတို့က လူကြိုက်များပြီး အသစ်ဝင်တာ အချိန်ကြာတော့ ခြောက်လာပြီး အထားခံတဲ့အတွက်ဈေးတက်တာလို့ သိရပါတယ်။

ဆန်ကြမ်းအဟောင်းဖြစ်တဲ့ ဧည့်မထဆန်ထိပ်စတစ်အိတ်ကျပ် ၂၃၅၀၀ နဲ့လတ်စတစ်အိတ်ကျပ် ၂၀၅၀၀၊ နွေသီးထပ်ရှယ်တစ်အိတ်ကျပ် ၂၅၀၀၀မှ ကျပ် ၂၅၅၀၀၊ နွေဆန်ရက် ၉၀ တစ်အိတ်ကျပ် ၂၆၀၀၀ မှ ကျပ် ၂၇၀၀၀၊ ဧည့်မထ ၂၅ မှတ်တစ်အိတ်ကျပ် ၁၈၂၀၀ မှ ကျပ် ၁၉၀၀၀အထိရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါ တယ်။

ဆန်ကြမ်းအသစ်(ရှယ်) တစ်အိတ်ကျပ် ၂၀၀၀၀ မှ ကျပ် ၂၀၈၀၀၊ ငစိန်အသစ်တစ်အိတ်ကျပ် ၁၈၀၀၀ မှ ကျပ် ၁၈၅၀၀ ရှိပြီး တစ်အိတ်ကို ကျပ် ၅၀၀ ခန့်ဈေးကျပါတယ်။ ရက် ၉၀ အသစ်က တစ်အိတ်ကို ကျပ် ၂၂၅၀၀မှ ကျပ် ၂၃၀၀၀၊ မိုးသုခတစ်အိတ်ကျပ် ၂၅၅၀၀မှ ကျပ် ၂၆၀၀၀ရှိကြောင်း သိရပါတယ်။ ဆန်ကြမ်းကတော့ အဝင်အေးတဲ့အတွက် ဈေးကျတာလို့ ဝါးတန်းကုန်စည်ဒိုင်မှ သိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဆန်အဝင်ပုံမှန်ရှိသော်လည်း ဆန်ဈေးအနည်းငယ်ကျကြောင်း သိရပါတယ်။ ဧည့်မထ ၅မှတ်မော်ဘီတစ်အိတ် ၁၃၇ ယွမ်မှ ၁၃၉ ယွမ် ဧည့်မထ ၅မှတ် စူပါတစ်အိတ်၁၃၂ယွမ်မှ၁၃၃ ယွမ်၊ဧည့်မထ ၁၀ မှတ် မော်ဘီတစ်အိတ် ၁၃၃ယွမ်မှ ၁၃၄ ယွမ်၊ ဧည့်မထ ၁၀မှတ် စူပါတစ်အိတ် ၁၂၉ ယွမ်မှ ယွမ်၁၃၀၊ သုခ ၁၅ မှတ်တစ်အိတ် ၁၁၉ ယွမ်မှ ယွမ် ၁၂၀၊ သုခ ၂၅ မှတ်တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၇ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၂၅ ယွမ်မှ ၁၂၆ ယွမ်၊ ငစိန် ၁၅မှတ် တစ်အိတ်၁၁၉ယွမ်မှ၁၂၁ယွမ်၊ငစိန် ၂၅ မှတ်တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၇ ယွမ်ရှိပြီး ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၂ ယွမ်မှ ၄ ယွမ်အထိ ဈေးကျကြောင်း သိရပါတယ်။ တရုတ်ဘက်မှ ဆန်ကို ရွေးဝယ်နေတာဖြစ်တဲ့အတွက် ဈေးကျတာလို့သိရပါတယ်။ မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၆ရက်အထိ ၃၉၄၅၈ တန်ရှိပြီး ဆန်အဝင်ပုံမှန်ရှိနေပါတယ်။ အရောင်းအဝယ်လည်း ပုံမှန်ရှိနေကြောင်းသိရပြီး ဒီဇင်ဘာ ၆ရက်ရဲ့ ငွေလဲနှုန်းအရ တစ်ယွမ်ကို ၂၀၅ ကျပ် ခန့်ဈေးပေါက်ကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**

# ကုန်သွယ်ရေးစခန်းများမှ အနီးစပ်ဆုံးလထက် နိုဝင်ဘာလမှာ ဆန်နဲ့ဆန်ကွဲပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ၁ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၈၂၃ သန်းတန်ဖိုးရှိ ဆန်နဲ့ကောက်ညှင်းဆန် ၅၄၂၇၈ တန် တင်ပို့ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများဖြစ်သော မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၄၀၉၈၇ တန်ကျော်နဲ့ ကောက်ညှင်းဆန်၁၁၃တန်ခန့်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်ငါးတန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၂၁၆၂ တန်တင်ပို့ခဲ့ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၃၃၅တန်နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၆၇၆ တန်ခန့် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ၆၀၃၁၈ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၆၀၄၀ လျော့ကျခဲ့ပါတယ်။ နိုဝင်ဘာတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၅၉၆ သန်းတန်ဖိုးရှိ ဆန် ၂၁၆၂၅၂တန်ခန့်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးအောက်တိုဘာလက ၁၀၉၂၇၁ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် နိုဝင်ဘာမှာဆန် ၁၀၆၉၈၁ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၂၃ သန်းတန်ဖိုးရှိဆန်ကွဲ ၁၀၈၈ တန်တင်ပို့ခဲ့ရာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ၇၆၅ တန်ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၃၂၃ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၂၆၃၂ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၅၄၄တန်လျော့ကျခဲ့ပါတယ်။

ကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာလတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၉၁ သန်းတန်ဖိုးရှိ ဆန်ကွဲ ၈၂၇၈တန်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးအောက်တိုဘာလက ၇၄၃၉တန်ကျော် တင်ပို့ခဲ့တဲ့အတွက် နိုဝင်ဘာလမှာ ၈၃၉ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၂၇ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၁၂၆၂၆ တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ပြီး ဧည့်မထဆန်တန်ချိန် ၅၉၀၀ တင်ပို့ပါတယ်။ မက်ဒါဂါစကားနိုင်ငံသို့ ဒုတိယအများဆုံး တင်ပို့ပြီး ဧည့်မထဆန်တန်ချိန် ၂၃၆၇ တန်တင်ပို့ပါတယ်။ ထပ်မံပြီး သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန် ၁၃၇၅ တန်နဲ့ ငစိန်ဆန်တန်ချိန် ၅၆၀၊ အီးယူနိုင်ငံများသို့ ပေါင်းဆန်တန်ချိန် ၈၀၀နဲ့ ဧည့်မထဆန်တန်ချိန် ၅၅၀၊စင်ကာပူနိုင်ငံသို့ပေါ်ဆန်းဆန် ၂၄ တန်၊ တောင်အာဖရိကနိုင်ငံသို့ ဧည့်မထ ဆန်တန်ချိန် ၇၅၀၊ ရုရှားနိုင်ငံသို့ ပေါင်းဆန်တန်ချိန် ၃၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်တန်ချိန် ၁၇၉၂၁ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၂၉၅တန် လျော့နည်းခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ နိုဝင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၈၅၁ သန်းတန်ဖိုးရှိ ဆန် ၃၉၂၈၇ တန်တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံးအောက်တိုဘာလက ဆန် ၉၈၀၉၄ တန်တင်ပို့ခဲ့တဲ့အတွက် နိုဝင်ဘာလမှာ ၅၈၈၀၇ တန်လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၀၈ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၆၆၀၀ တင်ပို့ခဲ့ရာ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၀၀၀၊ မက်ဒါဂါစကားနိုင်ငံသို့ တန်ချိန် ၅၀၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၅၀၊ မလေးရှားနိုင်ငံသို့ ၁၂၅ တန်နဲ့ အီးယူနိုင်ငံများသို့ ၄၈၂၅ တန်တင်ပို့ခဲ့ပါတယ်။

နိုဝင်ဘာတစ်လလုံးမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၄၅ သန်းတန်ဖိုး ရှိ ဆန်ကွဲတန်ချိန် ၁၅၃၉၀ တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး အောက်တိုဘာလက ၁၉၆၅၅ တန်တင်ပို့ခဲ့တဲ့အတွက် နိုဝင်ဘာလမှာ ဆန်ကွဲတင်ပို့မှု ၄၂၆၅ တန်လျော့ကျခဲ့ပါ တယ်။

အနီးစပ်ဆုံးလထက် နိုဝင်ဘာလမှာ ကုန်သွယ်ရေးစခန်း များမှ ဆန်နဲ့ဆန်ကွဲပိုမိုတင်ပို့ပြီး ပင်လယ်ရေကြောင်းမှ လျော့ကျခဲ့ကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၈-၁၂-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၂ | ၄၀၁ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၂ | ၃၉၁ | ▽ | ၃၀၇ | ၃၀၅ | ▽ | ၃၉၈ | ၄၀၃ | △ | ၃၇၅ | ၃၇၃ | ▽ |
| ဆန်ဖြူ ၁၀% | ၃၉၀ | ၃၈၉ | ▽ | ၃၀၂ | ၃၀၀ | ▽ | - | - | - | ၃၇၁ | ၃၆၉ | ▽ |
| ဆန်ဖြူ ၁၅% | ၃၈၂ | ၃၈၁ | ▽ | ၃၇၅ | ၃၇၅ | □ | - | - | - | ၃၆၇ | ၃၆၅ | ▽ |
| ဆန်ဖြူ ၂၅% | ၃၆၅ | ၃၆၃ | ▽ | ၃၆၂ | ၃၆၂ | □ | ၃၇၀ | ၃၇၀ | □ | ၃၄၂ | ၃၄၂ | □ |
| ပေါင်းဆန် | ၄၃၇ | ၄၃၇ | □ | - | - | - | ၃၉၅ | ၄၀၀ | △ | ၄၂၈ | ၄၂၀ | ▽ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၈-၁၂-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၀၀၀ | □ | ၂၃၀၀၀ | □ | ၈၂၈၀ | □ | ၃၇၀၀၀ | □ |
| ပုသိမ် | ၅၅၂၀ | □ | ၂၂၀၀၀ | △ | ၈၄၃၀ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | ▽ | ၂၁၀၀၀ | ▽ | ၆၇၀၀ | □ | ၃၆၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | □ | ၂၃၀၀၀ | □ | ၁၅၅၀၀ | □ | ၅၃၀၀၀ | □ |
| စစ်တွေ | ၄၃၀၀ | □ | ၁၉၀၀၀ | △ | ၇၂၀၀ | □ | ၃၆၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၂၀၀ | ▽ | ၂၁၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၆၀၀ | □ | ၂၃၀၀၀ | □ | - | - | ၄၀၃၀၀ | □ |
| မန္တလေး | ၅၇၀၀ | ▽ | ၂၀၀၀၀ | △ | - | - | ၄၄၀၀၀ | △ |
| မကွေး | ၇၅၀၀ | △ | ၂၄၅၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မော်လမြိုင် | ၅၀၀၀ | □ | ၂၀၀၀၀ | □ | ၇၂၀၀ | □ | ၂၀၀၀၀ | □ |
| လှိုင်ကော် | ၇၃၀၀ | △ | ၃၂၀၀၀ | ▽ | - | - | ၆၀၀၀၀ | □ |
| မြိတ် | ၅၃၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| ဘားအံ | ၅၀၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၅၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၄-၁၂-၂၀၁၇ မှ ၈-၁၂-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 849 | 40,965,910.132 |
| 2 | Form D | 65 | 2,717,969.830 |
| 3 | Form E | 110 | 3,153,912.172 |
| 4 | Korea GSP | 4 | 60,061.330 |
| 5 | Form AK | 173 | 5,624,841.676 |
| 6 | Form AJ | 11 | 345,705.440 |
| 7 | Form AI | 82 | 3,790,737.916 |
| 8 | Form AANZ | 24 | 383,660.750 |
| 9 | Form DFTP | - | - |
| **Grand Total** | | **1318** | **57,042,799.246** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၈-၁၂-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မူဆယ် | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁/၁၂ | ၈/၁၂ | ပြောင်းလဲမှု | ၁/၁၂ | ၈/၁၂ | ပြောင်းလဲမှု | ၁/၁၂ | ၈/၁၂ | ပြောင်းလဲမှု | ၁/၁၂ | ၈/၁၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၇၇ | ၈၆၁ | ▲ | ၈၀၀ | ၈၅၃ | ▲ | ၈၀၀ | ၈၇၅ | ▲ | ၇၀၅ | ၈၃၅ | ▲ |
| ပဲစင်းငုံ | ၅၄၀ | ၆၂၄ | ▲ | ၅၀၀ | ၅၇၅ | ▲ | ၅၀၅ | ၆၀၀ | ▲ | ၄၇၅ | ၅၃၅ | ▲ |
| ပဲတီစိမ်း | ၁၄၁၅ | ၁၃၆၅ | ▼ | ၁၄၇၆ | ၁၄၅၈ | ▼ | ၁၃၉၄ | ၁၃၁၆ | ▼ | ၁၃၉၅ | ၁၂၉၀ | ▼ |
| ကုလားပဲရိုးရိုး | ၂၆၀၀ | ၂၆၀၀ | ■ | ၁၈၁၇ | ၁၈၃၄ | ▲ | ၁၈၁၆ | ၁၅၀၀ | ▼ | ၁၅၈၀ | ၁၅၁၀ | ▼ |
| ပဲလွန်းဖြူ | ၁၄၁၅ | ၁၃၃၀ | ▼ | ၁၈၃၃ | ၁၅၀၀ | ▼ | - | ၁၇၀၀ | - | ၁၅၅၅ | ၁၄၇၅ | ▼ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | - | - | - | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၈-၁၂-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၁/၁၂ | ၈/၁၂ | ပြောင်းလဲမှု | ၁/၁၂ | ၇/၁၂ | ပြောင်းလဲမှု | ၁/၁၂ | ၇/၁၂ | ပြောင်းလဲမှု |
| မတ်ပဲ | ၃၅၀ | ၃၉၀ | ▲ | ၆၂၁ | ၆၂၈ | ▲ | ၅၄၃ | ၅၈၉ | ▲ |
| ပဲစင်းငုံ | ၂၅၀ | ၂၇၀ | ▲ | ၅၅၅ | ၅၆၂ | ▲ | ၅၉၈ | ၅၈၅ | ▼ |
| ပဲတီစိမ်း | ၆၈၀ | ၆၈၀ | ■ | - | - | - | ၇၆၁ | ၇၇၅ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၈၇၀ | ၈၇၀ | ■ | ၇၃၇ | ၇၁၃ | ▼ | ၇၄၅ | ၇၂၈ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၇) မှ |
| | (၂၅.၁၁.၁၇)ထိ | (၂.၁၂.၁၇)ထိ | (၂.၁၂.၁၇) ထိ |
| မတ်ပဲ | ၄၅၈၀၆၈ | ၉၅၀၈ | ၄၆၇၅၇၆ |
| ပဲတီစိမ်း | ၁၁၂၅၅၈ | ၂၁၈၂ | ၁၁၄၇၄၀ |
| ပဲစင်းငုံ | ၂၁၃၁၄၆ | ၄၅၉၃ | ၂၁၇၇၃၉ |
| ကုလားပဲ | ၃၈၅၆၉ | ၇၄၉ | ၃၉၃၁၈ |
| ပဲလွန်းဖြူ | ၁၂၈၃၁ | - | ၁၂၈၃၁ |
| မြေထောက်ပဲ | ၁၈၅၁၁ | ၂၄ | ၁၈၅၃၅ |

## ပြည်ပဲမျိုးစုံဈေးကွက်မှာ နှစ်အလိုက်ကာလတူအချိန် ဖြစ်ပေါ်ခဲ့သော ပဲဈေးနှုန်းနှိုင်းယှဉ်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်အတွင်း နှစ်အလိုက် ကာလတူအချိန်ဖြစ်ပေါ်ခဲ့သော ပဲဈေးနှုန်းများကို လေ့လာရာမှာ ပဲကြီးသီးနှံနှင့် ပဲပုပ်သီးနှံမှလွဲ၍ ကျန်ပဲများအားလုံး ယခင်နှစ်များကထက် ဈေးလျော့နည်း အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ပြည်ပဝယ်လက်ပဲများဖြစ်သော မတ်ပဲ၊ ပဲစင်းငုံသီးနှံများမှာ အိန္ဒိယဝယ်လိုအားကန့်သတ်ချိန် ဩဂုတ်လမှစ၍ ဈေးနှုန်းများထပ်မံ လျော့နည်းခဲ့ကာ ယခုအချိန်ထိ အကျဈေးဖြင့်သာ ရောင်းဝယ်ခဲ့ကြကြောင်း သိရပါတယ်။ ပဲတီစိမ်းသီးနှံကတော့ တရုတ်ဝယ်လက်က အမြဲဝယ်ယူနေသော်လည်း ယခုနှစ်မှာဈေးအေးခဲ့တဲ့ပဲသီးနှံဖြစ်လို့ ပြည်တွင်းဝယ်လိုအားများတဲ့ပဲများထက်ပင် ဈေးအေးခဲ့ပါတယ်။ သို့သော်လည်း မတ်ပဲ၊ ပဲစင်းငုံသီးနှံတို့နှင့် ယှဉ်လျှင်တော့ ပြည်ပဝယ်လိုအားရှိနေတဲ့အတွက် အဆိုပါပဲများထက် ဈေးပိုရလျက်ရှိခဲ့ပါတယ်။ မတ်ပဲသီးနှံမှာ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ် နှိုင်းယှဉ်ချက်အရ ယခင်နှစ်များကထက် တစ်နှစ်ပြီးတစ်နှစ် ဈေးလျော့နည်းကျဆင်းခဲ့တာကို တွေ့ရပါတယ်။

၂၀၁၅ခုနှစ်မှာ ပဲဈေးကွက်အတွင်း ဈေးအမြင့်ဆုံးပဲဖြစ်လို့ တစ်တင်းကျပ် ခုနစ်သောင်းကျော်အထိ ရရှိခဲ့သော်လည်း ၂၀၁၇ ခုနှစ်မှာတော့ ပဲဈေးကွက်မှာ ဒုတိယဈေးအနိမ့်ဆုံးဖြစ်နေပြီး ကျပ်နှစ်သောင်းအောက်ထိ လျော့နည်းကျဆင်းလျက်ရှိပါတယ်။ ၂၀၁၆ခုနှစ်အတွင်းက မတ်ပဲသီးနှံဟာ ပြည်ပဝယ်လက်ပဲ ဈေးထဲမှာ ပဲတီစိမ်း၊ ပဲစင်းငုံတို့ထက် ဈေးပိုရခဲ့ပြီး ပြည်တွင်းဝယ်လက်ပဲနှင့်ယှဉ်လျှင်တော့ ကုလားပဲသီးနှံထက် ဈေးလျော့နည်းခဲ့တာကို တွေ့ရပါတယ်။

ပဲတီစိမ်းသီးနှံမှာ ပြည်ပဝယ်လိုအား (တရုတ်ဝယ်လက်) ရှိနေတဲ့အတွက် ပဲဈေးမှာ မတ်ပဲသီးနှံကဲ့သို့ ဈေးသိသိသာသာ ပြောင်းလဲသွားခြင်းမရှိဘဲ ၂၀၁၅ခုနှစ်တွင်သာ တစ်တင်းကျပ်လေးသောင်းပတ်ဝန်းကျင်ရရှိပြီး ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်မှာ တစ်တင်းကျပ် သုံးသောင်းတစ်ပတ်လည်ဖြင့် ဈေးကွာခြားမှုသိပ်မဖြစ်ဘဲ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ခုနှစ်တွင် ပဲတီစိမ်းသီးနှံဈေးမှာ မတ်ပဲသီးနှံထက်လျော့နည်းခဲ့သော်လည်း ယခုနှစ်မှာတော့ ပဲတီစိမ်းသီးနှံသည် ပြည်ပဝယ်လက် ဝယ်လိုအားအမြဲရှိနေလို့ ပဲဈေးနှုန်းမှာ မတ်ပဲ၊ ပဲစင်းငုံသီးနှံတို့နှင့်ယှဉ်လျှင် ဈေးမြင့်နေခဲ့တယ်လို့သိရပါတယ်။

ပဲစင်းငုံသီးနှံမှာမတ်ပဲသီးနှံကဲ့သို့ ဩဂုတ်လမှစ၍ ပြည်ပဝယ်လိုအားကန့်သတ်မှုများကြောင့် ဈေးနှုန်းများ တရိပ်ရိပ်ကျဆင်းခဲ့ကာ ယခုအချိန်ထိလည်း ဈေးအေးလျက်ရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ပဲစင်းငုံသီးနှံအနေဖြင့် ပဲဈေးနှုန်းမှာ တစ်တင်းကျပ်ငါးသောင်းကျော်ထိ ရရှိခဲ့တဲ့အတွက် ပစ္စည်းပြတ်သည်အထိ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။လက်ကျန်မရှိတော့လို့ အရောင်းအဝယ်မဖြစ်တော့ဘဲ ဒီဇင်ဘာလလယ်ပဲသစ်ပေါ်ချိန်မှ ဈေးကွက်မှာပြန်လည်အရောင်းအဝယ်ဖြစ်ခဲ့လို့ နိုဝင်ဘာလအတွင်းမှာ ဈေးကွက်အတွင်း အရောင်းအဝယ်မဖြစ်ခဲ့ဘူးလို့သိရပါတယ်။ ၂၀၁၆ ခုနှစ်မှာ ပဲတီစိမ်းသီးနှံနှင့် ဈေးပြိုင်ရခဲ့ပေမယ့် မတ်ပဲသီးနှံထက်တော့ ဈေးလျော့နေခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာတော့ မတ်ပဲ၊ ပဲတီစိမ်းသီးနှံများထက် ထပ်မံလျော့နည်းခဲ့လို့ ပဲသစ်ပေါ်ချိန်မှာ ကျပ်တစ်သောင်းခန့်နဲ့သာ ရောင်းဝယ်မှုဖြစ်လျက်ရှိနေပါတယ်။

ကုလားပဲသီးနှံကို ပြည်တွင်းဝယ်လက်က အဓိကထားဝယ်ယူ သော်လည်း နှစ်စဉ်လိုလို ဈေးကောင်းရနေလို့ ၂၀၁၆ ခုနှစ်တွင် ဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရခဲ့ပြီး တစ်တင်းကျပ် ၄၆၅၀၀ ထိ ရရှိခဲ့ပါတယ်။ ၂၀၁၇ခုနှစ်မှာ ယခင်လများက ဈေးနှုန်းများ မြင့်တက်ခဲ့ရာမှ နိုဝင်ဘာလတွင် ဈေးပြန်အေးသွားသော်လည်း တစ်တင်းကျပ် ၄၃၅၀၀ဖြင့် ခွဲစက်သမားများက ဝယ်ယူလျက်ရှိခဲ့တယ်လို့သိရပါတယ်။

ပဲကြီးသီးနှံမှာတော့ ၂၀၁၅ခုနှစ်က ကုလားပဲသီးနှံနှင့်အပြိုင် ဈေးကောင်းရခဲ့သော်လည်း ၂၀၁၆ ခုနှစ်မှာ ဈေးလျော့နည်းခဲ့ပြီး ၂၀၁၇ခုနှစ်မှာ ဈေးမြောက်လာခဲ့လို့ ပဲကြီး (ရွှေကျွန်း) တစ်တင်းကျပ် ၇၀၀၀၀ နှင့် (ကမ်းနား) တစ်တင်းကျပ် ၆၅၀၀၀ထိ ဈေးကောင်းရခဲ့ကာ ပဲဈေးကွက်အတွင်း စံချိန်တင်မြင့်တက်ခဲ့တဲ့ သီးနှံဖြစ်ခဲ့ပါတယ်။

အခြားပဲဈေးမှာ ယခင်နှစ်များကထက် ဈေးလျော့ကျခဲ့သော်လည်း ပဲပုပ်သီးနှံကတော့ တစ်နှစ်ပြီးတစ်နှစ် ဈေးကောင်းရခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ၂၀၁၅ခုနှစ်တွင် ပဲဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးဖြစ်လို့ ကျပ်နှစ်သောင်းအောက် လျော့နည်းခဲ့ပြီး ၂၀၁၆ခုနှစ်မှာ ဈေးပိုရလာ၍ ကျပ်နှစ်သောင်းကျော်လာခဲ့ကာ ၂၀၁၇ ခုနှစ်မှာတော့ ထပ်မံဈေးမြင့်တက်ခဲ့တဲ့အတွက် ကျပ်သုံးသောင်းကျော် ရရှိလာခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၇ခုနှစ်အတွင်း မတ်ပဲ၊ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံတို့ထက်လည်း ဈေးပိုလျက်ရှိတာကြောင့် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲစင်းငုံသီးနှံဈေးအနိမ့်ဆုံးဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲနီပြား ပဲဟောင်းလက်ကျန်ဈေးအမြင့်နဲ့ရောင်းဝယ်မှုဖြစ်

ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲသစ်ဝင်ရောက်ခြင်းမရှိသေးသော်လည်း ပဲဟောင်းလက်ကျန်ရှိခဲ့လို့ လက်လီရောင်းဝယ်မှုဖြစ်နေတဲ့ ပဲနီပြားသီးနှံဟာ တစ်ရက်လျှင် အိတ် ၂၀ ကျော် ရောင်းချခဲ့ပြီး ဈေးကွက်အတွင်း ဈေး ကောင်းရတဲ့ ပဲသီးနှံထဲမှာ ပါဝင်နေခဲ့တာကိုတွေ့ရပါတယ်။ ပဲတစ်တင်းလျှင် ကျပ် ၃၆၀၀၀ မှ ကျပ်၃၇၀၀၀ရရှိခဲ့တဲ့အတွက် အခြားလက်လီရောင်းဝယ်မှုဖြစ်နေတဲ့ ဘိုကိတ်၊ပဲလွန်းဖြူ၊ထောပတ်ပဲ၊ ပဲပုပ်သီးနှံများထက် ဈေးကောင်းပိုရသလို ပြည်ပဝယ်လိုအားရှိသောသီးနှံများထက်လည်း ဈေးကောင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်နှစ် ဒီဇင်ဘာလအတွင်းက ပဲနီပြားသီးနှံမှာတစ်တင်းကျပ် ၂၂၀၀၀သာရရှိခဲ့တာကိုတွေ့ရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲဈေးကွက်သို့ ပဲစင်းငုံသစ်အိတ်အနည်းငယ်ဝင်ရောက်လာ

ဒီဇင်ဘာလဆန်းရက်မှာ ပြည်ပဲဈေးကွက်သို့ ပဲစင်းငုံသစ်စတင်ဝင်ရောက်လာတာကိုတွေ့ရပြီး ပန်းတောင်းဘက်မှ အိတ်အနည်းငယ်သာဝင်ရောက်လာခဲ့ပါတယ်။ လက်ကျန်ပဲဟောင်းများလည်းရှိခဲ့လို့ နေ့စဉ်အရောင်းအဝယ် မဖြစ်သော်လည်း တစ်ခါ တစ်ရံအိတ် ၂၀၀ မှ ၃၀၀အထိအရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပဲသစ်အဖွင့်ဈေးကို တစ်တင်းကျပ် ၁၁၀၀၀ဖြင့် ဈေးစဖွင့်ခဲ့ပြီး ယခင်လက ပဲဟောင်းအရောင်းအဝယ်ဖြစ်တဲ့ဈေးနှင့် ဈေးကွာခြားမှုသိပ်မရှိခဲ့ဘူးလို့ သိရပါတယ်။ ပဲစင်းငုံသီးနှံမှာ ပဲလက်ကျန်များလည်းရှိနေခဲ့သလို ပဲအထွက်လှိုင်လာချိန် ပဲအဝင်များလာလျှင်တော့ ဈေးအခြေအနေ ဘယ်လိုရှိမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ယခင်နှစ်က ပဲသစ်ပေါ်စချိန် အိန္ဒိယဝယ်လိုအားလည်းရှိခဲ့တဲ့အတွက် တစ်တင်းကျပ် ၂၇၀၀၀ကျော်ရရှိခဲ့လို့ ယခုနှစ်ဈေးကတော့ ထက်ဝက်ကျော် ကျဆင်းလျက်ရှိကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်မြေပဲဆန်ကို ရန်ကုန်ဆီစက်နှင့် ရန်ကုန်ဝယ်လက်များက ဝယ်ယူ

ယခုတစ်ပတ် ရွှေတောင်၊ ပေါက်ခေါင်း၊ ပေါင်းတလည်နှင့် ဝက်ထီးကန်ဘက်မှ တစ်နေ့လျှင် ဆောင်းမြေပဲအိတ် ၇၀၀ ခန့် ဝင်ရောက်နေတာတွေ့ရပါတယ်။ ရွှေတောင်ဘက်မှ လာတဲ့ဆောင်းမြေပဲအတောင့်အစိုကို တစ်ပြည်လျှင် ၈၀၀ ဖြင့် ဈေးကွက်တွင် ရောင်းချနေတာ တွေ့ရပါတယ်။ မြေပဲဆန်ကိုတော့ ဆီစက်နှင့် ဝယ်လက်များကဝယ်ယူပြီး ဆီကြိတ်မြေပဲဆန် (အဖြူ) တစ်ပိဿာလျှင် ၂၁၀၅ကျပ်၊ (အနီ) တစ်ပိဿာလျှင်ကျပ် ၁၉၅၀ ဖြင့် ရန်ကုန်ဆီစက်များက တစ်နေ့လျှင် အိတ်၅၀၀ခန့် ဝယ်ယူလျက်ရှိပါတယ်။ လုံးဆန်(အဖြူ) တစ်ပိဿာလျှင်ကျပ် ၂၄၀၀၊ လုံးဆန် (အနီ) တစ်ပိဿာလျှင်ကျပ် ၂၁၅၀ ဖြင့် ရန်ကုန်ဝယ်လက်များက ဝယ်ယူလျက်ရှိပါတယ်။ **ဝေဝေမင်း**

## ပြည်စားတော်ပဲ အရည်အသွေးကိုလိုက်၍ ဈေးကွာခြားပြီး ပြည်တွင်းပဲအမျိုးအစား ဈေးကောင်းရလျက်ရှိ

ပြည်ပဲဈေးကွက်အတွင်း လက်လီရောင်းဝယ်မှုများတဲ့ စားတော်ပဲသီးနှံဟာဆိုလျှင် ပြည်တွင်းမှထွက်ရှိသော ပဲများအပြင် ပြည်ပမှတင်သွင်းသော ပဲအမျိုးအစားများလည်း ရောင်းဝယ်နေခဲ့ တာကို တွေ့ရပါတယ်။ မင်းတုန်း စားတော်ပဲ အမျိုးအစားမှာ ပဲအရည်အသွေးကောင်းခဲ့လို့ နှစ်စဉ်လိုလို ဈေးကောင်းရခဲ့ပါတယ်။ ကနေဒါပဲဟု ခေါ်သော ပြည်ပမှ ဝင်လာသော ပဲအမျိုးအစားမှာ ပြည်တွင်းပဲအရည်အသွေးကို မမီသည့်အတွက် အရောင်းအဝယ်ဖြစ်သော်လည်း ဈေးသိသိသာသာ ကွာခြားနေတာကို တွေ့ရပါတယ်။ ဒေသထွက်ပဲမှာ တစ်တင်းကျပ် ၅၀၀၀၀ရရှိပြီး ကနေဒါ ပဲအမျိုးအစားမှာ တစ်တင်းကျပ် ၃၀၀၀၀ ဖြင့်ဈေးကွာခြားမှုအနေနဲ့ တစ်တင်းကျပ်နှစ်သောင်းခန့် ကွာခြားခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုပမာဏကတော့ လက်လီဝယ်ယူသူများဖြင့်သာ နေ့စဉ် အိတ်အနည်းငယ်စီ ရောင်းချခဲ့ရကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၇ .၁၂ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | - MT.CORVUS | P.Oil(In Buik) ၄၃၀၀ ကုန်ချရန် |
| ထီးတန်းဆီဆိပ်ကမ်း | - MT.PRIMROSE | P.Oil(In Buik) ၄၃၀၀ ကုန်ချရန် |
| ထီးတန်းဆိပ်ကမ်း (၂) | - GSS YANGON | ကုန်သေတ္တာ၅၃၂ကုန်တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း (၃) | - SINAR BATAM | ကုန်သေတ္တာ၆၂၂ကုန်ချဆဲ |
| အလုံဆိပ်ကမ်း (၁) | - MINANUR CEBI | Steel Bar ၁၇၆၅၈တန်ကုန်ချဆဲ |
| စက်မှုဆိပ်ကမ်း (၃) | - MCC SHENZHEN | ဆန် ၂၀၀၀၀ တန်ကုန်တင်ဆဲ |
| စက်မှုဆိပ်ကမ်း (၄) | - MCC HALONG | ကုန်သေတ္တာ ၈၄၇ ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၂) | - HANDY STRANGER | ဆန် ၂၀၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - ANTIMILOS | ဆန် ၂၅၅၀၀ တန်ကုန်တင်ဆဲ |
| ဗိုလ်တစ်ထောင်ဆိပ်ကမ်း (၁) | - YAAN BYAE | Deformed Bars ၅၂၄၇ ကုန်ချဆဲ |
| ဗိုလ်တစ်ထောင်ဆိပ်ကမ်း (၂) | - THANH BA | Urea ၅၀၀၀ ကုန်ချဆဲ |
| ဗိုလ်တစ်ထောင်ဆိပ်ကမ်း (၃) | - OEL MALAYSIA | ကုန်သေတ္တာ ၄၃၀ ကုန်တင်ဆဲ |
| သီလဝါဆိပ်ကမ်း (၁) | - KOTA RESTU | ကုန်သေတ္တာ ၆၅ ကုန်တင် ၄၄ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၄) | - HHL VALPRAISO | Steel ၁၀၀၀၀ ကုန်ချဆဲ |
| MMTM JETTY | - MT.OCEAN VICTORY | Diesel Oil ၂၃၂၁၅ ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ORIENT SKY | Coal (In Bulk)၃၀၀၀၀တန်ကုန်ချရန် | - | ၇ ◦၁၂ ◦ ၂၀၁၇ |
| SPRING CANARY | Steel + G/C ၈၀၉၁ တန်ကုန်ချရန် | - | ၈ ◦၁၂ ◦ ၂၀၁၇ |
| KORALIA | Cement (In Bulk) 8000 | MALAYSIA | ၈ ◦၁၂ ◦ ၂၀၁၇ |
| DAYANG BALI | Steel Bar ၇၈၀၀တန်ကုန်ချရန် | CHINA | ၈ ◦၁၂ ◦ ၂၀၁၇ |
| LE CHANG | Ammonium Nitrate & Steel Product ၁၁၅၂၈တန်ကုန်ချရန် | CHINA | ၈ ◦၁၂ ◦ ၂၀၁၇ |
| VIKING AMBER | Units Vehicle(RO/RO) ၉၇၆ တန် ကုန်ချရန် | JAPAN | ၈ ◦၁၂ ◦ ၂၀၁၇ |
| QUEEN YAN | Ammonium Nitrate ၄၁၀၀ တန် ကုန်ချရန် | CHINA | ၁၀ ◦၁၂ ◦ ၂၀၁၇ |
| ROYAL -16 | Ammonium Nitrate ၃၃၀၀ တန် ကုန်ချရန် | CHINA | ၁၀ ◦၁၂ ◦ ၂၀၁၇ |
| XIN SI LU | Units RTG+2 Units CRANE ၅ ကုန်ချရန် | CHINA | ၁၄ ◦၁၂ ◦ ၂၀၁၇ |
| VIKING SEA | Units/PKG Vehicle (RO/RO) ၃၈၀၃ တန်ကုန်ချရန် | JAPAN | ၁၄ ◦၁၂ ◦ ၂၀၁၇ |
| COSCO TENGFEI | Units Vehicle(RO/RO) ၁၀၁ တန်ကုန်ချရန် | JAPAN | ၁၇ ◦၁၂ ◦ ၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ARCA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၇ ◦၁၂ ◦ ၂၀၁၇ |
| DAWEI | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၇ ◦၁၂ ◦ ၂၀၁၇ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၈ ◦၁၂ ◦ ၂၀၁၇ |
| SINAR BALI | SINGAPORE | စက်မှုဆိပ်ကမ်း | ၈ ◦၁၂ ◦ ၂၀၁၇ |
| UNI AMPLE | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၇ ◦၁၂ ◦ ၂၀၁၇ |
| BIPL TRUST | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၇ ◦၁၂ ◦ ၂၀၁၇ |
| CAPE FLORE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉ ◦၁၂ ◦ ၂၀၁၇ |
| WEST SCENT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉ ◦၁၂ ◦ ၂၀၁၇ |
| RATANA THIDA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၉ ◦၁၂ ◦ ၂၀၁၇ |
| YANTRA BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၀ ◦၁၂ ◦ ၂၀၁၇ |
| MCC DHAKA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၀ ◦၁၂ ◦ ၂၀၁၇ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀ ◦၁၂ ◦ ၂၀၁၇ |
| TOVE MAERSK | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၁ ◦၁၂ ◦ ၂၀၁၇ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၃ ◦၁၂ ◦ ၂၀၁၇ |
| KOTA HASIL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅ ◦၁၂ ◦ ၂၀၁၇ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၅ ◦၁၂ ◦ ၂၀၁၇ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၅ ◦၁၂ ◦ ၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.MESON | P.Oil (In Bulk) | INDINESIA | ၈ ◦၁၂ ◦ ၂၀၁၇ |
| MT.AULAC VENUS | ဒီဇယ်ဆီ | SINGAPORE | ၈ ◦၁၂ ◦ ၂၀၁၇ |
| MT.YU RU | MOGAS 92 RON | SINGAPORE | ၈ ◦၁၂ ◦ ၂၀၁၇ |
| MT.AULAC JUPITER | ဒီဇယ်ဆီ | SINGAPORE | ၈ ◦၁၂ ◦ ၂၀၁၇ |
| MT.AMAZONA | P.Oil (In Bulk) | INDINESIA | ၈ ◦၁၂ ◦ ၂၀၁၇ |
| MT.OCEAN LARK | ဒီဇယ်ဆီ | SINGAPORE | ၉ ◦၁၂ ◦ ၂၀၁၇ |
| MT.AU VIRGO | P.Oil (In Bulk) | INDINESIA | ၁၁ ◦၁၂ ◦ ၂၀၁၇ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၁၂ ◦၁၂ ◦ ၂၀၁၇ |
| MT.GLORY OCEAN | ဒီဇယ်ဆီ | SINGAPORE | ၁၂ ◦၁၂ ◦ ၂၀၁၇ |
| MT.OCEAN DOLPHIN | ဒီဇယ်ဆီ | SINGAPORE | ၁၃ ◦၁၂ ◦ ၂၀၁၇ |

## ဒီဇင်ဘာပထမပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သောဈေးကွက်နှင့်ဈေးနှုန်း

ပခုက္ကူကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း ပဲစင်းငုံနီဈေးနှုန်းမှာ တဖြည်းဖြည်း မြင့်တက်လျက်ရှိပြီး တစ်တင်းလျှင်ကျပ် ၁၀၅၀၀ ဖြင့် အိတ် ၅၀မှ ၂၀၀ ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိကာ ရန်ကုန်သို့ အိတ်ရေ၁၂၀ခန့် တင်ပို့လျက်ရှိပါတယ်။

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ကုလားပဲဈေးကွက်မှာ ပြည်ပမှ ဝယ်လက်မရှိခြင်း၊ အနယ်နယ်အရပ်ရပ်မှ ဈေးကွက်များ ကျဆင်းနေခြင်းတို့ကြောင့် ကုလားပဲဈေးမှာ တဖြည်းဖြည်း ကျဆင်းနေကြောင်း ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ယခင်လကကုလားပဲဖြူ V2 တစ်တင်းလျှင် ကျပ် ၄၂၀၀၀ ရှိခဲ့ရာမှ ယခုလတွင် ကုလားပဲဖြူ V2 တစ်တင်းလျှင် ကျပ် ၃၄၀၀၀ထိ ဈေးကျဆင်းလျက်ရှိပါတယ်။ ဒါ့အပြင် ကုလားပဲဝါ HL မှာ တစ်တင်းလျှင် ကျပ် ၂၉၀၀၀၊ ကုလားပဲဖြူလုံးကြီး 929 တစ်တင်းလျှင်ကျပ် ၂၆၅၀၀ထိ ကျဆင်းနေခဲ့ပြီး အိတ်ရေ ၁၀၀ခန့်သာအရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပဲတီစိမ်းအသစ်မှာ တစ်တင်းလျှင် ကျပ် ၂၈၀၀၀ဈေးဖြင့်တင်း ၅၀ကျော်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပခုက္ကူဒေသထွက်ဖြစ်သည့် နှမ်းဈေးကွက်မှာပြည်ပမှ အဝယ်လိုက်လာခြင်းကြောင့် တဖြည်းဖြည်း ဈေးမြင့်တက်လျက်ရှိပြီး ယခင်တစ်ပတ်က နှမ်းညိုတစ်တင်းကျပ် ၃၀၈၀၀ရှိခဲ့ရာမှ ယခုတစ်ပတ်တွင်ကျပ် ၃၄၀၀၀ ဖြင့် အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းနက်(ပြင်)စမုံမှာ တစ်တင်း လျှင် ကျပ် ၃၅၀၀၀ မှ ၄၀၀၀၀ ဖြစ်ပြီး တင်း ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဂန့်ဂေါခရိုင်ယောဒေသထွက်ဖြစ်သည့် နှမ်းဝါမှာအရည်သွေးကောင်းမွန်၍ဈေးကောင်းရရှိနေပြီး တစ်တင်းလျှင် ကျပ် ၃၈၇၀၀ ဖြင့်အိတ် ၅၀ခန့် ပခုက္ကူကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တိရစ္ဆာန်စာဖြစ်သည့် ပြောင်းဖူးစေ့(CP)မှာတစ်တင်းလျှင်ကျပ် ၇၃၀၀ ဖြင့်အိတ်၅၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

**လှိုင်ဉမ္မာဦး(ပခုက္ကူ)**

## ပြည်ဆန်စပါးဈေးကွက်တွင် ဆန်သစ်များဈေးကောင်းလျက်ရှိ

ပြည်ခရိုင်အတွင်း ဆန်စပါးဈေးကွက်တွင် မိုးစပါးအသစ်ဈေးနှုန်းများ တစ်မြို့နှင့်တစ်မြို့ အရည်အသွေးနှင့် အစိုဓာတ်ပါဝင်မှု ကွာခြားခြင်းကြောင့် ဈေးနှုန်းတွေမတူဘဲရှိနေပါတယ်။ ဆန်စက်ပိုင်ရှင်များနှင့် စပါးပွဲစားများကတော့ အစိုဓာတ်ပေါ်မူတည်ပြီး ဝယ်ယူနေကြပါတယ်။

ပြည်မြို့ပေါ် ဆန်စက်ပိုင်ရှင်များကတော့ ဝယ်ယူထားပြီး စပါးများကိုလိုသလို အခြောက်ခံ၍ ကြိတ်ခွဲတာကြောင့် ဆန်အရည်အသွေးကောင်းမွန်ပြီး ရန်ကုန်၊ မန္တလေးဝယ်လက်များသို့ တင်ပို့နေရကြောင်းလည်းသိရပါတယ်။ မန္တလေးသို့ ကရင်မ၊ ရတနာတိုးဆန်များကို နှစ်ရက်အတွင်း အိတ် ၁၀၀၀ ကျော်တင်ပို့ရပြီး ဒေသတွင်းမှာတော့ ဆင်းသွယ်လတ်၊မော်ဘီဆန်များမပြတ်တင်ပို့နေရကြောင်းသိရပါတယ်။ ယခင်တစ်ပတ်ကစပြီး စပါးဈေးအနည်းငယ်ကျလာတာတွေ့ရပါတယ်။ ဆန်သားအဝါဖောက်တာများကြောင့် ဈေးကျလာတာဖြစ်ပါတယ်။ ယခုတစ်ပတ်မှာတော့ ဆန်စပါးရောင်းဝယ်ရေးသမားများက စပါးကိုမိမိတို့လိုအပ်သော အခြောက်ခံစက်များဖြင့် အခြောက်ခံပြီး ကြိတ်ခွဲတာကြောင့် ဆန်သားအရည်အသွေးမြင့်ကာ ရောင်းတန်းဝင်လာပြီး ဆန်ဈေးမြင့်တက်လာကြောင်း သိရပါတယ်။

ယခုတစ်ပတ် စပါး၊ ဆန်ဈေးနှုန်းများမှာ ဧည့်မထ (မိုးသစ်) စပါးအုပ်စု ဆင်းသွယ်လတ်၊ မော်ဘီတင်း ၁၀၀ (၄၆) ပေါင် ကိုက်ဈေးကျပ် ၅၁၅၂၀၀၊ ကရင်မစပါးကျပ် ၄၈၇၆၀၀၊ ရတနာတိုးကျပ် ၄၉၆၈၀၀ ဈေးတို့ဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။ ၁၀၈ ပေါင် ဆန်ထိပ်စဈေးမှာ ဆင်းသွယ်လတ် မော်ဘီကျပ် ၂၄၅၀၀၊ ရတနာတိုးကျပ် ၂၃၅၀၀၊ ကရင်မ ကျပ် ၂၃၀၀၀ ရှိပြီး ၁၀၈ ပေါင်အလတ်စဆန်ဈေးမှာကျပ် ၁၉၀၀၀ မှ ကျပ် ၂၁၀၀၀ဈေးရှိကြောင်းသိရပါတယ်။

**နီနီဝင်း**

## ပြည်ပဲပုပ်သစ်အဝင်ဆက်ရှိလို့ ဈေးလျှော့နည်း အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ်ပြည်ပဲဈေးကွက်သို့ ပဲပုပ်သစ်များအဝင်ဆက်ရှိနေတာကြောင့် ပန်းတောင်း၊ မင်းတုန်း၊ ကံမနှင့် ပြည်အနီးတစ်ဝိုက်မှ အိတ် ၄၀ မှ ၅၀ အထိ ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ နိုဝင်ဘာလကုန်ပတ်ကတည်းက ပဲပုပ်သစ်ဝင်ရောက်ခဲ့ပြီး တစ်တင်းကျပ် ၂၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ယခု လဆန်းပိုင်းမှာတော့ ဈေးလျှော့သွားကာ တစ်တင်းကျပ် ၂၃၅၀၀ဖြင့် လက်လီဝယ်ယူသူများနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲအထွက်လှိုင်လာချိန်တွင်သာ ပဲပုပ်သီးနှံက လက်လီ၊ လက်ကားအရောင်းအဝယ်သွက်ပြီး ကျန်ကာလများတွင် လက်ကျန်ပဲများဖြင့် လက်လီသမားများ ဝယ်ယူခဲ့တာကြောင့် နေ့စဉ်ရောင်းချခဲ့ရ တယ်လို့သိရပါတယ်။ ယခင်နှစ်ဒီဇင်ဘာလအတွင်း ပဲပုပ်သီးနှံဈေးနှုန်းမှာ တစ်တင်းကျပ် ၂၂၀၀၀ရရှိလို့ ယခုနှစ်ဈေးက ဈေးအနည်းငယ်သာပိုရတာကိုတွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## ဒီဇင်ဘာပထမပတ်အတွင်းရေစကြိုကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သောဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ်ရေစကြို ကုန်စည်ဒိုင်တွင် မြေပဲလုံးဆန်နီ(မြောင်) တစ်ပိဿာလျှင် ကျပ် ၂၁၀၀ မှ ၂၂၀၀၊ ကျွန်းဆန်မှာ တစ်ပိဿာလျှင်ကျပ် ၂၁၀၀၊ S1 မြေပဲဖြူလုံးဆန်ကျပ် ၂၁၀၀မှ ၂၂၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက် ရှိပါသည်။



ရေစကြိုဒေသထွက် မတ်ပဲတစ်တင်းလျှင် အနိမ့်ဈေးတစ်တင်းကျပ် ၁၅၅၀၀၊ အမြင့်ဈေးတစ်တင်းလျှင်ကျပ် ၁၆၅၀၀၊ ရေစကြိုကုန်စည်ဒိုင်တွင် ပဲပိစပ်တစ်တင်းလျှင် ကျပ် ၁၄၅၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း တွေ့ရသည်။ ကုလားပဲများဖြစ်သောHL တစ်တင်းလျှင်ကျပ် ၂၇၀၀၀၊ 929တစ်တင်းလျှင်ကျပ် ၂၆၅၀၀၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၃၃၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ရေစကြိုဒေသထွက်ဖြစ်သည့် ပဲလွန်းဖြူများဈေးကွက်အတွင်းသို့ ရောက်ရှိနေပြီး တစ်တင်းလျှင် ကျပ် ၂၇၅၀၀၊ ပဲလွန်းပြာတစ်တင်းလျှင်ကျပ် ၂၆၀၀၀၊ နှမ်းဖြူသန့် အနိမ့်ဈေးကျပ် ၃၇၀၀၀၊ အမြင့်ဈေးကျပ် ၄၀၀၀၀ ဖြင့် ရေစကြိုကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေကြောင်း သတင်းရရှိပါသည်။

**လှိုင်ဉမ္မာဦး(ပခုက္ကူ)**

## ကြက်သွန်

# ပြည်ဈေးကွက်အတွင်း ကြက်သွန်နီ(အဟောင်း)များ ဝင်ရောက်မှုနည်းပြီး ကြက်သွန်နီ(အသစ်)များ ပိုမိုဝင်ရောက်လာ

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ ကြက်သွန်နီ(အဟောင်း)များ ဝင်ရောက်မှုနည်းသွားပြီး ရေနံချောင်း၊ ဆိပ်ဖြူ၊ ပခုက္ကူ၊ မြင်းခြံစတဲ့နယ်များမှ မိုးကြက်သွန်နီ (အသစ်) များ တစ်နေ့လျှင် ပိဿာချိန် ၈၀၀၀ ခန့် အဝင်ရှိနေကြောင်း သိရှိရပါတယ်။ ကြက်သွန်နီအသစ်မှာ ပိုမိုဝင်ရောက်သလို ကြက်သွန်နီ(အဟောင်း)နှင့်အသစ် နှိုင်းယှဉ်လျှင် တစ်ပိဿာ လျှင်ကျပ် ၇၀၀မှ၈၀၀ ခန့် ဈေးနှုန်းကွာခြားနေသည့်အတွက် အစိုဓာတ်အနည်းငယ် ရှိနေသော ကြက်သွန် နီ (အသစ်)များကို စားသုံးသူများ၊ ဝယ်ရောင်းသမားများက အဆွဲများနေသဖြင့်ဈေးကွက်အတွင်း ပိုမိုရောင်းဝယ်နေတာတွေ့ရပါတယ်။

ကြက်သွန်နီ(အသစ်)ဈေးနှုန်းမှာ တစ်ပိဿာကို လက်ကားကျပ် ၂၂၀၀-၂၃၀၀ ရှိပြီး လက်လီဈေးများတွင်ကျပ် ၂၄၀၀- ၂၅၀၀ နှုန်းတို့ဖြင့် ရောင်းဝယ်နေကြောင်း သိရပါတယ်။ ကြက်သွန်နီ (အဟောင်း)မှာ အစို့များပေါက်လာပြီး အရည်အသွေးလည်း မကောင်းတော့သလို ဈေးနှုန်းမှာလည်း မြင့်နေသေးသည့်အတွက် ပြည်ပွဲရုံလုပ်ငန်းများက မှာယူရောင်းချမှုနည်းသွားရခြင်းကြောင့်သိသိသာသာ အဝင်နည်းသွားကြောင်းသိရပါတယ်။ ကြက်သွန်နီ(အဟောင်း)ဈေးနှုန်းမှာ ယခုတစ်ပတ်တွင် ပွဲရုံလက်ကားဈေးတစ်ပိဿာလျှင် (ကြီး) ကျပ် ၃၁၀၀-၃၂၀၀၊ (လတ်) ကျပ် ၃၀၀၀၊ (သေး)ကျပ် ၂၉၀၀တို့ရှိပြီး လက်လီဈေးများတွင် (ကြီး) ကျပ် ၃၅၀၀-၃၆၀၀၊ (လတ်) ကျပ် ၃၂၀၀-၃၄၀၀၊ (သေး) ကျပ် ၃၀၀၀-၃၁၀၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိတဲ့အတွက် ယခင်တစ်ပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲမှုမရှိတာတွေ့ရပါတယ်။

ပြည်ပမှ တင်သွင်းလာတဲ့ တရုတ်ကြက်သွန်နီများကတော့ အရည်အသွေးမကောင်းသည့်အတွက် အရောင်းအဝယ်ပါးကာ ဈေးနှုန်းမှာလည်း ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် အကျဘက်သို့ ဦးတည်နေတာတွေ့ရပါတယ်။ ပွဲရုံလက်ကားဈေးတစ်ပိဿာလျှင်ကျပ် ၇၀၀ မှ ၈၀၀ရှိပြီး လက်လီဈေးများတွင် ကျပ်၉၅၀မှ၁၀၀၀ တို့ဖြင့်ရောင်းဝယ်မှုရှိနေကြောင်းသိရပါတယ်။ **ဝင်းလဲ့ဝါ**



# ပခုက္ကူခရိုင်အတွင်း ကြက်သွန်နီအသစ်များ အများအပြားဝင်ရောက်နေ

ပခုက္ကူခရိုင်၊ ပခုက္ကူမြို့သို့ နိုဝင်ဘာ ၁၅ရက်မှစ၍ ကြက်သွန်နီအသစ်များ ဈေးကွက်အတွင်းသို့ နေ့စဉ်ပိဿာချိန် ၁၀၀၀၀ မှ ၉၀၀၀၀အတွင်း ဝင်ရောက်လျက်ရှိရာ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပခုက္ကူမြို့နယ်အတွင်းရှိ ကျွန်းနှင့်ပေါက်မြို့နယ်အတွင်းရှိ ကြက်သွန်စိုက်ပျိုးထုတ်လုပ်ရာဒေသဖြစ်သည့် ရေပြာနယ်ဘက်မှကြက်သွန်နီအသစ်များဈေးကွက်အတွင်းသို့ရောက်ရှိနေပြီး ဈေးကောင်းရရှိနေကြောင်း သိရပါတယ်။ မိုးစိုက်ကြက်သွန်များဖော်ပြီး၍ ရေပြာနယ်၊ အင်းတိန်နယ်တို့မှာဆောင်းစိုက်ကြက်သွန်နီများ စတင်စိုက်ပျိုးနေကြောင်း တောင်သူတစ်ဦးထံမှ သတင်းရရှိပါတယ်။

ကြက်သွန်နီမိုးစိုက်(ဉ)တောင်သူများဈေးကောင်းရရှိနေပြီး ကြက်သွန်နီအသစ် လက်ကားတစ်ပိဿာလျှင် ထိပ်စကျပ် ၂၂၀၀၊ လတ်စတစ်ပိဿာလျှင်ကျပ် ၁၈၀၀ရှိနေပြီး အရည်အသွေးကိုလိုက်၍ ကြက်သွန်နီလက်ကားတစ်ပိဿာလျှင် ကျပ် ၁၃၀၀-၁၅၀၀ ထိရှိပြီး၊ ကြက်သွန်နီအသေး လက်ကားဈေးမှာ အနိမ့်စတစ်ပိဿာလျှင်ကျပ် ၆၀၀ မှ ၇၀၀ထိဖြစ်ပါတယ်။ ကြက်သွန်နီအသစ် လက်လီဈေးနှုန်းမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၂၆၀၀၊ လတ်စတစ်ပိဿာလျှင်ကျပ် ၂၄၀၀၊ အနိမ့်စတစ်ပိဿာလျှင်ကျပ် ၂၃၀၀ ဖြစ်ပါတယ်။ ကြက်သွန်နီအဟောင်းများမှာလည်း အသစ်များနည်းတူဈေး ကောင်းရရှိနေပြီး လက်ကားဈေးထိပ်စတစ်ပိဿာလျှင်ကျပ် ၂၆၀၀၊ လတ်စတစ်ပိဿာလျှင်ကျပ် ၂၄၀၀၊ အနိမ့်စတစ် ပိဿာလျှင်ကျပ် ၂၂၀၀ ဖြစ်ပါတယ်။ လက်လီဈေးမှာ ထိပ်စတစ်ပိဿာလျှင်ကျပ် ၂၈၀၀၊ လတ်စတစ်ပိဿာလျှင်ကျပ် ၂၆၀၀၊ ကြက်သွန်နီအဟောင်းအပေါ်အရေလန် အနိမ့်စတစ်ပိဿာလျှင်ကျပ် ၂၂၀၀ ဖြင့်အရောင်းအဝယ်ဖြစ်နေပြီး နေ့စဉ်ပိဿာချိန် ၆၀၀၀၀မှ ၉၀၀၀၀ကြား အရောင်းအဝယ်ဖြစ်နေပါတယ်။ **လှိုင်ဉမ္မာဦး(ပခုက္ကူ)**

## နနွင်း

# နိုဝင်ဘာလအတွင်း မူဆယ်မှ တရုတ်နိုင်ငံသို့ နနွင်းတက် တန် ၄၀၀ကျော်တင်ပို့

နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၈၆၀၀ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) တန် ၄၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ၄၉ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ၉ တန်ခန့် လျော့ နည်းတင်ပို့ခဲ့ပေမယ့် နိုဝင်ဘာတစ်လလုံးမှာ တရုတ်နိုင်ငံသို့နနွင်းတက် တန် ၄၀၀ ကျော်ကို တင်ပို့ခဲ့ကြောင်း၊ နနွင်းတက်တစ်တန်ကို လိုင်စင်ဈေး အမေရိကန်ဒေါ်လာ ၇၁၅ ရှိပြီး မိမိဘက်ပေါက်ဈေးမှာ(ငွေလဲနှုန်းအရ) ၉၇၅၉၇၅ ကျပ်ဝန်းကျင်ရှိကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။ **မော်မော်အောင်**

# နနွင်း ၁၁၅တန်ကို ရေကြောင်းလမ်းမှ စင်ကာပူနိုင်ငံသို့တင်ပို့

နိုဝင်ဘာ ၂၆ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ သီတင်းပတ်အတွင်း နနွင်း (ရှမ်းစ) ၁၁၅တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နနွင်းတန်ချိန် ၂၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နနွင်းတန်ချိန် ၁၃၀ ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် အောက်တိုဘာလမှာနနွင်းတန်ချိန် ၇၆၀ ကျော်တင်ပို့ခဲ့ပြီး နိုဝင်ဘာလမှာ နနွင်း၁၂၁၉ တန်ကျော်တင်ပို့ခဲ့တာကြောင့် နိုဝင်ဘာလမှာ နနွင်းတန်ချိန် ၄၅၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ နိုဝင်ဘာလအတွင်း နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ၉၇၈၅၃၈ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

# ရှမ်းနနွင်း ပုံမှန်သာ အရောင်းအဝယ်ဖြစ်

ရှမ်းနနွင်းက ပုံမှန်သာအရောင်း အဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ ဟိုပုံးနနွင်းတွေကတော့ လက်ကျန်ရှိနေပါသေးတယ်။ နနွင်းအသစ်တွေလည်း ဖေဖော်ဝါရီလနဲ့မတ်လတွေမှာ အသစ်ဝင်လာတော့မှာဖြစ်လို့ အဟောင်းတွေနဲ့ဆိုရင် လက်ကျန်တွေက အများအပြားဖြစ်လာနိုင်လို့ ဈေးကွက်လက်ကျန်ကိုကြည့်ပြီး နနွင်းကို ဖော်ကြမယ်လို့လည်း တောင်သူတွေထံမှသိရှိရပါတယ်။

နနွင်းဈေးကွက်ကလည်း တဖြည်းဖြည်းကျယ်ပြန့်လာပါ တယ်။ အရင်ကတော့ ဟိုပုံးနနွင်းက နာမည်ကြီးတာကြောင့် အရောင်းအဝယ်လည်းသွက်ပါတယ်။ နောက်ပိုင်းမှာဝယ်လက်တွေက အမျိုးအစားကိုခွဲပြီး ဝယ်လာကြပါတယ်။ ယခုလက်ရှိ ဈေးကွက်မှာအကြမ်း၊ အချော၊ ကြမ်းချောဆိုပြီးဝင်လာလို့ အချောနဲ့ကြမ်းချောကတော့ အရောင်းအဝယ်ကောင်းပြီး အကြမ်းကတော့ အရောင်းအဝယ်နည်းလို့ဈေးကွက်လက်ကျန်များပါတယ်။ ဟိုပုံးနနွင်းကအထွက်လည်း နည်းတာကြောင့် နောက်ပိုင်းစိုက်တဲ့ နနွင်းကိုမျိုးရောပြီး စိုက်လာတာကြောင့် အရည်အသွေး ပျက်လာတာဖြစ်တယ်လို့သိရပါတယ်။ အချောတစ်ပိဿာစိုက်ရင်အထွက်က ငါးပိဿာရပြီး အကြမ်းတစ်ပိဿာစိုက်ရင် အထွက်က ၁၀ ပိဿာရှိလို့ ရောနှောစိုက်ပျိုးလာကြတာဖြစ်တယ်လို့လည်းသိရပါတယ်။ ယခင်ဝယ်လက်တွေက ဒီအတိုင်းဝယ်ပေမယ့် အခုဝယ်လက်တွေကတော့ ခွဲပြီးဝယ်ကြတယ်လို့ လည်းသိရပါတယ်။

ရှမ်းနနွင်းကို အရင်က အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် စတဲ့နိုင်ငံတွေကသာ အဝယ်ရှိပေမယ့် အခုနောက်ပိုင်းမှာတော့ စင်ကာပူ၊ ယီမင်၊ ယူအေအီးနိုင်ငံတွေကပါ အဝယ်ရှိလာပါတယ်။ ဒါကြောင့် အောင်ပန်းဒေသထွက် နနွင်းတွေကိုအခြောက်ခံသန့်စင်ဖို့အတွက် ဖြိုးကျော်ကုမ္ပဏီကနနွင်း အခြောက်ခံစက်ရုံကိုအောင်ပန်းမြို့မှာတည်ဆောက်ပြီး နနွင်းတွေကိုဝယ်ယူပြီး အခြောက်ခံဖို့လုပ်နေပါတယ်။ နနွင်းသန့်ခြောက်တွေကိုလည်း နိုင်ငံတကာကို တင်ပို့နိုင်ဖို့ဆောင်ရွက်သွားမယ်လို့လည်းအဲဒီစက်ရုံရဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရှိရပါတယ်။

အောင်ပန်းဈေးကွက်မှာရှိနေတဲ့ နနွင်းကိုတော့ ချင်းဝယ်ယူရင်းဝယ်ယူနေလို့ တစ်ပတ်အတွင်းမှာ နနွင်းပိဿာချိန်ပေါင်း ခုနစ်သောင်းခန့်အရောင်းအဝယ်ဖြစ်နေခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်နနွင်းပေါက်ဈေးကတစ်ပိဿာကို ကျပ်၁၀၀၀ မှ ၂၈၀၀နဲ့ဆင်တောင်နနွင်းက ကျပ်၃၈၀၀ရှိပါတယ်။ ဟိုပုံးနနွင်းကတော့ တစ်ပိဿာကျပ် ၁၁၀၀ ရှိပါတယ်။ **ဇေခိုင်၊ တောင်ကြီး**



## ချင်း

# အောင်ပန်းဈေးကွက်သို့ ချင်းစိုအဝင်နည်းနေ

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်း(စို)အဝင်နည်းနေပါတယ်။ တောင်သူတွေကလည်း လယ်သိမ်း၊ ယာသိမ်းချိန်ဖြစ်တာကြောင့် ရာသီချိန်သီးနှံများကိုမဖော်နိုင်ကြဘူးလို့လည်း သိရပါတယ်။ ယခင်ရက်သတ္တပတ်တွေက ငါးရက်တစ်ဈေးကိုချင်းအဝင် ပိဿာချိန်သောင်းဂဏန်းခန့်ရှိခဲ့ပေမယ့် ယခုတစ်ပတ် မှာ ပိဿာချိန်ကထောင်ဂဏန်းခန့်သာ အဝင်ရှိပါတော့တယ်။ ဝယ်လက်တွေကတော့ ပုံမှန်ဝယ်ယူနေသလို အသစ်တွေကိုလည်း စိတ်ကြိုက်ဝယ်ယူနေတာကြောင့် တစ်ပတ်အတွင်း ချင်းပိဿာချိန်ပေါင်း ၁ ဒသမ ၈ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။



ဟိုပုံးဈေးကွက်မှာတော့ ချင်း(စို) ရော အခြောက်ပါ အရောင်းအဝယ်အေးနေပါတယ်။ ဒီဇင်ဘာ တတိယပတ်မှာတော့ ဈေးကွက်သို့ ချင်း(သစ်)တွေဝင်လာနိုင်တယ်လို့လည်း သိရပါတယ်။ အဟောင်းလက်ကျန်လည်း အတော်များများ ကျန်ရှိနေသေးတယ်လို့ ချင်းပွဲရုံတွေထံမှ သိရပါတယ်။ အခုလောလောဆယ်မှာတော့ တောင်သူတွေက ပြောင်းကိုသာအဓိကထားပြီး လုပ်နေကြတာကြောင့် ချင်းဘက်ကိုမလှည့်နိုင်သေးဘူးလို့ဆိုပါတယ်။ ချင်းကမြေကြီးထဲမှာအထားခံတာကြောင့်ဈေးကောင်းရမှသာဖော်မယ်လို့လည်း ဒေသခံတောင်သူတွေကဆိုပါတယ်။

ချင်းခြောက်ကတော့ ပစ္စည်းလည်း နည်းနေပြီး အရောင်းအဝယ်ကလည်း မရှိသလောက်ဖြစ်နေပါတယ်။ ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာချင်း(စို)တစ်ပိဿာပေါက်ဈေးက အနိမ့်ဆုံးကျပ် ၃၂၀ မှ အမြင့်ဆုံးကျပ် ၄၂၀နဲ့ချင်းခြောက်က ကျပ် ၁၀၀၀ မှကျပ် ၁၀၅၀ ဈေးရှိပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ ချင်း(စို)က ဈေးဖွင့်ခြင်း မရှိတော့ဘဲ ချင်းခြောက်ကတော့ တစ်ပိဿာကျပ် ၁၃၅၀ဈေးနဲ့ ဈေးပိတ်သွားတယ်လို့ သိရှိရပါတယ်။

**ဇေခိုင်၊ တောင်ကြီး**

# စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်းအတွက် လွယ်ကူမှု

## ( Ease of Doing Business )




မည်သည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းမဆို စီးပွားရေးလုပ်ကိုင်ရာတွင် နိုင်ငံမှချမှတ်ထားသည့် စည်းမျဉ်းများကို လိုက်နာရုံသာမက အစိုးရဌာနများဖြင့်လည်း ချိတ်ဆက်ဆောင်ရွက်ကြရပါသည်။ ယင်းသို့ချိတ်ဆက်ဆောင်ရွက်ကြရာတွင် လွယ်ကူလျင်မြန်စွာဖြင့် ဆောင်ရွက်နိုင်မှသာ အချိန်ကုန်ငွေပန်းမဖြစ်ဘဲ မိမိတို့လုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ စီးပွားရေးတွင် အချိန်သည် အရေးအပါဆုံးကိစ္စတစ်ခုဖြစ်ပါသည်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ အောင်မြင်မှသာ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ လုပ်ငန်းလုပ်ဆောင်ရာတွင် လွယ်ကူလျင်မြန်မှုရှိမရှိကိုလေ့လာ ဆန်းစစ်မှုများပြုလုပ်လာကြပါသည်။ ယင်းသို့လေ့လာရာတွင် ကမ္ဘာ့ဘဏ်မှ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ၏ စီးပွားရေးလုပ်ငန်းများအတွက် လွယ်ကူ လျင်မြန်အောင် ဆောင်ရွက်ပေးနိုင်မှု အတိုင်းအတာကို နှစ်စဉ်လေ့လာဆန်းစစ်ပြီး ထုတ်ပြန်ကြေညာလေ့ရှိပါသည်။ ယင်းကို Ease of Doing Business ဟုခေါ်ပါသည်။ Ease of Doing Business ကို ရှေးဦးစွာရှင်းပြချင်ပါသည်။ တိုက်ရိုက်ဘာသာပြန်ရလျှင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်းအတွက် လွယ်ကူမှုဟု ပြန်ဆိုရမည်ဖြစ်ပါသည်။ မည်သည့်စီးပွားရေးမဆို အစိုးရဌာနများနှင့် ဆက်ဆံလုပ်ကိုင်နေရသည်သာဖြစ်ပါသည်။ ထိုသို့အစိုးရဌာနများနှင့် လုပ်ကိုင်ရသည့် လုပ်ငန်းရှင်များကို မေးလျှင် လုပ်ငန်းများ ကြန့်ကြာသည်၊ ကုန်ကျစရိတ်များသည်၊ ရစ်သည် စသဖြင့်ပြောကြသည်များကို ကြုံဖူးကြပါလိမ့်မည်။ မြန်မာနိုင်ငံတွင် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တော်လှန်ရေးကောင်စီတက်လာချိန် ၁၉၆၂ ခုနှစ်မှ စတင်ခဲ့သည်ဟု ပြောနိုင်ပါသည်။ ထိုအချိန်က ခေတ်ရေစီးဖြစ်သော ဆိုရှယ်လစ်စနစ်သည် အလယ်အလတ်ဝါဒတစ်ရပ်အဖြစ် နိုင်ငံအတော်များများတွင် ခေတ်စားပြီး နိုင်ငံတော်၏စီးပွားရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ စားဝတ်နေရေးကို နိုင်ငံတော်က တာဝန်ယူသည့် စနစ်တစ်ရပ်ဖြစ်ပါသည်။ သို့ဖြစ်၍ ဆိုရှယ်လစ်စီးပွားရေးစနစ်တွင် အသေးစား စီးပွားရေးလုပ်ငန်းများကိုသာ ပုဂ္ဂလိကပိုင်အဖြစ်ရှိစေပြီး အကြီးစား စက်မှုလက်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ ပြည်ပတင်ပို့ခြင်းလုပ်ငန်းများကို နိုင်ငံတော်မှသာပိုင်ဆိုင်ပြီး ပြည်သူတို့၏ စားဝတ်နေရေးအတွက် လိုအပ်ချက်များကို သက်သာသောနှုန်းထားများဖြင့် ရောင်းချနိုင်စေရန် အစိုးရက ဆောင်ရွက်ပေးခဲ့ပါသည်။ သို့ရာတွင် လူတစ်ဦးချင်းသော်လည်းကောင်း၊ လူတစ်စုဖြင့်သော်လည်းကောင်း ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများကို အသေးစားလုပ်ငန်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများအဖြစ်သာ လက်လီရောင်းဝယ်သည့်အဆင့်၊ အိမ်တွင်းထုတ်လုပ်မှုအဆင့်ဖြင့်သာရှိစေပြီး တော်လှန်ရေးကောင်စီအစိုးရ တက်လာသည့်အခါ ကုမ္ပဏီများကို ပြည်သူပိုင်သိမ်းကာလုပ်ငန်းအလတ်နှင့် လုပ်ငန်းကြီးများအားလုံးကို ပြည်သူပိုင်လုပ်ငန်းများအဖြစ်သာရှိစေခဲ့ပါသည်။ ယင်းစနစ်သည် ၁၉၈၈ ခုနှစ်တွင် ပြိုပျက်ခဲ့ပြီး တပ်မတော်အစိုးရက အုပ်ချုပ်ခဲ့ပါသည်။ တပ်မတော်အစိုးရအနေဖြင့် ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြင့် ဆက်လက်မသွားဘဲ ဈေးကွက်စီးပွားရေးစနစ်ဖြင့်သွားမည်ဟု စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါသည်။ သို့ရာတွင် နိုင်ငံတကာမှ စီးပွားရေးပိတ်ဆို့မှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ အကူအညီမပေးမှုများနှင့် ရင်ဆိုင်ခဲ့ရသဖြင့် နယ်စပ်ကုန်သွယ်မှုနှင့် တစ်ဆင့်ခံ ကုန်သွယ်မှုများကို အားထားကာ ဈေးကွက်စီးပွားရေးစနစ်ကို ကောင်းစွာအကောင်အထည် မဖော်နိုင်ခဲ့ပါ။ တပ်မတော်အစိုးရအနေဖြင့် ၂၀၀၈ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြီး ၂၀၁၀ ပြည့်နှစ်တွင် ရွေးကောက်တင်မြှောက်ပွဲကျင်းပကာ ဒီမိုကရေစီနည်းဖြင့် အုပ်ချုပ်မည့် အစိုးရတစ်ရပ်ကို တင်မြှောက်ပေးခဲ့ပါသည်။ တစ်ဆက်တည်းမှာပင် ဈေးကွက်စီးပွားရေးစနစ် ကောင်းမွန်စွာ တည်ဆောက်နိုင်စေရန်အတွက် ဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ခြင်း၊ အစိုးရဝန်ကြီးဌာနများအတွင်း ပြုပြင်ပြောင်းလဲမှုများကို ဆက်တိုက်ဆောင်ရွက်ခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် ဥပဒေပြဋ္ဌာန်းခြင်းများကို ပြုလုပ်ခဲ့ပါသည်။ ပြုပြင်ပြောင်းလဲမှု




များဆောင်ရွက်ရာတွင် အစိုးရပိုင်လုပ်ငန်းများကိုလျှော့ချကာ ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းများ ထွန်းကားလာစေရန်အားပေးခဲ့ပြီး အစိုးရဌာနများနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် ကြိုးနီစနစ်များကိုလည်း လျှော့ချခဲ့ပါသည်။ တစ်ဖက်မှလည်းနိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သော ကမ္ဘာ့ဘဏ်အုပ်စု World Bank Group (International Finance Corporation-IFC) ၏ နည်းပညာအကူအညီ ၊ The Department for International Development -DFID (UK)၊ Department of Foreign Affairs and Trade -DFAT (Australia) တို့၏ အထောက်အပံ့ဖြင့် ကမ္ဘာ့ဘဏ်မှ နိုင်ငံများကို နှစ်စဉ်လေ့လာသည့် စစ်တမ်းကို ဆောင်ရွက်နိုင်ရန် ၂၀၁၃ ခုနှစ်တွင် လမ်းဖွင့်ပေးခဲ့ပါသည်။ အဆိုပါအဖွဲ့၏တိုင်းတာသည့် စံနှုန်းများဖြင့် တိုင်းတာချက်အရ မြန်မာနိုင်ငံ၏အဆင့်မှာ ထိုစဉ်က နိုင်ငံပေါင်း ၁၈၉ နိုင်ငံအနက် အဆင့် ၁၈၂ အဖြစ် အောက်ဆုံးနီးနီးတွင်ရှိကြောင်း ထုတ်ပြန်ခဲ့ပါသည်။ ဤနေရာတွင် World Bank Group တိုင်းတာသည့် အညွှန်းကိန်း Indicator၊ အဆင့်သတ်မှတ်ပုံ၊ အမှတ်ပေးပုံ၊ မည်သည့်နေရာတွင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးလုပ်ကိုင်လွယ်ကူမှု အခြေအနေကို စစ်တမ်းကောက်ပုံ၊ မေးမြန်းသည့်နည်းလမ်းများ စသဖြင့် ဆောင်ရွက်ပုံအဆင့်ဆင့်ကို ရှင်းပြရန်လိုအပ်လာပါသည်။ ထို့ကြောင့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ၏ အခြေအနေကို ဖော်ပြလိုပါသည်။

### မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ကိုင်ခြင်းအတွက် လွယ်ကူမှုအဆင့်

မြန်မာနိုင်ငံသည် အထက်တွင်ဖော်ပြသကဲ့သို့ World Bank Group ( International Finance Corporation) ၏ အကူအညီဖြင့် နိုင်ငံအတွင်းစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လွယ်ကူမှု အခြေအနေ တိုင်းတာသည့် စံနှုန်းနယ်ပယ်နှင့် အဆင့်အခြေအနေများကို ၂၀၁၄ ခုနှစ်တွင် တိုင်းတာပါသည်။ ၂၀၁၄ ခုနှစ် အခြေအနေကို ယင်းနှစ်မတိုင်မီ ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ပါသည်။၂၀၁၄ ခုနှစ်၏ အဆင့်မှာ ၁၈၂ ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ တိုင်းတာသည့် အညွှန်းကိန်းကို နယ်ပယ် ၁၀ မျိုးဖြင့် တိုင်းတာကြောင်း သိရပါသည်။ အမှတ်ပေးစနစ်ဖြင့် တိုင်းတာပါသည်။၂၀၁၇ ခုနှစ်တွင် အဆင့်မှာ ၁၇၀ ဖြစ်ပြီး ယင်းအဆင့်ကို ၂၀၁၆ ဩဂုတ်လတွင် ကြေညာခဲ့ခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ နှစ်တစ်နှစ်၏ အခြေအနေကို ပြက္ခဒိန်နှစ်အစ မတိုင်မီ လေးလခန့်ကြိုတင်ကြေညာခြင်း ဖြစ်ပါသည်။၂၀၁၇ ခုနှစ်၏ အဆင့်မှာ ၁၇၀ ဖြစ်သဖြင့် ၂၀၁၄ ထက် ၁၂ ဆင့်တက်လာသည့် အခြေအနေ ဖြစ်ပါသည်။သို့သော် ၂၀၁၈ခုနှစ်တွင် အဆင့် ၁၇၁ ဖြစ်ပြီး တစ်ဆင့်ပြန်လည်ကျဆင်းခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ၂၀၁၈ ခုနှစ် အခြေအနေကိုဖော်ပြရာတွင် ဒေသကို အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင်းနိုင်ငံအဖြစ်ထည့်သွင်းပြီး နိုင်ငံချင်း နှိုင်းယှဉ်သည့် ဝင်ငွေအဆင့်ကို အလယ်အလတ်အဆင့်

**မျိုးသူ (ကုန်သွယ်မြှင့်)**

အောက်ပိုင်းအဖြစ် ဖော်ပြပါသည်။ လူဦးရေကို ၅၂၈၈၅၂၂၃ ဦး ဟုဖော်ပြထားပါသည်။ လူတစ်ဦး၏ဝင်ငွေ (GNI) ကို ၁၃၁၅ အမေရိကန်ဒေါ်လာဖြင့် ဖော်ပြထားပါသည်။ ရွေးချယ်ဆောင်ရွက်သည့် မြို့မှာ ရန်ကုန်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

### အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေးလုပ်ကိုင်ရန် လွယ်ကူမှု အဆင့်အခြေအနေ

အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် လာအိုနိုင်ငံတို့ကိုကြည့်လျှင် ဘင်္ဂလားဒေ့ရှ်ကအဆင့် ၁၇၇၊ တရုတ်နိုင်ငံက အဆင့် ၇၈၊ အိန္ဒိယနိုင်ငံကအဆင့် ၁၀၀၊ လာအိုနိုင်ငံက အဆင့် ၁၄၁၊ ထိုင်းနိုင်ငံကအဆင့် ၂၆ ဟုသတ်မှတ်ထားပါသည်။

အိမ်နီးချင်းငါးနိုင်ငံတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တစ်နိုင်ငံသာ မိမိတို့အောက်တွင်ရှိပြီး အခြားလေးနိုင်ငံမှာ မိမိတို့အထက်တွင်ရှိသည်ကိုတွေ့ရပါသည်။ အာဆီယံအဖွဲ့ဝင်ဖြစ်သော ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့ကိုကြည့်လျှင် မိမိတို့နိုင်ငံထက် စီးပွားရေးလုပ်ငန်းရှင်များသည် စီးပွားရေးလုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ကြောင်း တွေ့နိုင်ပါသည်။

### အာဆီယံနိုင်ငံများ၏ စီးပွားရေး လုပ်ကိုင်လွယ်ကူမှုအဆင့် အခြေအနေ

လက်ရှိ ၂၀၁၈ ခုနှစ်အတွက် အာရှအရှေ့ပိုင်းနှင့် ပစိဖိတ်ဒေသအတွင်းအတူပါဝင်သည့် အာဆီယံနိုင်ငံများ၏ စီးပွားရေးလုပ်ကိုင်လွယ်ကူမှုအဆင့်ကို လေ့လာကြည့်လျှင် စင်္ကာပူနိုင်ငံသည် အဆင့် ၂၊ မလေးရှားနိုင်ငံသည် အဆင့်၂၄၊ ထိုင်းနိုင်ငံသည် အဆင့် ၂၆၊ ဘရူနိုင်းနိုင်ငံသည် အဆင့် ၅၆၊ ဗီယက်နမ်နိုင်ငံသည် အဆင့် ၆၈၊ အင်ဒိုနီးရှားနိုင်ငံသည် အဆင့် ၇၂၊ ဖိလစ်ပိုင်နိုင်ငံသည် အဆင့် ၁၁၃၊ ကမ္ဘောဒီးယားနိုင်ငံသည် အဆင့် ၁၃၅၊ လာအိုနိုင်ငံသည် အဆင့် ၁၄၁၊ မြန်မာနိုင်ငံသည် အဆင့် ၁၇၁ နှင့် တီမောလက်စ်လေနိုင်ငံသည် အဆင့် ၁၇၈ တို့ဖြစ်ပါသည်။

အာဆီယံ ၁၁ နိုင်ငံတွင် တီမောလ်လက်စ်လေနိုင်ငံသာ မြန်မာနိုင်ငံထက် စီးပွားရေးလုပ်ကိုင်လွယ်ကူမှုအဆင့် အောက်တွင်ရှိပါသည်။ ဆိုလိုသည်မှာ အာဆီယံနိုင်ငံများတွင် မြန်မာနိုင်ငံထက် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် ခက်ခဲသော နိုင်ငံမှာ တီမောလ်လက်စ်လေနိုင်ငံတစ်နိုင်ငံသာရှိသည့်အခြေအနေ ဖြစ်ပါသည်။

### အညွှန်းကိန်းသတ်မှတ်သည့် နယ်ပယ် Indicator များ

ကမ္ဘာ့ဘဏ်က နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်မှုရှိမရှိကို တိုင်းတာသည့် ညွှန်းကိန်းဟုခေါ်သည့် indicator များကို သိရှိရန်လိုအပ်ပါသည်။ ထိုသို့သိရှိမှသာ အစိုးရဌာနများအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် လုပ်ငန်းများလုပ်ကိုင်ရာတွင် မည်သို့လွယ်ကူလျင်မြန်အောင်ဆောင်ရွက်ပေးကြောင်း တိုင်းတာသည်ကို သိရှိနိုင်မည်ဖြစ်ပါသည်။ အဓိကအားဖြင့် အစိုးရဌာနများက အသေးစားလုပ်ငန်းရှင်များအတွက် မည်သို့အချိန်ကုန်သက်သာအောင် ဆောင်ရွက်ပေးသည်၊ မည်သို့ ကုန်ကျစရိတ် (တရားဝင်ကုန်ကျစရိတ်ကို ဆိုလိုပါသည်) သက်သာအောင် ဆောင်ရွက်ပေးသည်နှင့် လုပ်ငန်းကိစ္စတစ်ခုအတွက် အစိုးရဌာနတစ်ခုသို့လာရသည့်အကြိမ်မည်မျှရှိသည်၊ ဖြတ်သန်းရသည့် အဆင့် မည်မျှရှိသည်ကို တိုင်းတာခြင်းပင်ဖြစ်ပါသည်။ မြင်သာအောင်ပြောရလျှင် လုပ်ငန်းတစ်ခုအတွက် Time, cost and steps များကိုဆန်းစစ်ခြင်းဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

## ခတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ်ဒီဇယ်အဝင်လျော့ပြီး ခတ်ဆီအဝင်ပို

နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၁၅၀၉၉၈၄၉ တန်ဖိုးရှိ ဒီဇယ် ၅၂၁၈၇ ဒသမ ၁၄ တန်နဲ့ အမေရိကန်ဒေါ်လာ၂၆၄၆၈၃၀၀ တန်ဖိုးရှိခတ်ဆီ ၂၈၉၄၈ ဒသမ ၄၃ တန်၊ စုစုပေါင်း ၈၁၁၃၅ ဒသမ ၅၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92) နဲ့ အောက်တိန်း (95) တို့ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၇၈၃၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၄၉၄၁၀ ကျော်အဝင်လျော့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ခတ်ဆီတန်ချိန် ၂၄၅၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ခတ်ဆီတန်ချိန် ၂၇၅၉၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်အဝင်လျော့ပြီး ခတ်ဆီအဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်သီတင်းပတ်အတွင်း နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၄၇၆၆၂ တန်ဖိုးရှိ ဒီဇယ်၄၆၉ ဒသမ ၈၆ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၅၅၂၀၈ တန်ဖိုးရှိ ခတ်ဆီ ၂၉၉ ဒသမ၄၃ တန်ကို လည်းကောင်း၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ၁ ဒသမ ၃၈၃၈ တန်ဖိုးရှိအဆင့်မြင့်ဒီဇယ် ၂၈၁ တန်ကို လည်းကောင်း၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ၂၃၉၆၁၁၀ တန်ဖိုးရှိ ဒီဇယ်၄၇၆၇ ဒသမ ၈၆ တန်ကိုလည်းကောင်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ခတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်က ဈေးငြိမ်နေသော်လည်း အောက်တိန်း (92)နဲ့(95) မှာ ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၇၈၀၊ အောက်တိန်း (92) ၇၈၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၈၂၅ ကျပ်၊ အဆင့်မြင့် ဒီဇယ် ကျပ် ၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်း အဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဒီဇင်ဘာလ၄ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ်၁၆၂၀၀၀၊ ရောင်းဈေး ကျပ် ၁၆၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာ ၈ရက်နေ့တွင် ဝယ်ဈေး ၊ရောင်းဈေး ကျပ် ၂၀၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဒီဇင်ဘာလ ၄ ရက်မှာ ခတ်ဆီ ဝယ်ဈေး ကျပ် ၁၇၂၀၀၀၊ ရောင်းဈေး ကျပ်၁၇၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာ ၈ ရက်တွင် ဝယ်ဈေး ၊ ရောင်းဈေး ကျပ် ၅၀၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီဇယ်ဈေးနည်းနည်းကျခဲ့ပေမယ့် ခတ်ဆီဈေးအနည်းငယ်မြင့်ခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ခတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊အောက်တိန်း(95) ဈေးငြိမ်နေပြီး ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ၉၃၅ ကျပ်၊ ဒီဇယ်တစ်လီတာ ၈၂၅ ကျပ်၊အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၈၅၀ ၊ အောက်တိန်း(92)တစ်လီတာ ကျပ် ၈၆၀ ၊ ခတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဒီဇင်ဘာလ ၄ ရက်တွင်ဒီဇယ်ဝယ်ဈေးကျပ် ၁၆၉၀၀၀၊ ရောင်းဈေး ကျပ် ၁၇၀၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာလ ၈ ရက်တွင် ဝယ်ဈေး ကျပ် ၄၀၀၀၊ ရောင်းဈေး ကျပ် ၃၀၀၀ ဈေးကျ အရောင်း အဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ ဒီဇင်ဘာလ ၄ရက်တွင် ဝယ်ဈေး ကျပ် ၁၆၈၀၀၀၊ ရောင်းဈေးကျပ် ၁၇၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာလ ၈ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၅၀၀၀၊ ရောင်းဈေး ကျပ် ၁၆၈၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီဇယ်ရောခတ်ဆီပါဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ တစ်လီတာ ဈေးများမှာ ခတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၈၄၅ ကျပ်၊ အောက်တိန်း(92) ကျပ် ၈၃၀၊ အောက်တိန်း (95) ကျပ် ၈၇၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ်၃၇၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

### ကမ္ဘာ့ရွှေဈေးများ ဆက်တိုက်ကျဆင်းလာမှုကြောင့် ပြည်တွင်းရွှေဈေးများ ဆက်လက်ကျဆင်း

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင်လည်းဆက်လက်ကျဆင်းခဲ့သည်။ ကမ္ဘာ့ရွှေဈေးများ ဆက်တိုက်ကျဆင်းလာမှုကြောင့် ပြည်တွင်းရွှေဈေးများ ဆက်လက်ကျဆင်းရခြင်းဖြစ်ကြောင်း ရွှေကုန်သည်တစ်ဦးက သုံးသပ်ခဲ့သည်။

ပြည်တွင်းရွှေဈေးများ ဆက်တိုက်ကျဆင်းလာမှုကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ အေးလာကြောင်း၊ အတက်ဈေးဖြင့် ဝယ်ယူထားသူများအနေဖြင့် ဈေးကျဆင်းလာမှုကြောင့် အရှုံးခံကာ ပြန်လည်ရောင်းချသူများရှိသကဲ့သို့ ဈေးပြန်တက်ချိန်ကို စောင့်ဆိုင်းနေသူများလည်းရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

"ဈေးကွက်ထဲမှာ ပြည်တွင်းရွှေဈေးက ကျလာတယ်။ ကမ္ဘာ့ရွှေဈေး ကျဆင်းလာလို့ ပြည်တွင်းရွှေဈေးလည်း ကျဆင်းလာရတာပါ။ ပြည်တွင်းဈေးတွေကျဆင်းလာတဲ့အတွက် ဈေးပြန်တက်မယ်ထင်ပြီး အမြင့်ဈေးနဲ့ဝယ်ထားသူတွေ အခက်တွေ့နေကြတယ်။ ပြန်ထုတ်ရောင်းတဲ့သူတွေ ရှိသလို မရောင်းဘဲ ဈေးအတက်ကို စောင့်နေကြတဲ့သူတွေလည်းရှိပါတယ်။ ဈေးပြန်တက် မတက်ဆိုတာကတော့ ကမ္ဘာ့ဈေးကိုပဲ စောင့်ကြည့်ရမှာပဲ။ အမေရိကန်ရဲ့ ကမ္ဘာ့ဈေးကွက်ကို ကြိုးကိုင်ခြယ်လှယ်မှုတွေကြောင့် ဒီရွှေဈေးအတက်အကျတွေ ဖြစ်နေတာပါ"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဒီဇင်ဘာ ၄ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၃၀၀၀၀ရှိခဲ့ပြီး ဒီဇင်ဘာ ၆ ရက်တွင် ကျပ် ၉၂၆၀၀၀ ရှိခဲ့သည်။ ဒီဇင်ဘာ ၈ ရက်တွင် ကျပ် ၉၂၀၀၀၀ သို့ ဆက်လက်ကျဆင်းခဲ့သည်။ ဒီဇင်ဘာ ၉ ရက်တွင် ကျပ် ၉၁၄၅၀၀ သို့ ဆက်လက်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် ဒီဇင်ဘာ ၄ ရက်က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၇၅ ရှိခဲ့ပြီး ဒီဇင်ဘာ ၆ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၆၅ ရှိခဲ့သည်။ ဒီဇင်ဘာ ၈ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၄၉သို့ ဆက်လက်ကျဆင်းခဲ့ပြီး ဒီဇင်ဘာ ၉ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၄၈ သို့ ထပ်မံကျဆင်းခဲ့သည်။

**မယ်သီတာ**

### ပြည်တွင်းငွေလဲနှုန်းများ ဆက်လက်မြင့်တက်

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက အနည်းငယ်မြင့်တက်ခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်အတွင်း ဆက်လက်မြင့်တက်ခဲ့ကာ အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၅၉ကျပ်သို့ ရောက်ရှိခဲ့သည်။

ဈေးကွက်အတွင်း အရောင်းအဝယ်များ ပြန်လည်သွက်လာသဖြင့် ဈေးပြန်လည်မြင့်တက်လာရခြင်းဖြစ်ကြောင်း၊ ပွင့်လင်းရာသီသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သဖြင့် ဈေးကွက်အတွင်း ပို့ကုန်သွင်းကုန်သမားများ ပြန်လည်လှုပ်ရှားလာခဲ့ကြောင်း၊ စက်သုံးဆီတင်သွင်းသူများကလည်း ဒေါ်လာများကို ပြန်လည်ဝယ်ယူလာသဖြင့် ယခုကဲ့သို့ ဈေးကွက်အတွင်း အရောင်းအဝယ်သွက်လာရခြင်းဖြစ်ကြောင်းဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးကဆိုသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၎င်း၏ ရည်ညွှန်းငွေလဲနှုန်းများကို ထုတ် ပြန်ရာတွင် ဒီဇင်ဘာ ၄ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၆၄ကျပ်သတ်မှတ်ခဲ့ပြီး တစ်ပတ်လုံး ယင်းဈေးအတိုင်း မပြောင်းလဲဘဲသတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၎င်း၏ရည်ညွှန်းငွေလဲနှုန်းများကို ထုတ်ပြန်ရာတွင် နိုဝင်ဘာ ၂၇ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၆၆ကျပ်ဖြစ်သော်လည်း ဒီဇင်ဘာလ ရက်တွင် ၁၃၆၄ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် ဒီဇင်ဘာ ၄ ရက်က ရောင်းဈေး ၁၃၆၅ ကျပ်၊ ဝယ်ဈေး ၁၃၅၄ကျပ်ရှိခဲ့ပြီး ဒီဇင်ဘာ ၆ ရက်တွင် ရောင်းဈေး ၁၃၅၈ ကျပ်၊ ဝယ်ဈေး ၁၃၅၆ ကျပ်သို့မြင့်တက်ခဲ့သည်။ ဒီဇင်ဘာ ၉ ရက်တွင် ရောင်းဈေး ၁၃၅၉ ကျပ်၊ ဝယ်ဈေး ၁၃၅၇ ကျပ်သို့ ဆက်လက်မြင့်တက်ခဲ့သည်။ **မယ်သီတာ**

## Currency Exchange Rate

December 8, 2017

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.33 |
| BDT | Bangladesh Taka | 82.94 |
| CAD | Canada Dollars | 1.29 |
| CNY | China Yuan Renminbi | 6.62 |
| EUR | Euro | 0.85 |
| H KD | Hong Kong Dollars | 7.81 |
| I NR | India Rupees | 64.46 |
| I DR | Indonesia Rupiahs | 13554.14 |
| JPY | Japan Yen | 113.43 |
| MYR | Malaysia | 4.08 |
| PKR | Pakistan Rupees | 105.42 |
| PHP | Philippines Pesos | 50.53 |
| RUB | Russia Rubles | 59.29 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1092.70 |
| LKR | Sri Lanka Rupe | 153.28 |
| THB | Thailand Baht | 32.64 |
| GBP | United Kingdom Pounds | 0.74 |
| VND | VietnamDon | 22708.03 |

*Source:xe.com*

## World Gold Price

December-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 4 | 1278 | 1276 | 1276 |
| 5 | 1276 | 1276 | 1276 |
| 6 | 1269 | 1267 | 1267 |
| 7 | 1266 | 1264 | 1264 |
| 8 | 1249 | 1250 | 1251 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 4-12- 2017 | 928.50 | 928.20 |
| 5-12-2017 | 929.50 | 929.00 |
| 6-12- 2017 | 927.50 | 927.00 |
| 7-12-2017 | 925.00 | 924.00 |
| 8-12- 2017 | 917.00 | 915.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဒီဇင်ဘာလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 4 | 6.62 | 32.65 | 82.28 | 64.39 |
| 5 | 6.61 | 32.58 | 82.11 | 64.29 |
| 6 | 6.61 | 32.65 | 82.42 | 64.55 |
| 7 | 6.62 | 32.62 | 82.93 | 64.52 |
| 8 | 6.62 | 32.64 | 82.64 | 64.46 |

### TMH ကုမ္ပဏီက ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ရန်အတွက် သတင်းစာရှင်းလင်းပွဲကျင်းပမည်

ရန်ကုန် စတော့အိတ်ချိန်းတွင် ရောင်းဝယ်ရန်အတွက် TMH Telecom Public Co., Ltd.က ၎င်း၏ Initial Public Offering(IPO) အစုရှယ်ယာများအား ရောင်းဝယ်ကမ်းလှမ်းခြင်းဆိုင်ရာမိတ်ဆက်ပွဲကို ဒီဇင်ဘာလ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမိတ်ဆက်ပွဲကို ရန်ကုန်စတော့အိတ်ချိန်းရုံးတည်ရှိရာ အမှတ် ၂၄-၂၆ ဆူးလေဘုရားလမ်းတွင် ကျင်းပမည်ဖြစ်ပြီး သိရှိလိုသည်များကို မေးမြန်းလိုပါက ဒီဇင်ဘာလ ၁၁ ရက်နေ့လယ် ၁၂နာရီ မတိုင်မီ hsuwaillin @gmail.com သို့ မေးခွန်းများပေးပို့၍ မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 4-December | 16.34 | 3257.07 | 2049.50 | 6826.23 | 934.00 |
| 5-December | 16.31 | 3212.11 | 2050.82 | 6775.54 | 925.00 |
| 6-December | 15.94 | 3117.34 | 1994.62 | 6511.06 | 988.00 |
| 7-December | 15.92 | 3143.79 | 2002.11 | 6548.08 | 899.00 |
| 8-December | 15.74 | 3128.14 | 2008.51 | 6567.92 | 894.00 |

## Energy NYMEX 8-12-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 56.66 | -0.03 | -0.05 |
| Brent Crude Futr (USD/bbl) | 62.20 | 0.00 | 0.00 |
| Gasoline Rbob Fut (Cent/gal) | 169.81 | -0.19 | -0.11 |
| Natural Gas Futr (USD/MMBtu) | 2.79 | 0.02 | 0.80 |
| Heating Oil Futr (Cent/gal) | 189.74 | 0.04 | 0.02 |

## ဘိလပ်မြေ

# ဒီတစ်ပတ် ဘိလပ်မြေအဝင်လျော့

နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၄၃၃၀ တန်ဖိုးရှိ ထိုင်းနိုင်ငံမှ ဘိလပ်မြေ ၁၇၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၂၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဘိလပ်မြေ ၂၅ တန်ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။လချုပ်အနေနဲ့ကြည့်မယ်ဆိုရင် အောက်တိုဘာလအတွင်း ဘိလပ်မြေ တင်သွင်းမှုမှာ တန်ချိန် ၁၅၀၀ ကျော်ရှိခဲ့ပြီး နိုဝင်ဘာလအတွင်း ဘိလပ်မြေ တင်သွင်းမှု မှာ တန်ချိန် ၂၂၂၀၀ကျော်ရှိတာကြောင့် နိုဝင်ဘာလမှာ ဘိလပ်မြေ တန်ချိန်၂၀၀၀၀ ကျော်ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နိုဝင်ဘာလ၂၅ရက်မှဒီဇင်ဘာ ၁ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာတန်ချိန် ၅၉၀၀ ကျော်ရှိပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၆၆၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန်၆၉၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ် ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာ ရာသီဥတုသာယာတာကြောင့် အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဘိလပ်မြေဈေးကဈေးကွက်ထဲမှာအေးနေတယ်။ အတက်အကျ ကျပ် ၅၀လောက်ပဲဈေးကစားပြီးအရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၉၅၀၊ ဆင်(ထိုင်း) ကျပ် ၅၅၅၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၈၅၀၊ စိန်(ထိုင်း) ၅၂၂၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဈေးကွက်ထဲ ဆင်မြန်မာ၊ ထိုင်း(ဆင်)နဲ့ စိန်(ထိုင်း)က ပစ္စည်းပြတ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ခရောင်းဘိလပ်မြေက ကျပ် ၁၀၀၊ ဈေးကျပြီး ကြံ့နှစ်ကောင်ဘိလပ်မြေက ကျပ်၂၀၀ဈေးမြင့်ကာ ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာခရောင်းဘိလပ်မြေ ကျပ် ၅၁၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၀၀၀၊အယ်လ်ဖာ ကျပ် ၄၈၀၀၊ဆင်မင်း(ကျောက်ဆည်)ကျပ်၃၉၀၀၊ ခရောင်း ကျပ် ၅၂၀၀၊ ကျားခေါင်း ကျပ် ၄၂၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ ရာသီဥတုသာယာတာကြောင့် အရောင်းအဝယ်သွက်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ဆင်(ထိုင်း)က ကျပ် ၃၀၀ ဈေးမြင့်ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၇၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀၊ စိန်(ထိုင်း) ကျပ် ၆၁၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပွင့်လင်းရာသီကြောင့် အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ ပြည်တွင်းဘိလပ်မြေက အရောင်းအဝယ်လိုက်တယ်။ အမှာလည်းများတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာဆင်(ထိုင်း) ကျပ် ၅၈၀၀၊ စိန်(ထိုင်း) ကျပ် ၅၇၀၀၊ ကြံ့နှစ်ကောင် (နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ခတ်မြေပြဲ

# ရေလမ်းမှ မြေပြဲဇာတန်ချိန် ၈၀၀၀ ကျော်ဝင်

နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၆၆၃၃၁၇တန်ဖိုးရှိ မြေပြဲဇာ ၈၆၃၄ ဒသမ ၇၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဂျာမနီနိုင်ငံမှတန်ချိန် ၂၀၀၀၊ အီရန်နိုင်ငံမှ ၁၀၀၃ ဒသမ ၄၅ တန်၊ ကိုရီးယားနိုင်ငံမှ ၄၇၆ ဒသမ ၄၀ တန်၊ နော်ဝေနိုင်ငံမှ ၉၈ ဒသမ ၅၄ တန်၊ ပါကစ္စတန်နိုင်ငံမှ ၁၀၅၀ တန်၊ ရုရှားနိုင်ငံမှ ၃၄၉၀ ဒသမ ၆၀ တန်နဲ့ ထိုင်းနိုင်ငံမှ ၅၁၅ဒသမ ၇၂တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ဒီတစ်ပတ်မှာကွန်ပေါင်း ၁၅း၁၅း၁၅၊ ယူရီးယား၊ နိုက်တြိုဂျင်၊ အာမိုဝ၆း၁၆း၈၊ ကွန်ပေါင်း ၁၆း၁၆း၂၀၊ ကွန်ပေါင်း ၂၁း၇း၁၈ နဲ့ ဖလော်ရာ မြေပြဲဇာတို့တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေပြဲဇာတန်ချိန်၂၃၀၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၄၄၂၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

# မြေပြဲဇာဈေးကွက် အရောင်းပုံမှန်ရှိ

နိုဝင်ဘာ၂၆ ရက်မှ ဒီဇင်ဘာ၂ရက်အထိသီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ မြေပြဲဇာအဝင်မှာတန်ချိန် ၈၆၃၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာတန်ချိန် ၂၃၀၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၄၄၀၀ ကျော်အဝင်လျော့ခဲ့ပါတယ်။ နိုဝင်ဘာ ၂၅ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ နယ်စပ်လမ်းမှ မြေပြဲဇာအဝင်မှာ တန်ချိန် ၉၉၈၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန်၁၄၁၉၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်၄၂၀၀ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ဒါကြောင့်ဒီတစ်ပတ်မှာရေကြောင်းလမ်းရောနယ်စပ်လမ်းမှပါ မြေပြဲဇာအဝင်လျော့ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့မော်လမြိုင်နဲ့မကွေးမှာအရောင်းသွက်ပြီး တောင်ကြီးနဲ့မန္တလေးမှာ အရောင်းအေးတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဆောင်းသီးနှံအတွက် နယ်ဘက်မှ အဝယ်ရှိတာကြောင့် အရောင်းအဝယ်သွက်ပြီးဈေးငြိမ်တယ်လို့ သိရပါတယ်။ဒီတစ်ပတ် ပုလဲ-အသေး၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်)က ကျပ် ၂၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈က ကျပ် ၅၀၀နဲ့ တီစူပါ၄၆%က ကျပ် ၁၅၀၀ ဈေးမြင့်ခဲ့ပြီး ကျန်မြေပြဲဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်)ကျပ် ၂၄၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၃၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်)ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** ဆောင်းသီးနှံအတွက် အရောင်းအဝယ်ပုံမှန်ရှိပြီး မြေပြဲဇာဈေးက ယခင်တစ်ပတ်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၅၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၅၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၂၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)ကျပ် ၂၄၀၀၀၊ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်)ကျပ်၂၄၀၀၀၊ ဇာမဏီ ကျပ် ၁၇၈၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၃၃၀၀၊ တောင်သူမ ကျပ် ၁၅၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်အေးသလို ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၄၂၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၄၂၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၇၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊တီစူပါ၁၅ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀ ၊ တီစူပါ ၁၀း၁၀း၅(တရုတ်) ကျပ် ၁၆၀၀၀၊ခတ်ဆား(တရုတ်)ကျပ်၁၄၀၀၀၊ပိုတက်(တရုတ်) ကျပ် ၂၃၅၀၀၊ ယူရီးယား(ယူအေအီး)ကျပ် ၂၃၅၀၀ ၊ မြားကမ္ဘာကျပ် ၁၆၀၀၀ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှစုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်အေးတယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှတာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ် တီစူပါက ကျပ်၃၀၀၊ပိုတက်က ကျပ်၁၀၀၀ဈေးကျခဲ့ပြီး ယူရီးယား(ပန်းဖူး)က ကျပ် ၂၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၃၂၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၃၃၀၀၊တီစူပါ၄၆%ကျပ် ၂၁၃၀၀၊ မြားသီးစုံ ကျပ် ၁၄၄၀၀၊ ပန်းသီးစုံ ကျပ် ၁၄၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ်၁၆၀၀၀၊ မြားကမ္ဘာ ကျပ် ၁၄၈၀၀၊ သံကွင်း-ကွန်ပေါင်း(၁၅း၅း၅း) ကျပ် ၁၆၂၀၀ ၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၀၀၀၊ ပိုတက်(အင်ဒို) ကျပ် ၂၃၆၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီတန်ချိန်၃၅၀ကျော်နဲ့ နို့မှုန့် တန်ချိန် ၃၄၀ ကျော်ဝင်

နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ သီတင်းပတ်အတွင်း စင်ကာပူနိုင်ငံမှ အမေရိကန်ဒေါ်လာ ၃၉၅၅၃၆တန်ဖိုးရှိ နို့ဆီ ၃၅၀ ဒသမ ၂၀၈တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မာရီဂိုးနို့ဆီ ၁၃၁ ဒသမ ၃၂၈တန်နဲ့ ဒွန်းနို့ဆီ ၂၁၈ဒသမ၈၈တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၂၈၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နို့ဆီတန်ချိန် ၇၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ ၂၀၈ဒသမ ၆၀ တန်၊ မလေးရှားနိုင်ငံမှ ၇၆ ဒသမ ၃၃၉ တန်၊ အိုင်ယာလန်နိုင်ငံမှတန်ချိန်၅၀နဲ့ဗီယက်နမ်နိုင်ငံမှ ၁၁ ဒသမ၁၇၆ တန် စုစုပေါင်း ၃၄၆ ဒသမ ၁၁၅တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၂၉၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၅၀ကျော်ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၅/၁၁ မှ ၁/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၁၁ မှ ၂၄/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၂.၅၀ | ၆၄.၄၅ | (-) | ၃၁.၉၅ |
| ၂။ | လွယ်ဂျယ် | ၄၁၀.၀၀ | ၅၀၈.၀၀ | (-) | ၉၈.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီ | ၂၈၄၇.၀၀ | ၂၀၀၈.၀၀ | (+) | ၈၃၉.၀၀ |
| ၅။ | တာချီလိတ် | ၁၀၀၀.၀၀ | ၂၀၀၀.၀၀ | (-) | ၁၀၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၁၆၁၄.၇၁ | ၁၉၅၀.၀၀ | (-) | ၃၃၅.၂၉ |
| ၈။ | မြိတ် | - | ၇၀.၀၀ | (-) | ၇၀.၀၀ |
| | စုစုပေါင်း | ၅၉၀၄.၂၁ | ၆၆၀၀.၄၅ | (-) | ၆၉၆.၂၄ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေပြဲဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၅/၁၁ မှ ၁/၁၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၈/၁၁ မှ ၂၄/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၉၇၀.၀၅ | ၈၇၄၉.၆၀ | (-) | ၇၇၉.၅၅ |
| ၂။ | လွယ်ဂျယ် | ၃၇.၀၀ | ၁၃၄.၀၀ | (-) | ၉၇.၀၀ |
| ၃။ | ချင်းရွှေဟော် | ၉၅.၀၀ | ၁၄၄၀.၅၀ | (-) | ၁၃၄၅.၅၀ |
| ၄။ | ကန်ပိုက်တီ | ၂၄၀.၀၀ | ၂၇၀.၀၀ | (-) | ၃၀.၀၀ |
| ၅။ | မြဝတီ | - | ၉၆၉.၅၅ | (-) | ၉၆၉.၅၅ |
| ၆။ | ကော့သောင်း | ၂၁.၈၅ | - | (+) | ၂၁.၈၅ |
| ၇။ | မြိတ် | - | ၁၀၀.၀၀ | (-) | ၁၀၀.၀၀ |
| ၈။ | ရိုဒ် | ၁၆၂၅.၀၀ | ၂၅၃၆.၀၀ | (-) | ၉၁၁.၀၀ |
| | စုစုပေါင်း | ၉၉၈၈.၉၀ | ၁၄၁၉၉.၆၅ | (-) | ၄၂၁၀.၇၅ |

ခင်မိုးသူ

## နှမ်း

# မူဆယ်ရောချင်းရွှေဟော်မှပါ နှမ်းပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၆၆ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၅၇၄၂ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှနှမ်းနက် ၁၅၁ တန်ခွဲ၊ နှမ်းဖြူ (အခွံချွတ်) တန် ၄၀ စုစုပေါင်းတန်ချိန် ၁၉၁ တန်ခွဲ တင်ပို့ခဲ့တာကြောင့် ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၉၄ တန်နဲ့ နှိုင်းယှဉ်ပါက ၉၇ တန်ခွဲ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ၁၄၀၆၉၅၃ ကျပ်၊ နှမ်းနက်တစ်တန်လျှင် ၂၂၄၉၄၉ ကျပ်ဈေးရှိကြောင်း၊ နိုဝင်ဘာလအတွင်း မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့နှမ်းတန်ချိန် တစ်ထောင်ကျော် တင်ပို့ခဲ့ကြောင်း သိရပါတယ်။

အလားတူ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါသီတင်းပတ်အတွင်း နှမ်းနက် ၄၅၉၂ တန်ကျော်၊ နှမ်းညို ၃၀၄ တန်၊ နှမ်းညို (အခွံချွတ်) ၃၄၃ တန်ခွဲ၊ နှမ်းဖြူ ၃၀၂ တန်ကျော်နဲ့ နှမ်းဖြူ (အခွံချွတ်) ၇၂ တန် စုစုပေါင်း တန်ချိန် ၅၅၅၀ ကျော်တင်ပို့ခဲ့လို့ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၂၂၁ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၃၃၂၉ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ ချင်းရွှေဟော်မှ နိုဝင်ဘာလတစ်လလုံး နှမ်းရောင်စုံ တန်ချိန် ၁၅၀၀၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တာ တွေ့ရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်း ယခုတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၄၀၂၀ တန်ဖိုးရှိ နှမ်းနက် ၂၈ တန်ကျော်တင်ပို့ခဲ့ပြီး နိုဝင်ဘာလအတွင်း ထိုင်းနိုင်ငံသို့ နှမ်းနက် ၈၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ပြည်ဈေးကွက်တွင် ဆောင်းနှမ်းအဝင်နည်းသွားသော်လည်း လှောင်နှမ်းများကြောင့် ပုံမှန်အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် ဆောင်းနှမ်းအဝင်ပါးသွားသော်လည်း ယခင်လက်ကျန်လှောင်နှမ်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းနက်ကို အောင်လံဘက်မှ မန္တလေးသို့တင်ပို့ရန် ပြန်လည်ဝယ်ယူလာသဖြင့် ဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။ ဆီစက်လုပ်ငန်းရှင်များက နှမ်းနီဝယ်ယူမှုရှိသဖြင့် ဈေးပြန် မြင့်လာပြီး စမုံနက်နှမ်းမှာ ဝယ်ယူမှုနည်းသဖြင့် ဈေးငြိမ်နေတာ တွေ့ရပါတယ်။ ယခုတစ်ပတ်နှမ်းဈေးများမှာ နှမ်းနီသုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀၊ နှမ်းနက်သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးပြန်မြင့်လာပြီး တစ်နေ့လျှင်အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ စမုံနက်နှမ်း သုံးတင်း တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ ဖြင့် ဈေးငြိမ်နေပြီး တစ်နေ့လျှင် အိတ် ၃၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# ရင်းဂစ်တန်ဖိုးမြင့်တက်လာမှုကြောင့် စားအုန်းဆီဈေးများ ဆက်လက်ကျဆင်း

ရင်းဂစ်နှင့် အမေရိကန်ဒေါ်လာတို့၏ ဖလှယ်နှုန်းများ မြင့်တက်လာမှုကြောင့် စားအုန်းဆီဈေးနှုန်းများလည်း ဆက်လက်ကျဆင်းခဲ့ကြောင်း၊ ယင်းကဲ့သို့ ကျဆင်းမှုသည် လေးလကျော်အတွင်း ဆက်လက်ကျဆင်းခြင်းဖြစ်ကြောင်း၊ စားအုန်းဆီ ကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးက စတားအွန်လိုင်းသတင်းသို့ ပြောကြားခဲ့သည်။



စားအုန်းဆီကို ကုန်သွယ်မှုပြုနေသည့် ရင်းဂစ်ငွေကြေးတန်ဖိုးသည် ဒီဇင်ဘာလ ၅ ရက်က ဆက်လက်မြင့်တက်ခဲ့သည်။ သို့သော် အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင်မူ ရင်းဂစ်တန်ဖိုးသည် သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာလျှင် ၄ ဒသမ ၀၆၆၀ ရင်းဂစ်ရှိခဲ့သည်။

အစောပိုင်းကာလများက စားအုန်းဆီစာချုပ် ချုပ်ဆိုဈေးသည် ၁ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး စားအုန်းဆီ တစ်တန်လျှင် ၂၅၄၄ ရင်းဂစ်ရှိခဲ့ရာ ယင်းဈေးနှုန်းသည် ဇူလိုင် ၂၄ ရက် ကတည်းက ကျဆင်းခဲ့သည့်ဈေးနှုန်းဖြစ်ခဲ့သည်။ စားအုန်းဆီရောင်းဝယ်မှုပမာဏသည် ဒီဇင်ဘာလ ၅ ရက် ညနေပိုင်းအထိ ၂၅တန်ရှိ အတွဲပေါင်း ၄၈၉၃၈ တွဲရှိခဲ့သည်။

"ရင်းဂစ်တန်ဖိုးက ဆက်လက်ခိုင်မာ အားကောင်းနေပါတယ်"ဟု ကွာလာလမ်ပူရှိ စားအုန်းဆီကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

မလေးရှားငွေကြေးဖြစ်သည့် ရင်းဂစ်နှင့် အမေရိကန်ဒေါ်လာတို့၏ ဖလှယ်နှုန်းများသည် နိုဝင်ဘာလ ၁ ရက်က ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယခုနှစ်အတွင်း ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

မလေးရှားနိုင်ငံသည် ကမ္ဘာ့စားအုန်းဆီထုတ်လုပ်သည့်နိုင်ငံများအနက် ဒုတိယအများဆုံး ထုတ်လုပ်သည့်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြီးခဲ့သည့် အောက်တိုဘာလကထုတ်လုပ်မှုသည် ၁၂ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ တန်ချိန် နှစ်သန်းအထိ ရှိခဲ့သည်။

တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် ပဲပုပ်ဆီ စာချုပ်ချုပ်ဆိုဈေးသည် သုည ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းနေချိန်တွင် ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့၏ ဇန်နဝါရီလအတွက် ပဲပုပ်ဆီစာချုပ်ချုပ်ဆိုဈေးသည် သုည ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ထိုအတောအတွင်း တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် စားအုန်းဆီစာချုပ် ချုပ်ဆိုဈေးသည် ၁ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ထို့ပြင် အိန္ဒိယနိုင်ငံတွင် မုန်ညင်းစေ့မှဆီထုတ်လုပ်မှု ကျဆင်းလာသဖြင့် စားအုန်းဆီကို ပြန်လည်သုံးစွဲလာကြသဖြင့် အဝယ်လိုက်လာခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၏ မုန်ညင်းနက်စေ့ဆီနှင့် မုန်ညင်းဝါစေ့ဆီ ထုတ်လုပ်မှုသည် ၂၀၁၇-၁၈ ခုနှစ်အတွင်း အနည်းဆုံး ၁၀ ရာခိုင်နှုန်းကျဆင်းလာခဲ့သည်။

စားအုန်းဆီဈေးနှုန်းသည် တစ်တန်လျှင် ၂၅၅၅ ရင်းဂစ်မှ ၂၅၁၉ ရင်းဂစ်သို့ ဆက်လက်ကျဆင်းနိုင်ဖွယ်ရှိကြောင်း ရိုက်တာသတင်းဌာနမှ ဈေးကွက်ဆန်းစစ်ရေးမှူး ဝမ်တောင်းက ပြောကြားခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းဆီဈေးနှုန်းများ (၈-၁၂-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၀၀၀ | ၄၈၀၀ | ▽ | ၄၇၀၀ | ၄၅၀၀ | ▽ | ၂၀၀၀ | ၁၉၅၀ | ▽ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၄၂၀၀ | △ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၀၀၀ | ၅၂၀၀ | △ | ၄၈၀၀ | ၅၀၀၀ | △ | ၁၉၀၀ | ၁၉၅၀ | △ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၄၀၀ | ၄၄၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| မုံရွာ | ၄၁၀၀ | ၃၈၀၀ | ▽ | ၄၂၀၀ | ၄၀၀၀ | ▽ | ၂၀၀၀ | ၁၇၈၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၈-၁၂-၂၀၁၇ US$/Ton

| အမျိုးအစား | နိုဝင်ဘာစတုတ္ထပတ် | ဒီဇင်ဘာပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၄၄.၀၀ | ၆၃၅.၀၀ | ▽ |
| RBD P.Olein | ၆၅၁.၀၀ | ၆၄၇.၅၀ | ▽ |
| RBD P.Stearin | ၆၆၅.၀၀ | ၆၅၆.၀၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၈-၁၂-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၃၇ ၈၄ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၈၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၉၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၃၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၄.၁၁ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၉.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၉ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၈၃.၇၃၇ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၈-၁၂-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၉၀ ဒေါ်လာနှင့် USD ဈေး ၁၃၆၄ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၈-၁၂-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၄ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစိုင်းဝန်းဆောင်ရွက်ပေး

နိုင်ငံတစ်နိုင်ငံ (သို့မဟုတ်) အိမ်ထောင်စု တစ်စု စီးပွားရေးနိမ့်ကျလျှင် အဘက်ဘက်မှနိမ့်ကျစမြဲဖြစ်ပါသည်။ ယနေ့နိုင်ငံတိုင်းပြိုင်နေသည်မှာ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်ပင်ဖြစ်ပါသည်။ ယနေ့ခေတ်သည် အသိပညာခေတ်ဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံသားတိုင်း၏ အသိပညာရှိမှု၊ တတ်မြောက်ကျွမ်းကျင်မှုနှင့်ပြောင်းလဲကျင့်သုံးနေသည့် သတင်းအချက်အလက်များ စဉ်ဆက်မပြတ်ရယူနိုင်မှုတို့အပေါ်တွင် မူတည်နေပါသည်။

ယခုအခါ မြန်မာနိုင်ငံကို တစ်ကမ္ဘာလုံးက အသိအမှတ်ပြုလာမှုတို့ကြောင့် ကမ္ဘာ့စီးပွားရေးတွင် တစ်နေ့တခြားပေါင်းစည်းလာခြင်း၊ ကမ္ဘာ့စျေးကွက်ပြန်လည်ပွင့်လင်းလာခြင်း၊ အလုပ်အကိုင်နှင့်စီးပွားရေးအခွင့်အလမ်းများရရှိလာခြင်း၊ ကုန်သွယ်မှုတွင် အထူးအခွန်အကောက်သက်သာခွင့်ရရှိလာခြင်း၊ ဒေသဆိုင်ရာဆက်သွယ်ရေးလမ်းကြောင်းများရှိနေသည့်အတွက် ဒေသဆိုင်ရာ စီးပွားရေးဗဟိုအချက်အချာကျဖြစ်လာနိုင်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုအားပေးသည့်အစိုးရရှိလာခြင်း စသည်တို့သည် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းနှင့် အချိန်အခါကောင်းပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကသာ အဓိကလုပ်ဆောင်နေပြီး အများစုမှာလုပ်သားအင်အားကို အဓိကအသုံးပြုသည့်လုပ်ငန်းများဖြစ်၍ အဆိုပါလုပ်ငန်းများ တိုးတက်လာမှ ဆင်းရဲမှုကိုလျှော့ချနိုင်ရုံမျှသာမက ဖွံ့ဖြိုးတိုးတက်မှုကိုပါ ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည့်အားလျော်စွာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအားနည်းနေပြီး ပြည်တွင်းထုတ်ကုန်အများစုမှာ အခြေခံကုန်စည်(မူလထုတ်ကုန်)အတိုင်းသာ ထုတ်လုပ်ရောင်းချနေသောကြောင့်စျေးနှုန်းနိမ့်ကျကာ သိသာသောတိုးတက်မှုမရနိုင်သလို တစ်ဖက်တွင်လည်း တစ်နေ့တခြားတိုးပွားလာသောလုပ်သားဦးရေအတွက် အလုပ်အကိုင်အသစ်များ ဖန်တီးပေးနိုင်မှုများစွာ လိုအပ်နေပြီဖြစ်ပါသည်။ ထို့အတွက် ပြည်တွင်းထုတ်ကုန်များ၏ တန်ဖိုးမြင့်တက်လာစေရေး (Value Creation) နှင့်အလုပ်အကိုင် ဖန်တီး ပေးခြင်း (Job Creation) သိသိသာသာတိုးတက်လာစေရေးကို နိုင်ငံတော်က ဦးစားပေးအခန်းကဏ္ဍအဖြစ်ဆောင်ရွက်လျက်ရှိနေပါသည်။

ပြည်တွင်းထုတ်ကုန်များတန်ဖိုး တိုးတက်လာစေရန် စီးပွားရေးလုပ်ငန်းရှင်များသည် မိမိလုပ်ငန်းနှင့်ဆက်နွယ်နေသော အသိဉာဏ်ပညာဗဟုသုတများ၊ မိမိထုတ်ကုန်နှင့်ပတ်သက်သော သတင်းအချက်အလက်များ၊ မိမိ၏အားသာချက်များ၊ အားနည်းချက်များ၊ စားသုံးသူတို့ကြိုက်နှစ်သက်မှုအခြေအနေနှင့်ပြောင်းလဲမှု၊ စားသုံးသူဝယ်လိုအားကို အဓိကပြဋ္ဌာန်းနေသည့်အချက်များ၊ နိုင်ငံခြားထုတ်ကုန်များနှင့်ပတ်သက်၍ နိုင်ငံတကာအရည်အသွေးစံချိန်စံညွှန်းများ၊ ပြိုင်ဘက်နိုင်ငံများ စသည်တို့ကို အသေးစိတ်သိရှိအောင် ယခင်ကထက် ပိုမိုလေ့လာဆည်းပူးကြရမည်ဖြစ်ပါသည်။ လေ့လာတွေ့ရှိချက်များအပေါ် မူတည်၍မိမိလုပ်ငန်း၊ မိမိထုတ်ကုန် ပိုမိုကောင်းမွန်တိုးတက်လာအောင် အစဉ်အမြဲလုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ အထူးသဖြင့် မိမိထုတ်ကုန်၏ အရည်အသွေးတိုးတက်အောင်ကြိုးစားကြရမည်ဖြစ်ပြီး အရည်အသွေးကောင်းမွန်မှုမှတစ်ဆင့် စားသုံးသူတို့၏ယုံကြည်လက်ခံမှု ရရှိမည်ဖြစ်ပြီး Brand Name တစ်ခုအထိရရှိမှသာ ရေရှည်အောင်မြင်နိုင်မည်ဖြစ်ပါသည်။

**[ငြိမ်းဝေနှင်း(လှိုင်ကော်)]**

ထုတ်လုပ်မှုလုပ်ငန်းအပိုင်းတွင် ထုတ်ကုန်တန်ဖိုးသိသိသာသာ မြှင့်တင်နိုင်ရေးအတွက် အရေးပါဆုံးလုပ်ဆောင်မှုမှာသုတေသနနှင့်ဖွံ့ဖြိုးမှုဖြစ်ပြီး ထိုသို့ဆောင်ရွက်မှသာ တီထွင်မှုများနှင့် ဆန်းသစ်မှုများဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ ထို့အပြင် ဒုတိယအရေးပါဆုံးလုပ်ဆောင်ချက်မှာ ထုတ်ကုန်များ၏ ဒီဇိုင်းအသွင်အပြင်ကို ပိုမို ဆန်းသစ်လှပစေရန် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ ထုတ်ကုန်ဒီဇိုင်းများဆန်းသစ်မှု၊ သေသပ်သည့်ထုပ်ပိုးမှု (Packing) တို့သည် ဝယ်ယူသူများကို ဆွဲဆောင်နိုင်သောကြောင့် နိုင်ငံတကာ၏ ဒီဇိုင်းများ သိရှိအောင် လေ့လာရန် အဆက်မပြတ်သင်ယူခြင်းတို့ကိုပြုလုပ်ပြီး အသုံးချရမည်ဖြစ်ပါသည်။

ထို့အတူ ထုတ်လုပ်ပြီးနောက်ပိုင်း အဆင့်များဖြစ်သည့်မိမိထုတ်ကုန်များစျေးကွက်အရောက်ဖြန့်ဖြူးရာတွင် စျေးကွက်အတွင်းပိုမိုပျံ့နှံ့နိုင်ရေးအတွက် Marketing ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခြင်းနှင့်ရောင်းချပြီး လိုအပ်သောဝန်ဆောင်မှုများပေးခြင်း များပါဝင်သည့် ရောင်းချပေးသည့်ဝန်ဆောင်မှုများ လုပ်ဆောင်ပေးမှသာ မိမိထုတ်ကုန်များ၏တန်ဖိုးသိသာစွာ မြှင့်တင်လာနိုင်မည်ဖြစ်ပါသည်။ ပြည်တွင်းထုတ်ကုန်များထုတ်လုပ်မှုပမာဏကြီးကြီးမားမားကို အရည်အသွေးမီမီ စရိတ်သက်သက်သာသာဖြင့် ထုတ်လုပ်လာနိုင်ပါက ထိုမှတစ်ဆင့်ထုတ်ကုန်များ၏ ယှဉ်ပြိုင်နိုင်စွမ်းအားမြင့်မားလာကာ ပြည်ပစျေးကွက်ကိုဝင်ရောက်လာနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အဓိကလိုအပ်ချက်မှာလူတိုင်းတိုးတက်အောင်ဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများကိုလက်တွေ့လိုက်နာကျင့်သုံးအကောင်အထည်ဖော်ရန်လိုအပ်ပြီးစီးပွားရေးလုပ်ငန်းများအားလည်း ယခင်ကထက် ပွင့်လင်းလာသောအခွင့်အရေးကောင်းများကို ပိုင်ပိုင်နိုင်နိုင်အသုံးချနိုင်ဖို့လည်းလိုအပ်ပါသည်။ သက်မွေးပညာသင်တန်းများအပြင် လူတိုင်းဘဝတစ်လျှောက်လုံးလေ့လာသင်ယူမှု(Long Life Learning) ကိုတစ်စိုက်မတ်မတ် ကြိုးစားရမည်ဖြစ်ပါသည်။ လူငယ်တိုင်း၊ စီးပွားရေးလုပ်ငန်းရှင်တိုင်း တစ်ရက်တာကုန်ဆုံးတိုင်း အသိပညာမည်မျှရရှိသည်ကို ကိုယ်တိုင်ဆန်းစစ်ခြင်းဖြင့် အိမ်ထောင်စုစီးပွားရေးလုပ်ငန်းတိုးတက်လာမည်ဖြစ်သလို ၎င်းမှတစ်ဆင့်ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ အလုပ်မဝင်မီ စနစ်တကျ သင်တန်းတက်ခြင်း၊ လေ့လာခြင်းများကိုပိုမို အလေးပေးဆောင်ရွက်ရန် လိုအပ်လှပါသည်။

ယခင်အခြေအနေနှင့်မတူသော ယနေ့စီးပွားရေးလုပ်ငန်းများသည် ကျွမ်းကျင်မှုကို အခြေခံထားပြီး မိမိအလုပ်ကို တာဝန်ယူနိုင်မှု၊ တာဝန်ခံနိုင်မှုတို့ကိုဖြည့်စွမ်းပေးနိုင်မှသာ အလုပ်အကိုင်အခွင့်လမ်းကောင်းများ ရရှိနိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် နိုင်ငံတစ်နိုင်ငံ(သို့မဟုတ်) အိမ်ထောင်စုတစ်စုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်စုံဖွံ့ဖြိုးမှုစီမံကိန်း ချမှတ်ကာ စီးပွားရေးပေါ်လစီများ၊ နည်းဗျူဟာများဖြင့် ဦးဆောင်ဆောင်ရွက်ရန် တကယ့်လက်တွေ့အကောင်အထည်ဖော်မည့်သူများဖြစ်သည့် စီးပွားရေးလုပ်ငန်းရှင်လူငယ်များ၊ လုပ်ငန်းရှင်များက ပူးပေါင်းပါဝင် အထူးကြိုးစားဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

## ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်တွင် အော်ဂဲနစ်သီးနှံနှင့် လျှော်ဖြူ စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအစုအဖွဲ့ဖွဲ့စည်းရန် အစည်းအဝေးကျင်းပ

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ပခုက္ကူခရိုင်ဦးစီးမှူးရုံးအနေဖြင့် နိုဝင်ဘာ ၂၅ ရက်တွင် ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ စိုက်ပျိုးရေးရုံး၌ အော်ဂဲနစ်သီးနှံနှင့် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအစုအဖွဲ့ဖွဲ့စည်းရန် အစည်းအဝေးကျင်းပခဲ့ရာ မြိုင်မြို့၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂)ဦး၊ ခရိုင်စက်မှုကြီးကြပ်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ မြိုင်မြို့နယ် တာဝန်ခံဦးဇော်ထွန်းဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများစုစုပေါင်း ၁၂၆ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် မြိုင်မြို့၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဌေးက အဖွင့်အမှာစကားပြောကြားရာတွင် မြိုင်မြို့နယ်တွင် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများ အများအပြားရှိနေခြင်းကြောင့် အစုအဖွဲ့ဖွဲ့စည်းရန်လိုအပ်ကြောင်း၊ အစုအဖွဲ့ဖြစ်မှသာစျေးကွက် မနစ်စေရေး၊ ချေးငွေများထုတ်ပေးနိုင်ရေးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်သူများတစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပွားနိုင်စေသည့်အပြင် နိုင်ငံတော်အနေဖြင့်လည်း ဆင်းရဲနွမ်းပါးမှုပပျောက်စေရေးကို ဆောင်ရွက်နိုင်မှာဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြိုင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်က လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် စျေးကွက်အလားအလာရှိနေသောကြောင့် ဆက်လက်စိုက်ပျိုးသင့်ကြောင်း၊ လျှော်ဖြူပင်မှအလှကုန်၊ ဆေးဝါး၊ စားသောက်ကုန်၊ ကားလေကာမှန်၊ ဆိုင်ကယ်ဒူးကာ စသည့်အမျိုးပေါင်း ၆၀၀ ကျော် ထုတ်လုပ်နိုင်သည်ဖြစ်ကြောင်း၊ စျေးကွက်ပျက်မည်ကို မစိုးရိမ်ရကြောင်း၊ ပြည်ပမှလာရောက်၍ ရင်းနှီးမြှုပ်နှံမည့်စက်ရုံများမှ ကမ်းလှမ်းထားသည်ဟုသိရှိရကြောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်း ချေးငွေများရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နှစ်ရှည်ပင်ဖြစ်သည့် လျှော်ဖြူပင်ကို ခြံစည်းရိုးအဖြစ်စိုက်ပျိုးမည်ဆိုပါက မိသားစုစီးပွားရေးရေရှည်အထောက်အကူပြုနိုင်သည့် အပင်မျိုးဖြစ်ကြောင်း၊ အစုအဖွဲ့ဖွဲ့စည်းနိုင်မည်ဆိုပါက NGO များနှင့်ပူးပေါင်း၍ ထောက်ပံ့ပေးနိုင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ဌေးက ကျေးရွာရှိတောင်သူများစိုက်ပျိုးထားသည့် အပင်အရေအတွက်၊တစ်နေ့ထွက်ရှိမှု၊ လက်ရှိ လျှော်ဖြူထုတ်လုပ်မှုအခြေအနေ စသည်တို့ကို ပြောပြမှသာစျေးကွက်ကို ချိတ်ဆက်ဆောင်ရွက်ပေး၍ ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ အခွန်အခကောက်ခံရန်မဟုတ်ဘဲ စျေးကွက်ဖော်ဆောင် နိုင်ရန်ဖြစ်ကြောင်း၊ ဒေသအခြေအနေအရ စိုက်ပျိုးထားရှိသော်လည်းပုံစံ(၇)ရရှိမှသာတရားဝင်စိုက်ပျိုးထုတ်လုပ်နိုင်မှာဖြစ်ကြောင်း၊ ပုံစံ(၇)မရှိခြင်း၊ မြေလွတ်မြေရိုင်းမြေ၊ ပလပ်မြေများဖြစ်နေပါက တရားဝင် ပုံစံတစ်ခုရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့်ဖြစ်မှသာ သတ်မှတ်သည့်အရည်အသွေး၊ စံချိန်စံညွှန်း၊ အထွက်နှုန်းများ ကောင်းမွန်မည်ဖြစ်ကြောင်း၊ တက်ရောက်လာသူတောင်သူများကလည်း မိမိတို့စိုက်ပျိုးထားသောသီးနှံများကို ဓာတုပိုးသတ်ဆေးကြွင်းကျန်များနည်းပါးပြီး ပြည်ပစျေးကွက်ဝင် အော်ဂဲနစ်သီးနှံများကို စိုက်ပျိုးထုတ်လုပ်နိုင်ရန် အဓိက လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

စားသုံးသူရေးရာဦးစီးဌာန၊ မြိုင်မြို့နယ်တာဝန်ခံ ဦးဇော်ထွန်းဦးက မိမိတို့ဌာနသည် ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်နေသောဌာနဖြစ်ကြောင်း၊ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများအသင်းအစုအဖွဲ့ ဖွဲ့စည်းနိုင်မည်ဆိုလျှင် စျေးကွက်နစ်နာမှုမရှိစေဘဲ တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ပြီး စျေးကောင်းရရှိနိုင်မှာဖြစ်ကြောင်း၊ အသင်းအဖွဲ့ဖွဲ့စည်းနိုင်လျှင် Local Trade (ဒေသတွင်းကုန်သွယ်မှု)မှ Domestic Trade (ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေး) အထိ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့နှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်း၊ ဖွဲ့စည်းပုံ၊ ဥပဒေ လုပ်ထုံးလုပ်နည်းများကိုချပြရှင်းလင်းခဲ့ကြောင်း၊ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများအသင်းသည် ရေရှည်ဆောင်ရွက်ရမည့်အသင်းဖြစ်သောကြောင့်စိတ်ဝင်စားသောပုဂ္ဂိုလ်များကိုသာရွေးချယ်တင်မြှောက်သင့်ကြောင်း၊ မြို့နယ်လုံးဆိုင်ရာအစုအဖွဲ့ ဖွဲ့သည့်အတွက် နယ်စုံပါဝင်စေချင်ကြောင်း၊ အစုအဖွဲ့ကို အမြန်ဆုံးအကောင်အထည်ဖော်ဖွဲ့စည်းနိုင်လျှင် ပို၍အဆင်ပြေမည်ဖြစ်ကြောင်းစသည်ဖြင့်ဆွေးနွေးပြောကြားခဲ့သည်ဟု သတင်းရရှိပါသည်။

**သူဇာကျော်(ပခုက္ကူ)**

■

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အိန္ဒိယက သွင်းကုန်ခွန်တိုးမြှင့်လိုက်သည့်အတွက် ကနေဒါနိုင်ငံတွင် ပဲလုံး (Pea) စိုက်ကေကျဆင်းဖွယ်ရှိ

ပဲလုံး(Pea) တင်သွင်းမှုအပေါ် သွင်းကုန်ခွန် အဆမတန်စည်းကြပ်ရန် အိန္ဒိယနိုင်ငံကဆုံးဖြတ်လိုက်ရာ ကနေဒါ တောင်သူလယ်သမားများအနေဖြင့် ၎င်းတို့၏ပဲလုံးစိုက်ဧကများကို ယခင် စိုက်ဧကအောက်သုံးပုံတစ်ပုံသို့လျှော့ ချဖွယ်ရှိကြောင်းသိရှိရပါသည်။

ယခုနှစ်တွင် အိန္ဒိယ၌ ပဲဈေးနှုန်း များမှာ အစိုးရကသတ်မှတ်ပေးသည့် အနိမ့်ဆုံးအထောက်အကူပြုဈေးနှုန်း (MSP) အောက်သို့ပင် ကျဆင်းလျက်ရှိ သည့်အတွက် အိန္ဒိယအစိုးရသည် ပဲလုံးတင်သွင်းမှုအပေါ် သွင်းကုန်ခွန် သုည ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းသို့ ယခုလအစောပိုင်းက တိုးမြှင့်၍စည်း ကြပ်ခဲ့ပါသည်။ ထိုသို့တိုးမြှင့်ရသည့် ရည်ရွယ်ချက်မှာ ပြည်တွင်းပဲဈေးနှုန်း များ မြင့်တက်လာစေရန်၊ အိန္ဒိယလယ် သမားများ အဆင်ပြေမှုရှိစေရန်၊ ပဲစိုက် ပျိုးမှုကို အားပေးမြှင့်တင်ရန်နှင့် ၂၀၁၈ ခုနှစ်တွင် ပဲတင်သွင်းမှုလျှော့ချရန်တို့ ကြောင့်ဖြစ်သည်ဟု အိန္ဒိယအစိုးရက ဖော်ပြထားပါသည်။

ကနေဒါနိုင်ငံသည် ကမ္ဘာ့ထိပ် တန်းပဲတင်ပို့သည့် နိုင်ငံတစ်နိုင်ငံဖြစ် ရာ အိန္ဒိယအစိုးရအနေဖြင့် ပြည်တွင်း ရှိဈေးကွက်ပေါက်ဈေးကို မြှင့်တင်ရန် အတွက် ယခုကဲ့သို့ကာလတိုဖော် ဆောင်ချက်သည် အိန္ဒိယနိုင်ငံ၏ရေရှည် စားနပ်ရိက္ခာလိုအပ်ချက်အပေါ် သက် ရောက်မှုရှိနိုင်သည်ဟု ကနေဒါ ပြည်ပ ကုန်သွယ်ရေးဝန်ကြီး Francois Champagne က အင်တာဗျူးတစ်ခုတွင် ပြော ကြားထားကြောင်းသိရှိရပါသည်။

ကနေဒါနိုင်ငံ၌ နွေသီးနှံစိုက်ပျိုး မှု၏ ၃၀ ရာခိုင်နှုန်းနှင့် ၃၅ ရာခိုင်နှုန်းတို့ မှာ ပဲလုံးနှင့်ပဲနီလေးစိုက်ကေတို့ဖြစ်ရာ အိန္ဒိယအစိုးရအနေဖြင့် ပဲလုံးတင်သွင်း မှုအပေါ် သွင်းကုန်ခွန်စည်းကြပ်သကဲ့ သို့ ပဲနီလေး(red lentil) အပေါ်တွင် လည်း အလားတူသွင်းကုန်ခွန်တိုးမြှင့် မည်ကို ကနေဒါအစိုးရက စိုးရိမ်ပူပန် နေကြောင်း သိရှိ ရပါသည်။

ကနေဒါစိုက်ပျိုးရေးဝန်ကြီးဌာန မှ ထုတ်ပြန်သည့်အချက်အလက်များ အရ၂၀၁၆-၁၇သီးနှံရာသီတွင် ကနေဒါ ၏ပဲလုံး (dry peas) စိုက်ကေမှာ ဟက်တာ ၁ ဒသမ ၇၂ သန်းခန့်ရှိမည်ဟု ခန့်မှန်း ထားကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏သွင်းကုန်ခွန် တိုး မြှင့်သည့် ကြေညာချက်ထွက်ပေါ်ချိန် မှစ၍ ကနေဒါနိုင်ငံ၌ ပဲဝါလုံး (yellow pea) ဈေးနှုန်းများမှာ ထက်ဝက်နီးပါးခန့် ကျဆင်းလာခဲ့ကြောင်း၊ ထို့ကြောင့် အိန္ဒိယ အစိုးရအနေဖြင့် ပဲလုံးတင်သွင်း မှုအပေါ် သွင်းကုန်ခွန်အား ဖယ်ရှား ပေးရန် ကနေဒါကလိုလားနေကြောင်း၊ သို့ရာတွင် အိန္ဒိယအစိုးရအနေဖြင့် လည်း လယ်သမားများ၏ ဝင်ငွေနှစ်ဆ တိုးမြှင့်လာစေရေးအတွက် သွင်းကုန် လျှော့ချရေးကိုဆောင်ရွက်ရန် ပြည်သူ များအား ကတိကဝတ်ပြုထားပြီးဖြစ် သည်ဟု အိန္ဒိယကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အဆင့်မြင့်အရာရှိတစ်ဦး ကပြောကြားထားကြောင်း သိရှိရပါ သည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# တရုတ်နိုင်ငံသို့တင်သွင်းမည့် လူသုံးကုန်စည် အချို့အပေါ် အကောက်ခွန်လျှော့ချ

တရုတ်နိုင်ငံသို့တင်သွင်းမည့် လူသုံးကုန်စည်အချို့၏ tariff codes ၁၈၇ ခုကို ယခုနှစ် ဒီဇင်ဘာလမှစတင်၍အကောက်ခွန် ၉ ဒသမ ၆ ရာခိုင် နှုန်းလျှော့ချမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက နိုဝင်ဘာလ ၂၄ ရက်က ထုတ်ပြန်ခဲ့ပါသည်။ အထူးသဖြင့် အစားအသောက်၊ ကျန်းမာရေး စောင့်ရှောက်မှုပစ္စည်း၊ ဆေးဝါး၊ အဝတ်အထည်နှင့် အပန်းဖြေမှုနှင့်ပတ်သက် သည့် ပစ္စည်းများအပေါ် ကောက်ခံမည့်အကောက်ခွန်ကို ပျမ်းမျှအားဖြင့် ၁၇ ဒသမ ၃ ရာခိုင်နှုန်းမှ ၇ ဒသမ ၇ ရာခိုင် နှုန်းသို့ လျှော့ချမည်ဖြစ်ပါသည်။

ထို့အပြင် ယခင်ကလေးနို့မှုန့်နှင့် အခြားနို့မှုန့်များအား ၂၀ ရာခိုင်နှုန်း နှင့် ကလေးသေးခံများအား ၇ ဒသမ ၅ ရာခိုင်နှုန်းကောက်ခံရာမှ ဒီဇင်ဘာလ မှစတင်၍ အကောက်ခွန် ကင်းလွတ်ခွင့်ပေးမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် အရေပြား ထိန်းသိမ်းမှုဆိုင်ရာ ပစ္စည်းများ၊ ကလေးသေးခံများ၊ အဝတ် အထည်၊ ဖိနပ်စသည့် လူသုံးကုန်စည်များအပေါ် အကောက်ခွန်ထက်ဝက် ကျော်ခန့်လျှော့ချခဲ့ကြောင်း သိရပါ သည်။ ယခုကဲ့သို့ tariff line အချို့ထပ်မံ လျှော့ချလိုက်ခြင်းသည် အကောက်ခွန်ဆိုင်ရာ အတားအဆီးများ ဖယ်ရှား ပေးခြင်းနှင့် ပြည်တွင်းစားသုံးမှုကိုတွန်း အားပေးဆောင်ရွက်ခြင်းဖြစ်သည်။ ပြည်တွင်းစားသုံးသူများအနေဖြင့် ဈေးကွက်အတွင်း ကုန်စည်ရွေးချယ်မှု ပိုမိုရရှိရန်နှင့် စီးပွားရေးပို၍လမ်းဖွင့် ဆောင်ရွက်မှုတစ်ရပ်ဖြစ်ကြောင်း လည်း သိရပါသည်။

တရုတ်၌ cross border e-commerce pilot zone တိုးတက်လာခြင်းသည် အစိုးရအနေဖြင့် အကောက်ခွန်ပြန်လည်ထိန်းညှိရန် တွန်းအားတစ်ခု ဖြစ်လာကြောင်း၊ ပြည်ပပို့ကုန်ပုံစံတွင် သဘာဝသယံဇာတအခြေခံပစ္စည်းများ ထက် နည်းပညာမြင့်ကုန်စည်များသို့ တိုးတက်ပြောင်းလဲတင်ပို့ရန် အား ထုတ်မှုတစ်ခုလည်းဖြစ်ကြောင်း၊ ရေရှည်တွင် ပြည်တွင်းအသေးစားနှင့် အလတ်စား လုပ်ငန်းများအတွက် နည်းပညာမြင့် ကုန်စည်များမှတစ်ဆင့် ဖွံ့ဖြိုးမှု လျင်မြန်လာမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ပေကျင်းမြို့**

# ဝါဖျက်ပိုးများ ကျရောက်ခဲ့သည့်အတွက် အိန္ဒိယနိုင်ငံ၏ဝါတင်ပို့မှု ကျဆင်းနိုင်ဖွယ်ရှိ

အိန္ဒိယနိုင်ငံရှိ ဝါစိုက်ခင်းများတွင် ဝါဖျက်ပိုးများကျ ရောက်ခဲ့သည့်အတွက် ယခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ဝါဂွမ်း တင်ပို့မှုမှာ ယခင်ခန့်မှန်းထားသည့် ပမာဏအောက်ငါးပုံ တစ်ပုံခန့် လျော့နည်းဖွယ်ရှိသည်ဟု တာဝန်ရှိသူများက နိုဝင် ဘာလ ၂၃ ရက်တွင် ပြောကြားလိုက်ကြောင်း သိရှိရပါသည်။

ကမ္ဘာ့ဝါဂွမ်းအများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ဝါတင်ပို့နိုင်မှုကျဆင်းပါက ပါကစ္စတန်၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများ အပါအဝင်အာရှဝယ်လက် များသို့ အမေရိကန်၊ ဘရာဇီးနှင့် သြစတြေးလျ နိုင်ငံတို့မှ ဝါဂွမ်းတင်ပို့မှု မြင့်တက်လာနိုင်ကြောင်း၊ ယခုနှစ်တွင် အိန္ဒိယ ၏ ဝါဂွမ်းတင်ပို့မှုပမာဏမှာ ၁၅၀ ကီလိုဂရမ်ရှိ ဝါဂွမ်းဘေ ထုပ်ပေါင်း ခြောက်သန်းဝန်းကျင်ခန့်ရှိမည်ဟု ခန့်မှန်း ကြောင်း၊ အစောပိုင်းကမူ ဝါဂွမ်းဘေထုပ်ပေါင်း ၇ ဒသမ ၅ သန်းခန့် တင်ပို့နိုင်မည်ဟု ခန့်မှန်းထားသည်ဟု ဝါဂွမ်းထိပ် တန်း ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားထားကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၌ ဝါစိုက်ဧကမှာ ယခုနှစ်တွင် ၁၉ ရာခိုင် နှုန်းခန့်မြင့်တက် ခဲ့သည့်အတွက် ၂၀၁၇-၁၈ သီးနှံရာသီတွင် ဝါဂွမ်းဘေထုပ်ပေါင်း သန်း ၄၀ ခန့်ထုတ်လုပ်နိုင်မည်ဟု ခန့် မှန်းထားကြောင်း၊ သို့ရာတွင် ယခုအခါ ဝါဖျက်ပိုးများ ကျ ရောက်ခဲ့သည့်အတွက် နိုင်ငံ၏ ဝါပို့ကုန်ပမာဏသာမက ဝါထုတ်လုပ်မှု ခန့်မှန်းပမာဏကိုလည်း လျှော့ချခဲ့ပြီး ဘေထုပ် ပေါင်း ၃၇ ဒသမ ၅ သန်းသာ ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်း ထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# တရုတ်နိုင်ငံ၏စီးပွားရေး မြှင့်တင်နိုင်ရန်အတွက် စိုက်ပျိုးရေးကဏ္ဍနှင့် လုပ်ငန်းငယ်များအား အခွန်နှုန်းလျှော့ချသွားမည်

တရုတ်နိုင်ငံ၏ စီးပွားရေး မြှင့်တင်နိုင်ရန် အတွက် စိုက်ပျိုးရေးကဏ္ဍနှင့် စီးပွားရေးလုပ် ငန်းငယ်များ စရိတ်သက်သာစေရန် ရည်ရွယ်လျက် အခွန်နှုန်းများ လျှော့ချခြင်းဖြင့် မက်လုံးပေးဆောင် ရွက်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန က ကြေညာခဲ့သည်။

လစဉ်ရောင်းအား ယွမ်နှစ်သောင်းနှင့် သုံး သောင်းကြားသာရှိသော အသေးစားလုပ်ငန်းများ အား လာမည့်နှစ် နှစ်စမှ ၂၀၂၀ ထိ ထပ်တိုးတန်ဖိုး ခွန် ကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည်။

၎င်းအပြင် ဘဏ္ဍာရေး အဖွဲ့အစည်းများမှ ငွေချေးယူသော လုပ်ငန်းများအနေဖြင့် တံဆိပ် ခေါင်းခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုမည် ဖြစ်သည်။ ၎င်းအပြင် အသေးစား စီးပွားရေးလုပ် ငန်းများနှင့် တောင်သူအိမ်ထောင်စုများအား ငွေချေးငှားသော ဘဏ္ဍာရေးအဖွဲ့အစည်းများကို အတိုး ရရှိငွေအပေါ်တွင် အခွန်ကောက်ခံခြင်း အား ဒီဇင်ဘာလမှ ၂၀၁၉ ခုနှစ် နှစ်ကုန်အထိ ရပ်ဆိုင်းမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

တရုတ်ဘဏ်လုပ်ငန်း ကြီးကြပ်ရေးကော် မရှင်၏ အချက်အလက်များအရ ဇွန်လကုန်တွင် စိုက်ပျိုးရေးကဏ္ဍသို့ထုတ်ချေးခဲ့သော ချေးငွေ ပေါင်းယွမ် ထရီလီယံ ၃၀ သို့ရောက်ရှိခဲ့ပြီး ယမန် နှစ်ထက် ၉ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ အသေးစားလုပ်ငန်းများသို့ ချေးငွေမှာ ယွမ် ၂၈ ဒသမ ၆ ထရီလီယံရှိခဲ့ပြီး ၁၄ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

အစိုးရ၏ အသေးစားစီးပွားရေး လုပ်ငန်း များနှင့် စိုက်ပျိုးရေးကဏ္ဍအား စရိတ်လျှော့ချနိုင် ရေးအတွက် အခွန်နှုန်းလျှော့ချသည့် မူဝါဒများ ချ မှတ်ရခြင်းမှာ တိုင်းပြည်၏ အမှန်စီးပွားရေးပိုမို ဖွံ့ဖြိုးတိုးတက်စေရန် ငွေရေးကြေးရေး အရင်း အနှီးများ စွမ်းဆောင်ရည်ပြည့်ဝစွာ ချေးငှား ထောက်ပံ့နိုင်ရေး ရည်မှန်းချက်အား အထောက် အကူပြု ထင်ဟပ်စေမည်ဖြစ်သည်။

ဘဏ္ဍာရေးဝန်ကြီးကလည်း ခေတ်သစ် စတိုင်ဖြင့် လက်ရှိအခွန်စနစ်အား ပြုပြင်ပြောင်း လဲရန် လမ်းပြမြေပုံဖော်ပြသည့် ဆောင်းပါးအား ရေးသားခဲ့သည်။

ပြုပြင်ပြောင်းလဲရေးတွင် အိမ်ခြံမြေခွန် ပါဝင်ပြီး အဆိုပါအခွန်မှာ စီးပွားဖြစ်အဆောက် အအုံ၊ စက်မှုဆိုင်ရာ အဆောက်အအုံနှင့် ပုဂ္ဂလိက လူနေအိမ်ရာ၏ အခြေပစ္စည်း တန်ဖိုးပေါ်တွင် မူတည်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရှိရပါ သည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၁–၁၂–၂၀၁၇)

သန်းထိုက်အောင်

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးအနည်းငယ်တက်ပြီး အရောင်းအဝယ်ကောင်းနေ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးအနည်းငယ်တက်ခဲ့ပြီး အရောင်းအဝယ်ကောင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာကျပ်၄၅၀ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်ပိဿာ ကျပ် ၄၆၀ (တစ်တန်ကျပ် ၂၈၁၇၀၀) ဈေးရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၁၀၈၅၈၅၁၉ပိဿာရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၁၉၈၈၂၄၆၆ပိဿာရှိခဲ့ပြီး အရောင်းအဝယ်များခဲ့ပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှမူဆယ်အထိ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ၃၄ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ပြောင်းတစ်ပိဿာ ၃၃ကျပ်ရှိခဲ့လို့ သယ်ယူပို့ဆောင်စရိတ်အနည်းငယ်ကျလာခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးတက်လာပြီး ပဲတီစိမ်းလုံးကြီးဈေးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးတက်ခဲ့ပြီး ပဲတီစိမ်းလုံးကြီးကတော့ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ကျပ်၇၉၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၈၇၅ ကျပ် (တစ်တန် ကျပ်၅၃၅၈၄၀) ရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို မြို့ခံဝယ်လက်တွေက ပုံမှန်ဝယ်ယူခဲ့ပေမယ့် နယ်အဝင်နည်းပြီး ကုန်ပစ္စည်းပြတ်နေလို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ကျပ် ၅၀၀ဈေး ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၅၈၅ကျပ်(တစ်တန်ကျပ် ၃၅၈၂၄၀) ဈေးပြန်တက်ခဲ့ပြီး ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ် များခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းလုံးကြီး တစ်ပိဿာ ၁၃၆၈ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ဈေးပြန်ကျခဲ့ပြီး တစ်ပိဿာ ၁၃၁၅ ကျပ် (တစ်တန် ကျပ် ၈၀၅၂၉၀)ဈေးရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးကြီးကို မန္တလေးဝယ်လက်တွေက ဝယ်ယူခဲ့ကြပေမယ့် ကုန်ပစ္စည်းပြတ်လပ်နေလို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ၂၉၆၆ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၃၀၀၀ ကျပ်(တစ်တန်ကျပ် ၁၈၃၇၁၇၀) နဲ့ ဈေးမြင့်နေခဲ့ပြီး မန္တလေးဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ လွန်ခဲ့တဲ့ လပိုင်းကတည်းက အရောင်းအဝယ်သွက်နေခဲ့တဲ့ မြေပဲလုံးဆန်ကလည်း ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၄၅၀ (တစ်တန် ကျပ်၁၅၀၀၃၅၀) နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေခဲ့ပြီး အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။


××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးတက်ခဲ့ပြီး ပဲတီစိမ်း (အညာရွှေဝါ)ဈေးကျ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲဈေးတက်ခဲ့ပြီး ပဲတီစိမ်း(အညာရွှေဝါ)ကတော့ ဈေးအနည်းငယ် ကျလာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ၈၁၇ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတစ်ပိဿာ၈၆၇ကျပ် (တစ်တန် ကျပ် ၅၃၀၉၄၀)ရှိခဲ့ပြီး ပုံမှန်ဝယ်လက်ဖြစ်တဲ့ မြို့ခံပဲခွဲစက်နဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူမှုများခဲ့လို့ အရောင်းအဝယ်ဖြစ်မှု များခဲ့ပါတယ်။ ပဲစင်းငုံနီကတော့ ယခင် တစ်ပတ်ကအတိုင်း တစ်ပိဿာ ကျပ် ၅၀၀ (တစ်တန်ကျပ် ၃၀၆၁၉၀)နဲ့ ဈေးငြိမ်နေခဲ့ပြီး ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း (အညာရွှေဝါ)တစ်ပိဿာ ၁၄၉၃ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၄၂၂ကျပ် (တစ်တန် ကျပ် ၈၇၀၈၁၀)နဲ့ ဈေးအနည်းငယ် ကျလာခဲ့ပါတယ်။ ပဲတီစိမ်း (အညာ)ရွှေဝါကို ပုံမှန်ဝယ်ယူနေတဲ့ တရုတ်ဝယ်လက်တွေက အဝယ်နည်းခဲ့ကြလို့ အရောင်းအဝယ် ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၉၃၃ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၈၄၄ ကျပ် (တစ်တန် ၁၇၉၆၁၃၀) နဲ့ ဈေးပြန်ကျခဲ့ပြီး တစ်ရက်လျှင် အိတ် ၇၀၀ခန့် အရောင်းအဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ၃၀၂၂ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ၃၀၀၀ကျပ်(တစ်တန်ကျပ် ၁၈၃၇၁၇၀) အထိ ဈေးကျခဲ့ပြီး တရုတ်ဝယ်လက်တွေက ဝယ်ယူမှုနည်းခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်းသိရပါတယ်။ တရုတ်ဝယ်လက်တွေနဲ့ အစာစပ်လုပ်ငန်းရှင်တွေက ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းလည်း ယခင်တစ်ပတ်က တစ်ပိဿာ၄၁၇ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ၄၂၆ကျပ်(တစ်တန် ကျပ် ၂၆၀၈၇၀)နဲ့ ဈေးပြန်တက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××



## မကွေးဈေးကွက်မှာ မတ်ပဲဈေးတက်ပြီး ပဲတီစိမ်း ဈေးကျနေ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ မတ်ပဲဈေးတက်ခဲ့ပြီး ပဲတီစိမ်း ဈေးကျလာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ကျပ်၁၄၁၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၂၇၅ကျပ် (တစ်တန် ကျပ် ၇၈၀၇၉၀) အထိ ဈေးကျလာခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၇၈၅ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၈၁၅ ကျပ် (တစ်တန်ကျပ် ၄၉၉၀၉၀)အထိ ဈေးတက်လာခဲ့ပါတယ်။ ဒါပေမယ့် ပဲစင်းငုံနီကတော့ ဈေးအတက်အကျမရှိခဲ့ဘဲ ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ၄၇၅ကျပ် (တစ်တန် ကျပ် ၂၉၀၈၈၀) ရှိခဲ့ကြောင်း သိရပါတယ်။ နှမ်းရောင်းစုံဈေးကွက်မှာတော့ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၈၂၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၈၄၅ ကျပ်(တစ်တန်၁၇၄၂၂၅၀ကျပ်)၊ ယခင်တစ်ပတ်က နှမ်းနီတစ်ပိဿာ ကျပ်၂၆၀၀(တစ်တန်ကျပ် ၁၅၉၂၂၁၀)နဲ့ ယခုတစ်ပတ်မှာ ဈေးအတက်အကျမရှိခဲ့ကြောင်း၊ ယခင်တစ်ပတ်က နှမ်းဖြူထိပ်စတစ်ပိဿာ ၃၀၂၅ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ်၃၀၀၀(တစ်တန်ကျပ်၁၈၃၇၁၇၀)၊ ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုးတစ်ပိဿာ ၂၈၂၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၈၄၅ကျပ် (တစ်တန် ကျပ် ၁၇၄၂၂၅၀) ထိ ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးတက်ပြီး ပဲတီစိမ်း ဈေးကျ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးတက်ခဲ့ပြီး ပဲတီစိမ်းကတော့ ဈေးပြန်ကျလာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ၁၄၁၅ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၃၂၅ကျပ် (တစ်တန်ကျပ် ၈၁၁၄၁၀) အထိ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကို မန္တလေးဝယ်လက်က ဝယ်ယူမှုနည်းခဲ့တာကြောင့် အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၄၇၅ကျပ် ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ်၅၅၀ (တစ်တန် ကျပ် ၃၃၆၈၁၀) နဲ့ ဈေးကျခဲ့ကြောင်း သိရ ပါတယ်။ ကုလားပဲဟော်လန်ကတော့ ဈေးကွက်ထဲမှာ လက်ကျန်မရှိတော့ဘူးလို့ သိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၂၂၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၂၉၀ကျပ် (တစ်တန် ကျပ် ၁၄၀၂၃၇၀)နဲ့ ဈေးအနည်းငယ် မြင့်ခဲ့ပြီး မန္တလေးဝယ်လက်တွေက ဝယ်ယူခဲ့လို့ အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၂၂၇၀ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၃၃၅ ကျပ် (တစ်တန် ကျပ် ၁၄၂၉၉၃၀)ထိဈေးရှိခဲ့ပြီး မြို့ခံဝယ်လက်တွေက ဝယ်ယူမှုနည်းခဲ့လို့ အရောင်းအဝယ် ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၈၄၅ကျပ် ဈေးရှိနေခဲ့တဲ့ သိပ္ပံနှမ်းနက်ကတော့ အခုတစ်ပတ်မှာ ဈေးပြန်ကျခဲ့ပြီး တစ်ပိဿာ ၂၇၈၀ ကျပ် (တစ်တန်ကျပ် ၁၇၀၂၄၄၀) ရှိခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်ကို မန္တလေးဝယ်လက်က ဝယ်ယူမှုနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှုနည်း ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်ပြန်ကျ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေးငြိမ်နေပြီး အရောင်းအဝယ်ဖြစ်လာကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်း ၅၀ ကီလိုဂရမ်တစ်အိတ်ကို မြန်မာဘက်ကမ်း တွင် ၇၅ ယွမ်မှ ရွှေလီဘက်ကမ်းတွင် ၈၂ ယွမ်နဲ့ ယခင်တစ်ပတ်က ဈေးအတိုင်း အပြောင်းအလဲမရှိဘူးလို့ သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ကတော့ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်းတန်ချိန် ငါးသောင်းကျော်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တန်ချိန် ၄၈၇၀၀ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ငွေလဲနှုန်းအနေအထားကတော့ တစ်ယွမ်ကို မြန်မာငွေ ၂၀၄ကျပ်ပေါက်ဈေးရှိခဲ့ပြီး ယခင်တစ်ပတ်ဈေးနှုန်း ၂၀၃ကျပ်နဲ့နှိုင်းယှဉ်ရင်တော့ ငွေလဲနှုန်း အနည်းငယ်တက်လာကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးတက်

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးပြန်တက်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန် ကျပ် ၄၇၇၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၅၂၄၀၀၀အထိ၊ ယခင်တစ်ပတ်က မတ်ပဲ SQ(RC) တစ်တန် ကျပ်၆၄၈၀၀၀ ဈေးရှိခဲ့ရာမှ ယခုတစ် ပတ်မှာ တစ်တန်ကျပ် ၆၈၉၀၀၀၊ ပဲစင်းငုံနီသီးနှံကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၃၃၀၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၃၇၈၀၀၀နဲ့ ဈေးပြန်တက်လာခဲ့ကြောင်းသိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးတက်ပြီး အရောင်းအဝယ်များနေ

ယခုတစ်ပတ် ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးတက်ခဲ့ပြီး အစေ့ထုတ်ပြောင်းကတော့ ကုန်ပစ္စည်းလက်ကျန်မရှိတော့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ကျပ် ၈၅၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၂၅ကျပ် (တစ်တန် ကျပ်၅၆၆၄၆၀)ဈေးရှိခဲ့ ကြောင်း သိရပါတယ်။ မတ်ပဲကို နယ်ခံကုန်သည်နဲ့ ရန်ကုန်ဝယ်လက်တွေကအဝယ်များခဲ့တာကြောင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းကတော့ ဈေးကွက်အတွင်း ကုန်ပစ္စည်း လက်ကျန်မရှိတော့ကြောင်း သိရပါတယ်။

# နိုင်ငံတကာကုန်သွယ်ရေးဆိုင်ရာ လက်တွေ့ဆောင်ရွက်ချက်များ သင်တန်းဖွင့်လှစ်

စင်္ကာပူနိုင်ငံ Temasek Foundation International၊ Rajaratnam School of International Studies (RSIS) နှင့် မြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ နိုင်ငံတကာ ကုန်သွယ်ရေးဆိုင်ရာ လက်တွေ့ဆောင်ရွက်ချက်များ ဆိုင်ရာ သင်တန်းကို ဒီဇင်ဘာလ ၅ ရက်မှ ၇ ရက်ထိ နေပြည်တော်ရှိ M Gallery Hotel တွင် သုံးရက်ကြာကျင်းပခဲ့သည်။

အဆိုပါသင်တန်းကို ဦးဆောင်ကျင်းပသည့် စင်္ကာပူနိုင်ငံ၊ Rajaratnam School of International Studies (RSIS)၏ နိုင်ငံတကာရေးရာ လေ့လာရေးစင်တာ(Centre for Multilateralism Studies - CMS) သည်ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေးနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတွင် ပိုမိုကောင်းမွန်စွာပါဝင်ဆောင်ရွက်နိုင်ရန်အာရှ-ပစိဖိတ်ဒေသမှအစိုးရဝန်ထမ်းများနှင့် စီးပွားရေးလုပ်ငန်းခေါင်းဆောင်များ၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးအတွက် အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အထောက်အပံ့ပေးရန် ရည်ရွယ်ဆောင်ရွက်နေသည့် သုတသနဌာနတစ်ခုဖြစ်ပါသည်။

သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံတကာ ကုန်သွယ်ရေးဆိုင်ရာ လက်တွေ့ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အစိုးရအရာရှိများကို စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် E-Commerce ဆိုင်ရာကိစ္စရပ်များကို လက်တွေ့ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများမှ သင်တန်းသားစုစုပေါင်း ၄၀ ဦး တက်ရောက်ခဲ့ပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းနှင့် RSIS မှ Deputy Head Centre for Multilateralism Studies (CMS) ဖြစ်သူ Dr. Kaewkamol Pitakdumrongkit တို့က အသီးသီးအဖွင့်အမှာစကားများပြောကြားခဲ့သည်။

သင်တန်းတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ရှိ ဝန်ဆောင်မှုကုန်သွယ်ရေးဌာနခွဲတွင် Senior Legal Counsellor အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည့် Mr. Peter Kelley Morrison က Instructor အဖြစ်ဆောင်ရွက်ကာ WTO ၏ ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၏ အဓိကသဘောတရားများနှင့် ဖွဲ့စည်းတည်ဆောက်ပုံနည်းလမ်း၊ ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ အထူးကတိကဝတ်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ပြည်တွင်းလုပ်ထုံးလုပ်နည်းများ၊ Safeguards၊ အစိုးရဝယ်ယူရေးဆိုင်ရာ ကိစ္စရပ်များနှင့် အထောက်အပံ့ပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ လက်ရှိ E-Commerce အခန်းကဏ္ဍများ၊ E-Commerce ဆိုင်ရာစိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ စသည့် အကြောင်းများကို ရှင်းလင်းကာ တက်ရောက်လာကြသည့် သင်တန်းသားများကို လက်တွေ့လေ့ကျင့် ဆောင်ရွက်မှုများ (Case Studies) ပြုလုပ်စေကာ သင်ကြားပေးခဲ့ပါသည်။

အဆိုပါသင်တန်း ဖွင့်လှစ်ရခြင်းဖြင့် မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များမှာ ခံစားခွင့်ရမည့် ရပိုင်ခွင့်များ၊ ဝန်ဆောင်မှုနှင့်ပတ်သက်၍ မည်သည့်ကဏ္ဍများကိုဖွင့်ပေးရန် သင့်/မသင့် ထည့်သွင်းစဉ်းစားရမည့် အချက်များ၊ မြန်မာနိုင်ငံမှ E-Commerce နှင့်ပတ်သက်ပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့်နည်းလမ်းများ၊ Regional အဆင့် E-Commerce initiative ကိစ္စရပ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နေမှုများကို လေ့လာနိုင်ရုံသာမက မြန်မာနိုင်ငံရှိ အစိုးရအရာထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းနယ်ပယ်များတွင် ဆောင်ရွက်လျက်ရှိသောဒေသတွင်းနှင့် နိုင်ငံစုံကုန်သွယ်မှုရေးရာကိစ္စရပ်များကို RSIS ၏ နိုင်ငံတကာရေးရာလေ့လာရေးစင်တာ၏ သုတေသနပြုလုပ်ချက်များ၊ မူဝါဒရေးရာကိစ္စရပ်များ၊ နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးအတွက် ထည့်သွင်းစဉ်းစားရမည့် ကိစ္စရပ်များအပေါ် ဆွေးနွေးအကြံပြုချက်များကိုသိရှိနိုင်ကာ လက်တွေ့နယ်ပယ်များတွင် အကျိုးရှိရှိအသုံးချဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ စွာရရှိစေနိုင်သည့် သင်တန်းဖြစ်သည်။

**နွယ်နွယ်ဦး** (WTO)

## မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်း တင်သွင်းမှု၊ စက်သုံးဆီတင်သွင်းခဲ့မှုများ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်၂၀၁၁ ခုနှစ်မှစ၍ ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းကို ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပြီးနောက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၄၀၅၆၂ စီး၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၀၇၆ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၁၃၅၈၂၀ စီး၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၂၅၀ သန်း၊၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁၄၃၃၆၃စီး၊ တန်ဖိုးအမေရိ ကန်ဒေါ်လာ ၁၃၂၀ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်၂၂၉၄၁၇ စီး၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၉၀၆ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၄၇၄၉၄ စီး၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၇၄၀ သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၃၆၉၄၃ စီး၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၉၁၁ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ အောက်တိုဘာလအထိ ၅၂၆၃၅ စီး၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၈၀၂ သန်းဖြစ်ပါတယ်။ အစိုးရသစ်လက်ထက်နှင့် ယခင်အစိုးရကာလနှစ်ခုပေါင်း ခုနစ်နှစ်တာကာလအတွင်း စုစုပေါင်း ၈၈၆၂၃၄ စီးနှင့် တန်ဖိုးအမေရိကန်ဒေါ်လာ ၁၀၀၀၆ သန်းခွင့်ပြုဆောင်ရွက်ခဲ့ပါတယ်။

မော်တော်ယာဉ်အပိုပစ္စည်း တင်သွင်းမှုနှင့် ပတ်သက်ပြီး၂၀၁၁-၂၀၁၂ ဘဏ္ဍာ နှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၃ သန်း၊၂၀၁၂-၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၇ သန်း၊၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၁ သန်း၊၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၈၇ သန်း၊ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၉၃သန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တွင် အမေရိကန်ဒေါ်လာ ၁၀၃ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလအထိ အမေရိကန်ဒေါ်လာ ၉၉ သန်းဖြစ်ပါတယ်။ အစိုးရသစ်လက်ထက်နှင့် ယခင်အစိုးရကာလ နှစ်ခုပေါင်းခုနစ်နှစ်တာ ကာလအတွင်း စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၆၃၃ သန်းခွင့်ပြုဆောင်ရွက်ခဲ့ပါတယ်။

စက်သုံးဆီတင်သွင်းမှုနှင့်ပတ်သက်ပြီး၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၇၁၅ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄၅၀ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၀၈၀ သန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်အမေရိကန်ဒေါ်လာ ၂၁၉၄ သန်း၊၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၅၀ သန်း၊၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ၂၁၆၄ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အောက်တိုဘာလအထိ အမေရိကန်ဒေါ်လာ ၁၄၆၆ သန်းဖြစ်ပါတယ်။ အစိုးရသစ်လက်ထက်နှင့် ယခင်အစိုးရကာလ နှစ်ခုပေါင်း ခုနစ်နှစ်တာကာလအတွင်း စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၄၁၉ သန်း ခွင့်ပြုဆောင်ရွက်ခဲ့ပါတယ်။

ယာဉ်အပိုပစ္စည်း တင်သွင်းမှုအနေဖြင့်၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ အမေရိကန်ဒေါ်လာသန်း ၈၀ မှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကြား တင်သွင်းခဲ့ကြောင်း တွေ့ရှိရပါတယ်။

စက်သုံးဆီ တင်သွင်းမှုအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်များတွင အမေရိကန်ဒေါ်လာ သန်း ၂၀၀၀ ကျော်ခန့် တင်သွင်းခဲ့ပြီး ကျန်ဘဏ္ဍာနှစ်များတွင် အမေရိကန်ဒေါ်လာ သန်း ၁၄၀၀ ဝန်းကျင်တင်သွင်းခဲ့ကြောင်း တွေ့ရှိရပါတယ်။

မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်း တင်သွင်းမှု၊ စက်သုံးဆီ တင်သွင်းခဲ့မှုအခြေအနေများအရ သွင်းကုန်ကုန်သွယ်မှုပမာဏအပေါ် အကျိုးသက်ရောက်မှုအခြေအနေကို ဖော်ပြလိုက်ပါတယ်။

**ခင်စန်းဝင်း (ကုန်သွယ်ဦးစီး)**

# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအခြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၂/၂၀၁၇) လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၂/၂၀၁၇) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာလ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၃)၌ကျင်းပခဲ့ရာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်ဦးစီးမှူးများ စုစုပေါင်း ၃၆ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမြင့်ချိုက ၁၁/၂၀၁၇ အစည်းဝေး ဆုံးဖြတ်ချက်အပေါ်ဆောင်ရွက်ခဲ့မှုအခြေအနေ၊ နိုဝင်ဘာလအတွင်း မိတ်ဖက် ဌာနများဖြင့် ပူးပေါင်း၍ ကျောင်း၊ ဈေး၊ ရပ်ကွက်/ကျေးရွာများတွင် အသိပညာပေးဟောပြောပွဲနှင့် ကွင်းဆင်းစစ်ဆေး ခဲ့မှုအခြေအနေ၊ ပြည်တွင်းပဲစားသုံးသည့် အလေ့အထကောင်းများ တိုးမြှင့်ရေး ပဲစားသုံးမှုမြှင့်တင်ပွဲအခမ်းအနား ကျင်းပခဲ့သည့် အခြေအနေ၊ YCDC (စီမံဌာန၊ ဈေးများဌာန၊ ကျန်းမာရေးဌာန) တို့နှင့်အတူ မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်းကိုတွေ့ဆုံ၍ သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားခြင်း၊ ပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေးခဲ့မှု အခြေအနေ၊ စားသုံးသူများမှ တိုင်ကြားလာသည့် တိုင်ကြားမှု ငါးခုအနက်သုံးခုကို စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ဆုံးဖြတ်ပေးနိုင်ရန် ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက နိုဝင်ဘာလအတွင်း စားသုံးသူများ၏ တိုင်ကြားမှုများကို လက်ခံဖြေရှင်းဆောင်ရွက်ခဲ့သည့် အခြေအနေ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းမြင့်က စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ကွင်းဆင်းပညာပေး ဆောင်ရွက်ခဲ့မှု၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့နှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့မှု အခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**ခင်သီ(စားသုံးသူ)ရန်ကုန်**

# တရုတ်နိုင်ငံသို့ ဝါနှင့် ဝါထွက်ပစ္စည်းမျိုးစုံ တင်ပို့

နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၇၇၅၅၀၀ တန်ဖိုးရှိ ငွေချည်-၆-ဝါဂွမ်း ၃၅၂ တန်ခွဲကို လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၁၄၀၀၀ တန်ဖိုးရှိ ပိုးအိမ် ၄ တန်ကို လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၃၄၀၀ တန်ဖိုးရှိ ဝါစေ့ ၁၇ တန်ကိုလည်းကောင်း တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ဝါဂွမ်း ၆၁၃ တန်ခွဲနဲ့ ဝါစေ့ ၁၅၆ တန်နီးပါးကို တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဝါဂွမ်း ၂၆၁ တန်နဲ့ ဝါစေ့ ၁၃၉ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ နိုဝင်ဘာတစ်လလုံး အနေနဲ့ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဝါဂွမ်းတန်ချိန် ၁၄၀၀ ကျော်၊ ပိုးအိမ် ၂၇ တန်နဲ့ ဝါစေ့ ၁၇၂ တန်ကျော် တင်ပို့ခဲ့တယ်လို့သိရပါတယ်။

**မော်မော်အောင်**

# မူဆယ်မှ ပရဆေးကုန်ကြမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၆၁၈ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်း အမယ် ၁၁ မျိုး၊ တန်ချိန်အားဖြင့် ၃၈၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၄၈ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၃၅ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်း တင်ပို့ခဲ့တဲ့ပရဆေးအမယ်များမှာ ကွမ်းစားဂမုန်း၊ နနွင်းတက်၊ တောချင်း၊ တောဂျုံးမြစ်၊ ဒရင်ကောက်မြစ်၊ နေလဲစေ့၊ ကြောင်ပန်းစေ့၊ ကြောင်လျှာစေ့၊ ဝဥခြောက်နဲ့ ချဉ်ပေါင်ဖာလာအခွံ (ပါ/မပါ) တို့ဖြစ်ပါတယ်။ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၀၀၀ တန်ဖိုးရှိ ခွေးလျှားစေ့တန်ဝက်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

နိုဝင်ဘာလ တစ်လလုံး မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပရဆေး ကုန်ကြမ်းတန်ချိန် ၁၉၀၀ ခန့် တင်ပို့ခဲ့တယ်လို့သိရပါတယ်။ **မော်မော်အောင်**

# ပြည်တွင်းသို့ ဆိုင်ကယ်များတင်သွင်းမှုကျဆင်း

ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာလ ၂၅ ရက်မှ ဒီဇင်ဘာလ ၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၉၆ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၇၃၅၉ စီးကိုတင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၆၀၀၄ စီးတင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၆၄၅ စီး လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ တမူးကုန်သွယ်ရေးစခန်းမှ ပိုမိုတင်သွင်းခဲ့သော်လည်း မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ မြဝတီကုန်သွယ်ရေးဇုန်တို့မှ လျော့နည်းတင်သွင်းခဲ့တဲ့အတွက် ယခုလိုလျော့နည်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။ တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၂၇ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၆၆၁၆ စီး၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၁၇ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၀ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၂၉ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၂၄ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၃ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၇ဝ၉ စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ကန်ပိုက်တီရော လွယ်ဂျယ်မှပါ တစ်သျှူးငှက်ပျော ပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ ကန်ပိုက်တီနဲ့ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းနှစ်ခုမှ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၇ဝ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၂၆၇၂ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ ကန်ပိုက်တီမှ ၂ဝ၇၅ တန်၊ လွယ်ဂျယ်မှ ၅၅၂ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ကန်ပိုက်တီမှ ၃၁၅ တန်၊ လွယ်ဂျယ်မှ ၃၃၆ တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တစ်သျှူးငှက်ပျော ၁၉၇၆ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

နိုဝင်ဘာလတစ်လလုံး ကန်ပိုက်တီမှ တစ်သျှူးငှက်ပျော တန် ၃ဝဝဝ ကျော်နဲ့ လွယ်ဂျယ်မှ တန် ၁ဝဝဝ နီးပါးကို တရုတ်နိုင်ငံသို့ လည်းကောင်း၊ တာချီလိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ တစ်သျှူးငှက်ပျော တန် ၂ဝဝ ကိုလည်းကောင်း အသီးသီး တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# အိန္ဒိယနိုင်ငံ အင်ဖာမြို့၌ တရားမဝင်သယ်ဆောင်လာသည့် ရွှေပြားများ သိမ်းဆည်းရမိ

အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်မိုရေးမြို့မှ အင်ဖာမြို့သို့ ဒီဇင်ဘာ ၁ ရက်က ထွက်ခွာလာသည့် ယာဉ်တစ်စီးပေါ်မှ အိန္ဒိယနိုင်ငံသူ Ms.Zakariya အား တရားမဝင် သယ်ဆောင်လာသည့် အိန္ဒိယရူပီး ၇ဝ ဒသမ ၇ဝ သန်း တန်ဖိုးရှိ ရွှေပြား ၁၅၈ ပြား (၂၆ ဒသမ ၂၆ဝ ကီလိုဂရမ်)ကို သိမ်းဆည်းရမိခဲ့ကြောင်း အိန္ဒိယနိုင်ငံထုတ် စံ‌ဂိုင်းသတင်းစာတွင် ဖော်ပြထားသည်။

ရွှေပြားများနှင့်အတူ ဖမ်းဆီးရမိသည့် အိန္ဒိယနိုင်ငံသူ Ms.Zakariya အားအင်ဖာမြို့ရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်း၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ ထို့ပြင် ပြီးခဲ့သည့်အောက်တိုဘာ ၁ ရက်ကလည်း အင်ဖာမြို့၌ ရူပီးသန်း ၉ဝ တန်ဖိုးရှိ ရွှေချောင်း ၁၂ ချောင်းကို ဖမ်းဆီးရမိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ **ကိုကိုလွင်(နယ်/ရုံး၊ ကုန်သွယ်ဦးစီး)**

# တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန်နှစ်သိန်းကျော် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းစုံမှ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၁၆၂ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၅၃၉ဝ၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၅၁၉၈၁ တန်ကျော်၊ လွယ်ဂျယ်မှတန် ၁၆၃ဝ ကျော်၊ ချင်းရွှေဟော်မှ ၁၉၇ တန်နဲ့ ကန်ပိုက်တီမှ တန် ၁ဝဝ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က အဆိုပါ စခန်းလေးခုပေါင်းမှ ပြောင်း ၄၆၆၇၆ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ ပြောင်း ၇၂၃၂ တန်ကျော် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၂၈၁၆၃၃ ကျပ်ရှိရာမှ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ သီတင်းပတ်အတွင်း ၂၈၂၂ဝ၉ ကျပ်သို့ ဈေးထပ်မံမြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၂ဝ၅ဝ စီးဝင်ရောက်ခဲ့ကြောင်း၊ မန္တလေး-မူဆယ် ကုန်သယ်ယူစရိတ်မှာ ပြောင်းတစ်ပိဿာကို ၆၅-၇ဝ ကျပ်ရှိကြောင်း၊ တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းစုံမှ နိုဝင်ဘာတစ်လလုံး ပြောင်းတန်ချိန်ပေါင်း ၂၅ဝဝဝဝ နီးပါး တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း ထိုင်းနိုင်ငံသို့ ပြောင်းဖူးစေ့တန် ၁၅ဝ တင်ပို့ခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

# စစ်တွေကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၉၉ သန်းတန်ဖိုးရှိ ရေချိုငါးမျိုးစုံ ၁ဝ၅ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၆ဝ သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၅ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တင်ပို့မှုကို ကြည့်ပါက အမေရိကန်ဒေါ်လာ သုညဒသမ ဝ၉၇ သန်း တန်ဖိုးရှိ ငါးမြစ်ချင်း ၁ဝ၃ တန်နဲ့ အမေရိကန်ဒေါ်လာ သုညဒသမ ဝဝ၂ သန်း တန်ဖိုးရှိ ငါးခေါင်းပွ ၁ ဒသမ ၆ တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးများအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၄ သန်းတန်ဖိုးရှိ ဧည့်မထ ၂၅ မှတ်ဆန်၊ ဆီးယိုထုပ် စုစုပေါင်း ၃၄၇ တန်ကို တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# အိန္ဒိယနယ်စပ်မှ ကွမ်းသီးပိုမိုတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၂ဝ သန်းတန်ဖိုးရှိ ကွမ်းသီး ၁၄၃၄ တန်ကိုတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၇ဝဝ ခန့်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၃၄ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းရော ရိဒ်ကုန်သွယ်ရေးစခန်းမှပါ ကွမ်းသီးများ ပိုမိုတင်ပို့ခဲ့လို့ ယခုလိုပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၄၃၉ သန်းတန်ဖိုးရှိ ကွမ်းသီး ၅၄၅ တန်၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၈၁ သန်းတန်ဖိုးရှိ ကွမ်းသီး ၈၈၉ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၈၉ သန်းတန်ဖိုးရှိ နန့်ဖာလုံကုန်စုံ၊ အုန်းသီး၊ ပန်းသီး၊ ငါးလေးခြောက်၊ ပဲပုပ်စေ့၊ ဘိလပ်မြေ၊ စီးကရက် စုစုပေါင်း ၃ဝ၅ တန်ကို တင်ပို့ခဲ့တယ်လို့သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# မြန်မာ-ထိုင်းနယ်စပ်မှ ရေထွက်ကုန်များတင်ပို့မှုကျဆင်း

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၁ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၆၅၁၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈၈၈၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၃၇၄ တန်လျော့ နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်၊ မြိတ်ကုန်သွယ်ရေးစခန်းနဲ့ ကော့သောင်းကုန်သွယ်ရေးစခန်း သုံးခုလုံးမှ ရေထွက်ကုန် တင်ပို့မှုကျဆင်းတဲ့အတွက် ဖြစ်တယ်လို့သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၂ဝ၆ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်းတို့ကို တန် ၁၆ဝ၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆၃ သန်းတန်ဖိုးရှိ ကင်းမွန်(လိပ်)၊မွေးပုစွန်၊သဲကဏန်း၊ ငါးမျိုးစုံ၊ ရေငန်ပုစွန်၊ ကင်းမွန်တို့ကို ၁၃၈၃ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၄၁ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ကဏန်း၊ ပုစွန်၊ အခြားရေထွက်၊ ရေဘဝဲ၊ ပင်လယ်ငါးရှဉ့်တို့ကို ၄၉၇၁ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **ခင်မိုးသူ**

# မူဆယ်မှ နိုဝင်ဘာလအတွင်း သကြားတန်ချိန်ခုနစ်သောင်းနီးပါးတင်ပို့

နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁ဝ၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ Re-export သကြား ၂ဝ၃၈၅ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၆၉၂၃ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၃၄၆၂ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ သကြားတစ်တန်ကို ယခင်တစ်ပတ်က ကျပ် ၈၄ဝ၄၂ဝ ရှိရာမှ နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ရက်သတ္တပတ်မှာကျပ် ၈၄ဝ၄၈ဝ သို့ဈေးအနည်းငယ်မြင့်တက်ခဲ့ပါတယ်။ ချင်းရွှေဟော်မှ ယခုတစ်ပတ် သကြားတင်ပို့မှုမရှိခဲ့ပါဘူး။

နိုဝင်ဘာတစ်လလုံး မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ သကြားတန်ချိန်ခုနစ်သောင်းနီးပါး တင်ပို့ခဲ့ပြီး ချင်းရွှေဟော်မှ တန် ၇ဝဝဝ ကျော် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

# တောင်ကြီးမြို့တွင် တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာပေး သင်တန်းဆင်းပွဲကျင်းပ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနခန်းမတွင် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာပေးသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၇ ရက်က ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးသက်နိုင်ဦးက အဖွင့်အမှာစကား ပြောကြားခဲ့ရာတွင် ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးထွက်ရှိသော ပဲမျိုးစုံနှင့် သစ်သီးဝလံများမှ တန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာများပြည်နယ်အတွင်းရှိ ပြည်သူများ ရရှိပြီး ထုတ်လုပ်သွားကြခြင်းဖြင့် စားဝတ်နေရေးချောင်လည်ပြီး ဆင်းရဲမှု လျော့နည်းပပျောက်သွားစေရန် ရည်ရွယ်၍ ဤသင်တန်းကိုဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် ပဲမျိုးစုံနှင့်ပတ်သက်၍ တန်ဖိုးမြှင့်ထုတ်လုပ်မှုနည်းပညာများပို့ချခဲ့ပါကြောင်း၊ အထူးသဖြင့် ပဲစင်းငုံသီးနှံမှတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာများကို အဓိကထား၍ အထူးသင်ကြားပို့ချခဲ့ပါကြောင်း၊ သင်တန်းသူ/သင်တန်းသားများအနေဖြင့် သင်တန်းမှပေးအပ်လိုက်သော သင်တန်းဆင်းလက်မှတ်ကိုအိမ်တွင် အလှပြချိတ်ဆွဲထားရန်မဟုတ်ဘဲ လက်တွေ့နယ်ပယ်တွင် အသုံးပြုပါမှ အဓိပ္ပာယ်ရှိမည်ဖြစ်ပါကြောင်း၊ သင်တန်းမှ ပို့ချပေးလိုက်သော တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာများကို အကျိုးရှိစွာ အသုံးချပြီး မိမိ မိသားစု၊ မိမိ ကျေးရွာ/ရပ်ကွက်မှသည် မိမိနိုင်ငံနှင့် လူမျိုး အကျိုးစီးပွား တိုးတက်ကြီးပွား ဖွံ့ဖြိုးလာစေရေး စွမ်းဆောင်သွားကြစေလိုကြောင်း၊ စားသုံးသူရေးရာ ဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှလာရောက်ပို့ချသော ပို့ချချက်များကိုလည်း လက်တွေ့နယ်ပယ်တွင် အသုံးချသွားကြခြင်းဖြင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိပြီး မိမိတို့ထုတ်ကုန်များကို စားသုံးသူများက လက်ခံကာ ဈေးကွက်မှာ နေရာရလာကြမှာဖြစ်ပါကြောင်း၊ သင်တန်းပြီးသွားသော်လည်းမိမိထုတ်လုပ်သော အစားအသောက်များနှင့်ပတ်သက်၍ လုံခြုံစိတ်ချရမှုရှိအောင် သိရှိလိုသည်များကို လာရောက်တိုင်ပင် ဆွေးနွေးနိုင်ပါကြောင်း၊ ခါတ်ခွဲစမ်းသပ်ပြီး ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားစေလိုကြောင်း၊ ယခုသင်တန်းကဲ့သို့ တာချီလိတ်မြို့တွင် သင်တန်းဖွင့်လှစ်ပို့ချပေးခဲ့ရာ အောင်မြင်နေသောလုပ်ငန်းရှင်များ ဖြစ်နေသည်ကိုကြားသိနေရပါကြောင်း ပြောကြားပါသည်။

ဆက်လက်၍ သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူများကို ပြည်နယ်ဦးစီးမှူးနှင့် တက်ရောက်လာသော ပြည်နယ်အဆင့်အကြီးအကဲများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး သင်တန်းပို့ချခဲ့ကြသော နည်းပြဆရာများကိုလည်း အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းသိရပါသည်။

သင်တန်းမှာ သင်တန်းကာလ ၁၀ ရက်ကို စာတွေ့လက်တွေ့ပို့ချပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြတယ်လို့ သတင်းရရှိပါသည်။

**စောမောင်(တောင်ကြီး)**

# ၂၀၁၇– ၂၀၁၈ ဘဏ္ဍာနှစ် ရေထွက်ကုန်ပစ္စည်း ပြည်ပတင်ပို့မှုများ တိုးတက်မှုရရှိနိုင်

မြန်မာနိုင်ငံတွင် ပင်လယ်ကမ်းနီး၊ကမ်းဝေးနှင့် ကုန်းတွင်းမြစ်၊ ချောင်း၊ အင်း၊ အိုင် ငါးဖမ်းလုပ်ငန်းများနှင့် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများမှ ရရှိသည့် ရေချို၊ ရေငန် ငါး၊ ပုစွန်များကို ပြည်တွင်းစားသုံးမှုအတွက် လုံလောက်စေရုံသာမက ပိုလျှံသည်များကို နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ယခင်ဘဏ္ဍာနှစ်ကာလတူထက် ပို့ကုန်ပမာဏနှင့် တန်ဖိုးများ တိုးမြှင့်ရရှိခဲ့ကြောင်း သိရှိရ ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ရရှိသည့် စာရင်းများအရ ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်မှ အောက်တိုဘာလ ၃၁ ရက်အထိ ရေထွက်ပို့ကုန် မက်ထရစ်တန် ၂၅၈၉၈၉ ဒသမ ၉၃၈ နှင့် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၅၈ ဒသမ ၄၃၅ သန်းကို ရရှိခဲ့ပြီးဖြစ်ပါသည်။ ယခင်နှစ်အလားတူ ကာလထက် ပို့ကုန်ပမာဏ ၃၇၃၆၀ ဒသမ ၁၁၆ မက်ထရစ်တန် တိုးမြှင့်တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၃၉၀ သန်းပိုမိုရရှိခဲ့ကြောင်း သိရှိရပါသည်။

ဖော်ပြပါတင်ပို့မှုအရှိန်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်ပါက မြန်မာနိုင်ငံ၏ ရေထွက်ပို့ကုန် ပမာဏသည် ဘဏ္ဍာနှစ် ကုန်ဆုံးသည့် ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၆၅၀ ခန့် ရရှိနိုင်ကြောင်း ခန့်မှန်းရပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှု ပမာဏ မက်ထရစ်တန် ၄၃၈၇၀၆ ကို တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၀၅ သန်း ရရှိခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၏ ရေထွက်ပို့ကုန်ပမာဏနှင့် တန်ဖိုးများကို ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်မှစတင်၍ ၁၁ နှစ်တိတိ ဖော်ပြပါဇယားအရ လေ့လာသုံးသပ်ရာတွင် ပို့ကုန်ပမာဏနှင့် တန်ဖိုးများမှာ သိသာထင်ရှားစွာ တိုးတက်ခြင်းမရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာသန်း ၇၀၀ ရရှိရန် ရည်မှန်းချက်ထား၍ ဆောင်ရွက်ခဲ့သော်လည်း ၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်များတွင်သာ အမေရိကန်ဒေါ်လာ သန်း ၆၅၀ ကျော် ရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ ပို့ကုန်ပမာဏမှာလည်း ၁၀နှစ်အတွင်း မက်ထရစ်တန် လေးသိန်းအောက်သာ တင်ပို့နိုင်ခဲ့ပြီး ယမန်နှစ်တွင်သာ မက်ထရစ်တန် လေးသိန်းကျော် တိုးမြှင့်တင်ပို့နိုင်ခဲ့သော်လည်း တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၀၅ သန်းသာ ရရှိခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

မြန်မာနိုင်ငံနှင့် ရေ၊ မြေ၊ ရာသီဥတုတူညီသည့် အိမ်နီးချင်း ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သည် ရေထွက်ကုန်ပစ္စည်းများကို ၎င်းတို့၏ နိုင်ငံသားများနှင့် လာရောက်လည်ပတ်ကြသည့် ဧည့်သည်များ၏ စားသုံးမှုအတွက် လုံလောက်စေရုံသာမက ကမ္ဘာ့ဈေးကွက်များသို့ တစ်နှစ်ပြီးတစ်နှစ် တိုးမြှင့်တင်ပို့နိုင်မှုကြောင့် ထိုင်းနိုင်ငံသည် ရေထွက်ပစ္စည်းပို့ကုန်ဝင်ငွေမှ ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၇၅၀၀ နှင့် ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ သန်း ၇၁၀၀ အသီးသီး ရရှိခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။

အဆိုပါနှစ်နိုင်ငံသည် နှစ်အလိုက် ရေထွက်ပို့ကုန်ပမာဏနှင့် တန်ဖိုးများ တိုးမြှင့်ရရှိစေရန် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိပြီး ၂၀၂၀ ခုနှစ်တွင် ထိုင်းနိုင်ငံသည် ရေထွက်ပို့ကုန်မှ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံနှင့် ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံရရှိရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံသည် သန့်ရှင်းသည့် ရေ၊ မြေ၊ မျှတသည့်ရာသီဥတု အစရှိသော သယံဇာတကောင်းများကို ပိုင်ဆိုင်ထားရှိပြီး ဒေသတွင်း နိုင်ငံများထက် သာလွန်ကောင်းမွန်သည့် အခြေအနေတွင် တည်ရှိသည့်အတွက် မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းများ (အထူးသဖြင့် ငါး၊ပုစွန်မွေးမြူရေးလုပ်ငန်းများ) ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျ တိုးချဲ့ဆောင်ရွက်စေခြင်းဖြင့် ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့၏ ရေထွက်ပို့ကုန်ဝင်ငွေများကဲ့သို့ ရရှိရန် အလားအလာကောင်းများဖြင့် ပြည့်စုံကြွယ်ဝသည့် နိုင်ငံဖြစ်ကြောင်းနှင့် ခေတ်မီ ငါး၊ပုစွန်မွေးမြူရေးလုပ်ငန်းများကို လိုအပ်သည့် အရင်းအနှီး၊ နည်းပညာနှင့် ဈေးကွက်များဖြင့် ဆက်စပ်ဆောင်ရွက်နိုင်ပါက အချိန်တိုအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများနှင့် နိုင်ငံခြားဝင်ငွေများ အဓိကရှာဖွေပေးနိုင်သည့် လုပ်ငန်းကြီးတစ်ခုဖြစ်စေရုံသာမက နိုင်ငံသားများ၏ ငါးရိက္ခာ လိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်မြင့်မားသည့် နိုင်ငံသားများဖြစ်စေရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း သိရှိရပါသည်။

နိုင်ငံတော်အတွင်း ပြုပြင်ပြောင်းလဲခဲ့သည့် နိုင်ငံရေးစနစ်များကြောင့် စီးပွားရေး ပိတ်ဆို့အရေးယူမှုများမှ ကင်းလွတ်ခွင့်ရရှိကာ ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး(GSP) များ ရရှိနေသည့် ယခုအချိန်အခါတွင် အဆိုပါအခွင့်အရေးများကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်စေခြင်းဖြင့် လက်မလွတ်တမ်းရယူသင့်ပါကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သတင်းရရှိပါသည်။

| ဘဏ္ဍာနှစ် | မက်ထရစ်တန် | အမေရိကန်ဒေါ်လာ(သန်း) |
|---|---|---|
| ၂၀၀၆-၀၇ | ၃၄၃၁၂၆. ၆၁ | ၄၆၈. ၁၆ |
| ၂၀၀၇-၀၈ | ၃၅၁၆၅၂. ၀၅ | ၅၆၁. ၀၂ |
| ၂၀၀၈-၀၉ | ၃၂၄၇၁၀. ၅၄ | ၄၈၃. ၂၃ |
| ၂၀၀၉-၁၀ | ၃၇၅၀၉၂. ၄၃ | ၄၉၆. ၅၉ |
| ၂၀၁၀-၁၁ | ၃၇၃၈၉၂. ၇၁ | ၅၅၅. ၅၂ |
| ၂၀၁၁-၁၂ | ၃၈၆၉၈၁. ၃၂ | ၆၅၃. ၈၅ |
| ၂၀၁၂-၁၃ | ၃၇၆၈၄၅. ၆၉ | ၆၅၂. ၄၈ |
| ၂၀၁၃-၁၄ | ၃၄၅၂၆၇. ၃၆ | ၅၃၆. ၂၇ |
| ၂၀၁၄-၁၅ | ၃၃၈၂၉၀. ၅၉ | ၄၈၂. ၂၅ |
| ၂၀၁၅-၁၆ | ၃၆၈၉၇၀. ၈၉ | ၅၀၂. ၆၃ |
| ၂၀၁၆-၁၇ | ၄၃၈၇၀၆. ၅၁ | ၆၀၅. ၈၂ |

**ခိုင်သဥ္ဇာ (MYANTRADE)**

## ကုန်သွယ်ရေး စခန်းများမှ နိုဝင်ဘာလအတွင်း ရော်ဘာပိုမိုတင်ပို့

နိုဝင်ဘာလ ၂၅ ရက်မှ ဒီဇင်ဘာလ ၁ ရက်အထိ သီတင်းတစ်ပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၀၃ သန်းတန်ဖိုးရှိ ရော်ဘာ ၁၆၅၂ တန်ကျော်တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများဖြစ်သော မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS 3 အမျိုးအစား ၃၄ တန်ခန့်၊ RSS 5 အမျိုးအစား ၄၄၈ တန်ကျော်၊ MSR 20 အမျိုးအစား ၁၇ တန် ကျော်၊ RSS 1 အမျိုးအစား ၁၇၁ တန်ကျော်တင်ပို့ပြီး ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းမှ RSS 3 အမျိုးအစား ၂၂၅ တန်၊ RSS 5 အမျိုးအစား ၅၆၇ တန်ခန့်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ RSS 3 အမျိုးအစားတန်ချိန် ၇၀ ကျော် တင်ပို့ခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေးတန်ချိန် ၁၂၀ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ၂၂၁၂ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ရော်ဘာတင်ပို့မှု ၅၅၉ တန်လျော့ကျခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS 3 အမျိုးအစားတစ်တန်လျှင် ကျပ် ၂၀ ဒသမ ၂၀၄ သိန်းရှိပြီး ယခင် တစ်ပတ်ထက်တစ်တန်ကို ၄၁၂၃ ကျပ် ဈေးတက်ကြောင်း သိရပါတယ်။


ကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာတစ်လလုံးမှာ ရော်ဘာ ၈၅၃၄ တန်ကျော် တင်ပို့ပြီး ရော်ဘာတင်ပို့မှုကြောင့်ရတဲ့ ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၉ ဒမသ ၉၀၂ သန်းဖြစ်ပါတယ်။ အနီးစပ်ဆုံးအောက်တိုဘာလက ရော်ဘာအဆင့်စုံ ၅၁၆၁ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် နိုဝင်ဘာလမှာ ရော်ဘာ ၃၃၇၃ တန်ပိုမိုတင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၆၇၆ သန်းတန်ဖိုးရှိ ရော်ဘာ ၄၈၆ တန်ကျော်ကို တင်ပို့ပြီး မလေးရှားနိုင်ငံသို့ RSS 3 အမျိုးအစားတန်ချိန် ၂၀၀ နဲ့ Synthetic Rubber (99% RSS-3-1%) အမျိုးအစားတန်ချိန် ၁၀၀၊ ဂျပန်နိုင်ငံသို့ MSR 20 အမျိုးအစား ၉၈ တန်၊ ကိုရီးယားနိုင်ငံသို့ TSR 20 အမျိုးအစား ၈၈ တန် ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၁၅၈ တန် တင်ပို့တဲ့အတွက် ယခု တစ်ပတ်မှာ ၃၂၈ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

နိုဝင်ဘာတစ်လလုံးမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၀၇ သန်း တန်ဖိုးရှိ ရော်ဘာ ၁၀၆၃ တန်ကျော်တင်ပို့ခဲ့ရာ အနီးစပ်ဆုံး အောက်တိုဘာလက ၁၈၇၂ တန်တင်ပို့ခဲ့တဲ့အတွက် နိုဝင်ဘာလမှာ ၈၀၉ တန် လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေးမှာ အနည်းငယ်သာ အပြောင်းအလဲရှိတဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးကိုလည်း မပြောင်းလဲဘဲ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်းဖြစ်ကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။

**ယဉ်ယဉ်အေး**




Go Further

CAPITAL AUTOMOTIVE

**YANGON SHOWROOM:**

No. (3), Ward (12), Insein Main Road, Hlaing Township, Yangon, Myanmar.
Ph : +95(0)1 521-959


**MANDALAY SHOWROOM:**

No. (55), Corner of 78th Street & 10th Street of Near Kywe Sel Kan, Pyi Gyi Tagon Township, Mandalay.
Ph : +95(0)2 56014-18

Ford-Myanmar.com | sales@ford-myanmar.com



"ယုံကြည်အားထား IKBZ အာမခံစွမ်းအား"
သင်၏အေးချမ်းတဲ့ဘဝကို ပိုင်ဆိုင်စေညီအခွင့်အရေး
သင်၏ အသက်၊ အိုးအိမ်၊ စည်းစိမ် အားလုံးနှင့်
ယှဉ်တွဲတည်ရှိနေသော
ဆုံးရှုံးမှု အန္တရာယ်များအတွက်
စိုးရိမ်ကြောင့်ကြရန်မလို
IKBZ မှ တာဝန်ယူပါရစေ။
IKBZ Insurance
HOT LINE
01-2307000
09-792307000
- မီးနှင့်သဘာဝဘေးအန္တရာယ်အာမခံ
- အလုံးစုံမော်တော်ယာဉ်အာမခံ
- ကုန်စည်ပို့ဆောင်ရေးအာမခံ
- ငွေသားလုံခြုံမှုအာမခံ
- ငွေပို့ငွေသယ်အာမခံ
- သမာဓိအာမခံ
- ရေယာဉ်ကိုယ်ထည်အာမခံ
- ပြည်သူ့ပြည်သားအသက်အာမခံ
- စုပေါင်းအသက်အာမခံ
- ကျန်းမာရေးအာမခံ
- မြွေအန္တရာယ် အာမခံ
- အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
- တောင်သူလယ်သမားအသက်အာမခံ
- ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
- ခရီးသွားအာမခံ (ပြည်တွင်း၊ ပြည်ပ)
အမှတ် - ၅၃၊ Strand Square၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
www.i-kbz.com
www.facebook.com/ikbzinc

MYANMAR ESSENTIAL WORLD
M E W
Myanmar Essential World
09 515 7337, 09 517 4546
Email: koaye@myanmaressential.com
အမှတ် (၂၉)၊ ပုညဝမ္မနလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်
Ph : 09 5157337, 09 73015624, 09 5174546, 09 450007097, 01 209461, 01 554703. Fax : 01 209320
Email : myanmaressentialworld2011@gmial.com. Website : www.myanmaressentialworld.com
M.E.W Co., Ltd. ပိုင်မြေပေါ်တွင် တည်ဆောက်မည့် သီလဝါစီမံကိန်းအတွင်း ကိုယ်ပိုင်မြေဂရန်အမည်ပေါက်ဖြင့် လုံးချင်းသီးသန့်နေထိုင်ချင်သူများ အတွက် မိမိတို့ကုမ္ပဏီမှ ပေ ၄၀ × ၆၀ မြေကွက်ပေါ်တွင် ဝယ်ယူသူစိတ်တိုင်းကျ လုပခေတ်မီသော အဆင့်မြင့် လုံးချင်းအိမ်ယာများ တည်ဆောက်၍ ချိုသာသောဈေးနှုန်း အရစ်ကျငွေပေးချေစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး အိမ်နှင့်မြေတန်ဖိုး၏ 50% ပေးသွင်းပြီးပါက ဝယ်ယူသည့် Customer များအား လုံးချင်း တိုက်ပေါ်နေထိုင်ခွင့်ပြုမည်ဖြစ်ပြီး ကျန်ငွေအား ဘဏ်တိုးမပါ အရစ်ကျငွေပေးသွင်းစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။ လူကြီးမင်းတို့၏ အဖိုးတန်လှသော အဆောက်အဦများ၊ ရုံးများ၊ နေအိမ်များတွင် အခန်းတွင်းအလှဆင်ခြင်း၊ ပြန်လည်ပြုပြင် ပြင်ဆင်ခြင်း၊ အခန်းဖွဲ့ပေးခြင်း၊ အဆောက်အဦများ ဆောက်လုပ်လိုခြင်းစသည့် လုပ်ငန်းများကို စိတ်တိုင်းကျ ခေတ်မီဆန်းသစ်စွာ အလှဆင်ဆောင်ရွက်ပေးကြောင်း အထူးသတင်းကောင်းထပ်မံပါးအပ်ပါသည်။

# စားသုံးသူများနစ်နာမှုအတွက် တိုင်ကြားရန် CICC ထံ

[ နိုင်ဦး၊ မြင့်မြင့်ချို ]

ယနေ့ခေတ်တွင် တိုးတက်ဖွံ့ဖြိုးမှုများစွာ ဖြစ်ပေါ်နေသည်။ နည်းပညာသတင်းအချက်အလက်များ၊ သွားလာသယ်ယူပို့ဆောင်ရေးစနစ်များ၊ ကုန်သွယ်ရောင်းဝယ်မှုစနစ်များ၊ တည်ဆောက်မှုစနစ်များစသည်ဖြင့် တစ်နေ့နှင့်တစ်နေ့ မတူညီ နေ့စဉ်နှင့်အမျှပြောင်းလဲနေသည်။ ထိုပြောင်းလဲတိုးတက်လာမှုများနှင့်အတူ ဆိုးကျိုးများစွာပါဝင်နေသည်ကိုလည်း သတိပြုရန်အထူးလိုအပ်လှပါသည်။ အဆိုပါ ဆိုးကျိုးများကိုဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် နိုင်ငံတိုင်းတွင်အသိပညာပေးခြင်း၊ ဟောပြောဆွေးနွေးခြင်းနှင့် စစ်ဆေးအရေးယူရန်ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ မူဝါဒများချမှတ်ကာဆောင်ရွက်လျက်ရှိပါသည်။

အလားတူ မြန်မာနိုင်ငံတွင်လည်း လူသုံးအိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ စားသုံးသူများ၏ အခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေး၊ နစ်နာဆုံးရှုံးမှုများကို ကုစားဖြေရှင်းပေးနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ (၂၀၁၄) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံရှိ ၅၁ သန်းကျော်သော ပြည်သူများကျန်းမာဝပြောသည့် လူ့ပတ်ဝန်းကျင်တွင် ရှင်သန်နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံး လွှမ်းခြုံ၍ ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေမှ သတ်မှတ်ပြဋ္ဌာန်းထားသည့် အချက်များနှင့်အညီ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီကို ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိသလို တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်များတွင်လည်း စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို ဖွဲ့စည်းထားပြီး ထိုအဖွဲ့အောက်တွင် တိုင်ကြားမှုလက်ခံဆောင်ရွက်စေရေးလုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီနှစ်ရပ်ကိုဖွဲ့စည်း၍ စားသုံးသူပြည်သူများအားပညာပေးဟောပြောဆွေးနွေးခြင်း၊ ပညာပေးစာရွက်စာတမ်းများဖြန့်ဝေခြင်း၊ လူစည်ကားရာနေရာများတွင် ပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ မီဒီယာနည်းလမ်းပေါင်းစုံကိုအသုံးပြု၍ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သဖြင့် စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော လူသုံးအိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုများကို စိစစ်ရွေးချယ်ဝယ်သုံးစွဲတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာကြပါသည်။

နစ်နာဆုံးရှုံးမှုများ ကြုံတွေ့လာပါကလည်း လွတ်လပ်စွာ၊ ပွင့်လင်းမြင်သာစွာ တိုင်ကြား၍ ကုစားဖြေရှင်းပေးမှုများကို အလေးထားလိုက်နာဆောင်ရွက်လာကြသည်ကို အားရဖွယ်တွေ့ရှိလာရပါသည်။

**CICC ရုံးများ**

စားသုံးသူများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ နစ်နာမှုများကို အချိန်တိုအတွင်းကုစားဖြေရှင်းပေးနိုင်ရေးအတွက်လည်းကောင်း၊ စားသုံးသူများမိမိတို့၏ နစ်နာဆုံးရှုံးမှုများကို အလွယ်တကူ တိုင်ကြားနိုင်ရေးအတွက်လည်းကောင်း၊ စားသုံးသူများယုံကြည်အားကိုးမှုများ မြင့်မားလာစေရေးအတွက်လည်းကောင်း စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ Consumer Information and Complaint Center (CICC) ရုံးများကို စားသုံးသူ အခွင့်အရေးနှင့် အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရန်၊ ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိစေရန် ၊ ကုန်စည်ဝန်ဆောင်မှုများနှင့်ပတ်သက်၍ အရည်အသွေးစံနှုန်းသတ်မှတ်ချက်များ ကိုက်ညီရန်နှင့် စားသုံးသူများလုံခြုံစိတ်ချရမှုရှိစေရန် တိုင်းဒေသကြီး/ပြည်နယ်များရှိ ခရိုင် ၄၈ ခရိုင်တွင်ဖွင့်လှစ်၍ စားသုံးသူပြည်သူများ၏ နစ်နာဆုံးရှုံးမှုများကို ကုစားဖြေရှင်းပေးလျက်ရှိပါသည်။ မြန်မာတစ်နိုင်ငံလုံး လွှမ်းခြုံ ဆောင်ရွက်နိုင်ရေးအတွက် တိုးချဲ့ဖွင့်လှစ်ရန်အတွက်လည်း ဆောင်ရွက်လျက်ရှိပါသည်။

**CICC စင်တာများ၏ တာဝန်များ**

သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များရှိ စားသုံးသူပြည်သူများနစ်နာဆုံးရှုံးမှုများနှင့် ပတ်သက်၍ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်-

(က) တိုင်ကြားမှုများကို လက်ခံရန် တာဝန်ချထားခြင်း။
(ခ) တိုင်ကြားလာမှုများကိုလက်ခံခြင်း။
(ဂ) သက်ဆိုင်ရာ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့ တင်ပြခြင်း။
(ဃ) သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။
(င) တိုင်ကြားမှုနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးခြင်း။

**တိုင်ကြားလာမှုများနှင့် ပတ်သက်၍CICC ၏ ဆောင်ရွက်ပုံအဆင့်ဆင့်**

စားသုံးသူများက ၎င်းတို့၏နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ တိုင်ကြားလာမှုများကို CICC ရုံးများက အောက်ပါအတိုင်းအဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) တိုင်ကြားမှုများကို လက်ခံခြင်း။
(ခ) တိုင်ကြားမှုမှန်/မမှန် သုံးသပ်ခြင်း။
(ဂ) မှန်ကန်ပါက တိုင်ကြားမှုလက်ခံရရှိကြောင်း တိုင်ကြားသူသို့ ၄၈ နာရီအတွင်းပြန်ကြားခြင်း။
(ဃ) တိုင်ကြားသူနှင့် တိုင်ကြားခံရသူတို့နှစ်ဦးတွေ့ဆုံညှိနှိုင်းဖြေရှင်းပေးခြင်း။
(င) မပြေလည်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသော ဖြေရှင်းရေးအဖွဲ့သို့ဆက်လက်တင်ပြပေးခြင်း။
(စ) တိုင်ကြားမှုနှင့်ပတ်သက်၍ ကျွမ်းကျင်သောစုံစမ်းစစ်ဆေးရေးအဖွဲ့သို့ ဆက်လက်တင်ပြပေးခြင်း။
(ဆ) စီမံခန့်ခွဲမှုနည်းလမ်းများအရ အရေးယူဖြေရှင်းပေးခြင်း။
(ဇ) တိုင်ကြားသူက မကျေနပ်ပါက သက်ဆိုင်ရာ တရားရုံးများတွင် တရားစွဲဆိုနိုင်ရန် ညွှန်ကြားခြင်း။

**CICC တိုင်ကြားစာပုံစံ**

CICC စင်တာများသို့ တိုင်ကြားရာတွင် တိုင်ကြားမှုပုံစံဖြင့်ဖြစ်စေ၊ ဖုန်း၊ Fax ၊ အခြားနည်းလမ်းပေါင်းစုံအသုံးပြု၍ဖြစ်စေ တိုင်ကြားရန်နွေးထွေးပျူငှာစွာဖိတ်ခေါ်အပ်ပါသည်။

(CICC ၏ တိုင်ကြားစာပုံစံများကို CICC ရုံးဖွင့်လှစ်ထားသည့် နေရာများတွင်ရရှိနိုင်ပါသည်။)

**CICC ၏ ဖြေရှင်းမှုစနစ်များ**

CICC စင်တာများမှ စားသုံးသူများနစ်နာဆုံးရှုံးမှုများနှင့် ပတ်သက်၍ အောက်ပါ နည်းလမ်းနှစ်မျိုးဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) တိုင်ကြားမှုများကို စားသုံးသူရေးရာဦးစီးဌာနနှင့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များက ညှိနှိုင်းဖြေရှင်းပေးခြင်း။
(ခ) စားသုံးသူ အကာအကွယ်ပေးရေးနှင့် တိုက်ရိုက်မသက်ဆိုင်သော တိုင်ကြားမှုများကို သက်ဆိုင်ရာဌာနများသို့ ဥပဒေနှင့်အညီ လွှဲပြောင်းပေးအပ်ဆောင်ရွက်စေခြင်း။

**CICC စင်တာများက ဖြေရှင်းပေးခဲ့သည့် ကိစ္စရပ်အချို့**

CICC စင်တာများဖွင့်လှစ်ပြီးနောက် စားသုံးသူများသည် ၎င်းတို့၏ နစ်နာဆုံးရှုံးမှုများနှင့် ပတ်သက်၍ စားသုံးသူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အခြားလူမှုမီဒီယာများမှဖြစ်စေ တိုင်ကြားလာမှုများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးခဲ့မှုအချို့အား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(က) ဆက်သွယ်ရေးဝန်ဆောင်မှုနှင့် ပတ်သက်၍ ကြေညာထားသည့်အတိုင်း မပေးခဲ့သဖြင့် တိုင်ကြားလာမှုအပေါ် အဆိုပါ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအား ရှင်းလင်းပြတ်သားသည့် ဖြေရှင်းမှုမပြီးမချင်းရပ် ဆိုင်းထားရန်၊ နစ်နာသည့် တိုင်ကြားသူတောင်းဆိုသည့် ကိုယ်စားနာမည်တစ်ခုတပ်၍ ပညာရေးကဏ္ဍတွင် ကူညီဆောင်ရွက်ရန်ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။

(ခ) ဟမ်ဘာဂါပေါင်မုန့်တွင် မှိုပါဝင်နေမှုနှင့်ပတ်သက်၍ Viber ဖြင့် တိုင်ကြားလာမှုအပေါ် အဖွဲ့ဖြင့် အဆိုပါဆိုင်သို့ သွားရောက်စစ်ဆေး၍ ဆိုင်ပိုင်ရှင် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဝန်ခံကတိလက်မှတ်ရေးထိုးခဲ့စေပြီး တိုင်ကြားသူထံ ဖြေရှင်းဆောင်ရွက်ခဲ့မှုများအား ဖုန်းဖြင့် အသိပေးရာ တိုင်ကြားသူမှ ကျေနပ်ကြောင်း ပြောကြားခဲ့ပါသည်။

(ဂ) ဘတ်တာကိတ်မုန့်တွင် မှိုတက်နေခြင်း၊ သက်တမ်းကုန်ရက်စွဲ ပြောင်းကပ်ထားကြောင်း Facebook တွင် တိုင်ကြားလာမှုအပေါ် အဖွဲ့ဖြင့် အဆိုပါဆိုင်သို့ သွားရောက်စစ်ဆေး၍ ဆက်လက်ရောင်းချပါက ဥပဒေအရထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ် ရေးထိုးခဲ့ပါသည်။

(ဃ) ဖုန်းဝယ်ယူပြီး သက်တမ်းမကုန်မီ ပျက်စီးသွား၍ လက်ခမဲ့ပြင်ပေးရန် ပြောကြားရာ ဆိုင်ရှင်က လက်မခံသဖြင့် တိုင်ကြားလာမှုအပေါ် ဝယ်သူ၊ ရောင်းသူနှစ်ဦး တွေ့ဆုံညှိနှိုင်းစေခဲ့ရာ ဆိုင်ရှင်မှ Service Center သို့ပေးပို့ပြင်ဆင်ပေးမည်ဖြစ်ကြောင်း၊ ပြင်ဆင်ခပေးစရာမလိုကြောင်း ဝယ်သူစိတ်တိုင်းကျ ဆောင်ရွက်ပေးခဲ့သည်။

(င) ဘဏ်တစ်ဘဏ်၏ ATM စက်မှ Visa ကတ်ဖြင့် ကျပ်နှစ်သိန်းထုတ်ယူရာ တစ်သိန်းခြောက်သောင်းကျော်သာထွက်ရှိ၍ တိုင်ကြားလာမှုအပေါ် အဆိုပါဘဏ်သို့ အကြောင်းကြားခဲ့ရာ ဘဏ်မှစစ်ဆေး၍ တွေ့ရှိချက်များနှင့်အတူ တိုင်ကြားသူလက်ခံနိုင်သည်အထိ ဖြေရှင်းရှင်းလင်းပြန်ကြားခဲ့ပါသည်။

(စ) စားသောက်ဆိုင်တစ်ဆိုင်တွင် ဘဲသားဟင်းအနံ့ မကောင်းခြင်း၊ ပိုးကောင်တွေ့ခြင်း၊ တံဆိပ်ခေါင်းမပါဘဲ အခွန်အခပေးရခြင်းနှင့် ပတ်သက်၍ တိုင်ကြားလာမှုအပေါ် အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေး၍ ဝန်ခံကတိရေးထိုးစေကာလိုက်နာရမည့်အချက်များအားမှာကြားခဲ့ပါသည်။ ထိုသို့ဖြေရှင်းခဲ့မှုအပေါ် တိုင်ကြားသူထံဖုန်းဖြင့်ပြောကြားခဲ့ရာ ကျေနပ်ကြောင်းပြန်ကြားခဲ့ပါသည်။

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် တိုင်ကြားရန်နေရာများ**

တိုင်းဒေသကြီး/ပြည်နယ်အလိုက်ဖွင့်လှစ်ထားသည့် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ(CICC) များနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးတွင် ဖုန်းနံပါတ် ၀၁-၂၅၀၂၇၀၊ ၀၁- ၂၅၄၀၁၉၊ ဖက်စ်နံပါတ် ၀၁-၂၅၄၀၂၃ သို့ဖြစ်စေ၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ဖုန်းနံပါတ် ၀၅၃-၂၈၀၃၂၊ ၀၅၃-၂၈၀၂၀၊ ဖက်စ်နံပါတ် ၀၅၃-၂၈၂၂၀ သို့ဖြစ်စေ၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) ဖုန်းနံပါတ် ၀၅၂-၂၂၂၁၈၄၄၊ ၀၅၂-၂၂၂၁၁၀၈၊ ၀၅၂-၂၂၂၁၀၃၆ သို့ဖြစ်စေ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဖုန်းနံပါတ် ၀၄၂-၂၄၅၂၀၊ ၀၄၂-၂၄၅၂၂၊ ဖက်စ်နံပါတ် ၀၄၂-၂၁၈၁၁ သို့ဖြစ်စေ၊ မန္တလေးတိုင်းဒေသကြီးတွင် ဖုန်းနံပါတ် ၀၂-၃၆၃၄၂၊ ၀၂-၃၆၃၃၉၊ ဖက်စ်နံပါတ် ၀၂-၃၆၃၄၀ သို့ဖြစ်စေ၊ ရခိုင်ပြည်နယ်တွင် ဖုန်းနံပါတ် ၀၄၃-၂၃၄၂၆၊ ဖက်စ်နံပါတ် ၀၄၃-၂၃၄၂၆ သို့ဖြစ်စေ၊ မကွေးတိုင်းဒေသကြီးတွင် ဖုန်းနံပါတ် ၀၆၃-၂၃၁၉၆၊ ၀၆၃-၂၃၁၉၇၊ ဖက်စ်နံပါတ် ၀၆၃-၂၃၁၉၉ သို့ဖြစ်စေ၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဖုန်းနံပါတ် ၀၈၁-၂၁၂၁၆၁၅၊ ဖက်စ်နံပါတ် ၀၈၁-၂၁၂၁၆၂၇ သို့ဖြစ်စေ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ဖုန်းနံပါတ် ၀၈၄-၂၁၀၃၄၊ ဖက်စ်နံပါတ် ၀၈၄-၂၁၀၃၄ သို့ဖြစ်စေ၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖုန်းနံပါတ် ၀၈၂-၂၃၀၃၉၊ ဖက်စ်နံပါတ် ၀၈၂-၂၃၄၉၃ သို့ဖြစ်စေ၊ ကရင်ပြည်နယ်တွင် ဖုန်းနံပါတ် ၀၅၈-၂၁၀၄၁၊ ဖက်စ်နံပါတ် ၀၅၈-၂၁၆၆၆ သို့ဖြစ်စေ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဖုန်းနံပါတ် ၀၅၉-၄၁၀၁၂၊ ဖက်စ်နံပါတ် ၀၅၉-၄၁၀၁၂ သို့ဖြစ်စေ၊ ကချင်ပြည်နယ်တွင် ဖုန်းနံပါတ် ၀၇၄-၂၂၄၅၉၊ ဖက်စ်နံပါတ် ၀၇၄-၂၂၄၅၉ သို့ဖြစ်စေ၊ ကယားပြည်နယ်တွင် ဖုန်းနံပါတ် ၀၈၃-၂၂၂၁၀၀၅၊ ဖက်စ်နံပါတ် ၀၈၃-၂၂၂၁၀၀၅ သို့ဖြစ်စေ၊ မွန်ပြည်နယ်တွင် ဖုန်းနံပါတ် ၀၅၇-၂၀၂၄၃၁၈၊ ဖက်စ်နံပါတ် ၀၅၇-၂၀၂၄၈၀၉ သို့ဖြစ်စေ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖုန်းနံပါတ် ၀၇၁-၂၃၆၃၀၊၀၇၁-၂၂၉၂၄၊ ဖက်စ်နံပါတ် ၀၇၁-၂၃၆၃၀ သို့ဖြစ်စေ၊ နေပြည်တော်ကောင်စီနယ်မြေတွင် CICC စင်တာများဖွင့်လှစ်ရန်လျာထားဆဲဖြစ်သော်လည်း ဖုန်းနံပါတ် ၀၆၇-၄၃၀၄၆၈၊ ၀၉-၇၉၄၆၁၄၁၁၇၊ ဖက်စ်နံပါတ် ၀၆၇-၄၃၀၄၆၇ သို့ဖြစ်စေ၊ ချင်းပြည်နယ်တွင် ဖုန်းနံပါတ် ၀၇၀-၂၁၈၇၃၊ ဖက်စ်နံပါတ် ၀၇၀-၂၁၈၇၃ သို့ဖြစ်စေတိုင်ကြားနိုင်ပါသည်။

သို့ပါ၍ မြန်မာနိုင်ငံအတွင်းရှိ၅၁ သန်းကျော်သောပြည်သူများ စားသုံးသူ အခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော လူသုံး၊ အိမ်သုံးပစ္စည်းများ ဝန်ဆောင်မှုလုပ်ငန်းများအား ရယူသုံးစွဲနိုင်ရေး၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော ပစ္စည်းများထုတ်လုပ်နိုင်ရေးအတွက် စားသုံးသူရေးရာဦးစီးဌာနမှ အရှိန်အဟုန်မြင့်တင်ဆောင်ရွက်လျက်ရှိသကဲ့သို့ စားသုံးသူများထိခိုက်နစ်နာဆုံးရှုံးမှုများရှိခဲ့ပါက ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်များတွင် ဖွင့်လှစ်ထားသည့် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ ( Consumer Information and Complaint Center- CICC) များတွင် တိုင်ကြားနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။

# ဈေးကွက်အလားအလာကောင်းတဲ့ ပဲပုပ်

[ မျိုးသီတာ(မြင်းခြံ) ]

ပဲပုပ် (Soy) (Soya Bean) သည် အာဟာရဓာတ်ကြွယ်ဝသော သီးနှံတစ်မျိုးဖြစ်သကဲ့သို့ စီးပွားရေးအရလည်း တွက်ခြေကိုက် မျက်နှာပန်းလှသော သီးနှံတစ်မျိုးဖြစ်ပါတယ်။ ပဲပုပ်၏ မူရင်းပေါက်ရောက်ရာဒေသမှာ အရှေ့အာရှဖြစ်ပြီး ၂၀၁၄ ခုနှစ်စာရင်းအရ အများဆုံးစိုက်ပျိုးထုတ်လုပ်သော နိုင်ငံများမှာ အမေရိကန်၊ ဘရာဇီး၊ အာဂျင်တီးနားနှင့် တရုတ်နိုင်ငံတို့ဖြစ်ပြီး ကမ္ဘာ့အထွက်နှုန်းကောင်းသော နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်ပါတယ်။ ပဲပုပ်ကို အများဆုံးတင်ပို့သော နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊ ဘရာဇီး၊ အာဂျင်တီးနား၊ ကနေဒါနိုင်ငံများ ဖြစ်ပါတယ်။ ပဲပုပ်ကိုအများဆုံး တင်သွင်းတဲ့ နိုင်ငံတွေကတော့ တရုတ်၊ အီးယူ၊ မက္ကဆီကို၊ ဂျပန်၊ ထိုင်း၊ အီဂျစ်၊ အင်ဒိုနီးရှားအစရှိတဲ့နိုင်ငံတွေဖြစ်ပါတယ်။

ပဲပုပ်ဟာ ပဲမျိုးစုံသီးနှံများအနက် ပရိုတင်းခေါ် အသားဓာတ်နှင့် ဆီပါဝင်မှုရာခိုင်နှုန်း အများဆုံးသီးနှံဖြစ်ပါတယ်။ ပဲပုပ်အမျိုးအစားကိုလိုက်ပြီး ပရိုတင်း ၃၀ ရာခိုင်နှုန်းမှ ၄၆ ရာခိုင်နှုန်း၊ အဆီဓာတ် ၁၂ ရာခိုင်နှုန်းမှ ၂၄ ရာခိုင်နှုန်း အထိ ပါဝင်ပါတယ်။ အမိုင်နိုအက်ဆစ်နဲ့ ဗီတာမင်စီဓာတ်များလည်းပါဝင်တဲ့အတွက် ကျန်းမာရေးအတွက် ကောင်းပါတယ်။ ပဲပုပ်မှာပါတဲ့ ပရိုတင်းဓာတ်ဟာ နွားနို့၊ ကြက်ဥ၊ အခြားအသားတို့မှာပါတဲ့ ပရိုတင်းဓာတ်နဲ့လည်း တူညီတယ်လို့ ဆိုပါတယ်။

ပဲပုပ်ကို ကုန်းမြင့်ပိုင်း တောင်ပေါ်ဒေသများမှာ မေလနှင့် ဇွန်လများတွင် လည်းကောင်း၊ မြေပြန့်တွင်ဩဂုတ်လနှင့်စက်တင်ဘာလများတွင် လည်းကောင်း၊ မြေနုကျွန်းများမှာစက်တင်ဘာလနှင့် အောက်တိုဘာလများတွင် လည်းကောင်း စိုက်ပျိုးကြပါတယ်။ ပဲပုပ်ထွက်ရှိသည့်ကာလများအနေနဲ့ကတော့ ကုန်းမြင့်ပိုင်းမှာ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် လည်းကောင်း၊ မြေပြန့်ပိုင်းမှာ ဒီဇင်ဘာလနှင့်ဇန်နဝါရီလများတွင် လည်းကောင်းထွက်ရှိပါတယ်။ အများအားဖြင့် ပဲပုပ်မျိုးများမှာ ရေဆင်း(၅)၊ ရေဆင်း(၆)နဲ့ ရေဆင်း(၁၁)မျိုးတွေကို ဒေသအနှံ့အပြားမှာ စိုက်ပျိုးလျက်ရှိပါတယ်။ မျိုးလိုအပ်ချက်ကတော့ တစ်ဧကကို မျိုးစေ့ ၁၂ ပြည်မှ ၁၆ ပြည်အထိ အသုံးပြုကြပါတယ်။ ပဲပုပ်ကိုသက်တမ်းအလိုက်သက်လျင်မျိုး ၇၅ ရက်မှ ၈၄ ရက်၊သက်လတ် မျိုး ၈၅ ရက်မှ ၉၄ ရက်၊ သက်ကြီးမျိုး ၉၅ ရက်အထက်ဆိုပြီး သတ်မှတ်ထားပါတယ်။ တစ်ဧက ကုန်ကျစရိတ်အနေနဲ့ကတော့ ကျပ် ၁၁၅၀၀၀ ခန့်ကုန်ကျပါတယ်။

ဒီလိုအာဟာရဓာတ်တွေနဲ့ ပြည့်စုံပြီး ပြည်တွင်းဈေးကွက်လည်းရှိပြီးဖြစ်တဲ့ ပဲပုပ်ကို မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၇-၂၀၁၈ခုနှစ်မှာ မိုးပဲပုပ် ၄၄၆ ဧက၊ ဆောင်းပဲပုပ် ၃၀၅၂၂ ဧက၊ စုစုပေါင်း မိုးဆောင်းပဲပုပ် ၃၀၉၆၈ ဧကအား စိုက်ပျိုးထုတ်လုပ်ရန် လျာထားပြီး တိုင်းဒေသကြီးအတွင်း ပဲပုပ်အများဆုံးစိုက်သည့် ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်ဟာ ၁၂၆၇၀ ဧက စိုက်ပျိုးရန်လျာထားပါတယ်။ ပြင်ဦးလွင်ခရိုင်အနေနဲ့ကတော့ မိုး၊ ဆောင်း ပဲပုပ်ပေါင်းဧက ၁၅၀၀၀ ကျော်ခန့်စိုက်ပျိုးရန်လျာထားပြီး မြင်းခြံခရိုင်အနေနဲ့၂၀၁၅-၂၀၁၆မှာဧက ၁၁၂၀၀ ကျော်၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ဧက ၁၀၆၀၀ ကျော် စိုက်ပျိုးရိတ်သိမ်းခဲ့ပြီး အထွက်နှုန်းအနေနဲ့ ၁၂ တင်းခန့်ထွက်ရှိခဲ့ပါတယ်။ မြင်းခြံခရိုင်မှာ အများဆုံးစိုက်ပျိုးတာကတော့ မြင်းခြံမြို့နယ်နဲ့ ငါန်းဇွန်မြို့နယ်ဖြစ်ပါတယ်။ ဒီမြို့နယ်တွေဟာ နှစ်စဉ် ဧက ၅၀၀၀ ကျော် စိုက်ပျိုးလေ့ရှိတဲ့မြို့နယ်များ ဖြစ်ပါတယ်။ ကာလတူနှိုင်းယှဉ်ချက်အနေနဲ့ ပဲပုပ်ကို ၂၀၁၆-၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် စိုက်ဧက ၁၃၇၀ ခန့်နဲ့၂၀၁၇-၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် စိုက်ဧက ၂၄၀၀ ကျော်ဖြစ်တဲ့အတွက် တောင်သူတွေအနေနဲ့ပဲပုပ်ဟာ စီးပွားဖြစ် တွက်ခြေကိုက်တဲ့ သီးနှံတစ်မျိုးဖြစ်ကြောင်း သိရှိလာလို့ ပိုမိုစိုက်ပျိုးလာကြပါတယ်။

မြင်းခြံခရိုင်မှာ ၂၀၁၇-၂၀၁၈ ခုနှစ် လျာထားစိုက်ဧက ၁၂၆၀၀ ကျော်မှာ စိုက်ပျိုးပြီး ဧက ၂၄၀၀ ကျော်ဖြစ်ပါတယ်။ မြင်းခြံမြို့နယ်အနေနဲ့ စိုက်ဧက ၇၃၀၀ ကျော်မှာ ၂၀၁၇ ခုနှစ် အောက်တိုဘာလကုန်အထိ ၁၆၄၃ ဧကစိုက်ပျိုးပြီးဖြစ်လို့ အရင်နှစ်တွေထက် ယခုနှစ်မှာ စိုက်ဧက ၂၀၀၀ ကျော် ပိုမိုစိုက်ပျိုးထားရှိတာကို တွေ့ရပါတယ်။ ဒါ့အပြင် မြင်းခြံခရိုင်အနေနဲ့ ပဲပုပ်ဟာ ဒေသနဲ့ကိုက်ညီပြီး စီးပွားရေးအရ တွက်ခြေကိုက်သလို ကုန်ကျစရိတ်လည်း နည်းပြီး အကျိုးအမြတ်များတဲ့သီးနှံဖြစ်ခြင်းတို့ကြောင့် မတ်ပဲလျာထားဧက ၅၃၂ ဧကမှာ ပဲပုပ် ၂၁၂ ဧကကို အစားထိုး စိုက်ပျိုးသွားမှာလည်းဖြစ်ပါတယ်။

ပဲပုပ်ကိုမြင်းခြံမြို့အနီး မြစ်ဘေးနားမှာရှိတဲ့ ကျေးရွာတွေက လာရောက်ရောင်းချပြီး မြင်းခြံရဲ့ပဲပုပ်ဈေးကွက်ကတော့ လက်ရှိပေါက်ဈေးဗမာပဲပုပ်တစ်ပိဿာ ကျပ် ၂၂၀၀ ဈေးဖြစ်လို့ တစ်တင်း ကျပ် ၄၄၀၀၀ ခန့်နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ ကာလတူနှိုင်းယှဉ်ချက်အနေနဲ့ ယခင်နှစ်နိုဝင်ဘာလမှာ ပဲပုပ်ဈေးကတစ်ပိဿာ ၉၇၈ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ဒီနှစ်မှာတော့ ကျပ် ၂၂၀၀ နှုန်းနဲ့ အရောင်းအဝယ်ဖြစ်နေတဲ့အတွက် ဈေးကွက်အနေအထားအရ အလားအလာကောင်းပြီး တွက်ခြေကိုက်တဲ့အတွက်ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးလာကြတာဖြစ်တယ်လို့ လည်းကုန်သည်တစ်ဦးကဆိုပါတယ်။

ငါန်းဇွန်မြို့နယ်မှာတော့ ဆောင်းပဲပုပ်ဟာ ရေကျပြီး တင်ကျန်နေတဲ့ နုန်းမြေရေစပ်စပ်မှာ ကြဲပက်စိုက်ပျိုးပါတယ်။ ကုန်းနဲ့ကိုင်းမြေများမှာ စိုက်ပျိုးပြီး လျာထားဧက ၅၂၀၀ ကျော်မှာဧက ၇၆၀ ခန့်စိုက်ပျိုးပြီးဖြစ်ပါတယ်။ သက်တမ်းကတော့ သုံးလခွဲမှ လေးလအတွင်းတစ်ဧက ၁၃ တင်းမှ ၁၅ တင်းအထိ ထွက်ရှိတယ်လို့ဆိုပါတယ်။ မနှစ်ကပဲပုပ်အထွက်တင်းပေါင်း ၆၆၃၀၀ ထွက်ရှိပြီး တောင်သူလက်ဝယ်ကျန်ရှိတဲ့ ပဲပုပ်အနည်းငယ်ကိုတင်ပို့ရောင်းချလျက်ရှိကြောင်းနဲ့ လက်ရှိပေါက်ဈေး တစ်တင်းကျပ် ၄၀၀၀၀ ခန့်နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ ပဲပုပ်(ဗမာ) ဆိုပြီး ကုန်စည်ဒိုင်ဈေးကွက်မှာ သုံးတင်းဝင်တစ်အိတ် ကျပ် ၁၂၀၀၀၀ မှ ကျပ် ၁၂၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်းနဲ့ ဗမာပဲပုပ်တစ်ဧက ကုန်ကျစရိတ် ကျပ် ၁၁၅၀၀၀ ခန့်ကုန်ကျပြီး တစ်ဧကကျပ် သုံးသိန်းခန့် အကျိုးအမြတ်ရှိတယ်လို့ တောင်သူတစ်ဦးက ဆိုပါတယ်။

ပဲပုပ်ကိုမြင်းခြံခရိုင်အတွင်းရှိ နွားထိုးကြီးမြို့နယ်မှာ ဒေသထွက်ကုန်အဖြစ် ကောက်ညှင်းကိုပေါင်းပြီး ပဲပုပ်ကိုပြုတ်၍ စက်နဲ့ကြိတ်ပြီးရောနှယ်ထားတဲ့ ကောက်ညှင်းပဲပုပ်ခြောက်အဖြစ်လည်းကောင်း၊ ပဲပုပ်ငရုတ်သီးကြော်၊ ပဲပုပ်အသားတုကြော်၊ ဂျုံပဲပုပ်ကြော်ထုပ်လေးများကိုတစ်ထုပ် ကျပ် ၅၀၀ ဖြင့်ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ကလော၊ အောင်ပန်း၊ ဝမ်းတွင်း၊ မိတ္ထီလာအစရှိတဲ့ မြန်မာနိုင်ငံ ဒေသအနှံ့အပြားကိုလည်း တင်ပို့ရောင်းချလျက်ရှိပါတယ်။

ပဲပုပ်ကိုစားသုံးဆီ(Vegetable Oil)အဖြစ် သာမက လူသုံးကုန်ပစ္စည်းများဖြစ်တဲ့ ပိုးသတ်ဆေး၊ ဆပ်ပြာ၊ အိမ်သုတ်ဆေး၊ ပုံနှိပ်မင်၊ ဆေးဝါးထုတ်လုပ်မှု လုပ်ငန်းများမှာလည်း အသုံးပြုကြပါတယ်။ ဒါ့အပြင် စားသောက်ကုန်များဖြစ်တဲ့ အသားတု၊ ပဲပင်ပေါက်၊ ပဲငံပြာရည်၊ ပဲပုပ်စေ့ကျော်၊ ပဲပုပ်ခြောက်ပြား၊ ပဲငါးပိတို့ဟူးတို့အပြင် ဆီထုတ်ပြီးတဲ့ ပဲပုပ်ကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြပါတယ်။ ပဲပုပ်ဟာ ဈေးကွက်အလားအလာရှိတဲ့ (Potential Crop)အဖြစ် တိုးချဲ့စိုက်ပျိုးသင့်တဲ့ သီးနှံဖြစ်ပေမယ့် အညာမှာ ပဲပုပ်က ဆောင်းရာသီကာလ ရေနီးတဲ့ဒေသတွေမှာပဲ စိုက်လို့ရတဲ့အတွက် တိုးချဲ့စိုက်ပျိုးဖို့ ခက်ပါတယ်။ ဒီအတွက် အထွက်ကောင်းမျိုးနဲ့ ဈေးကွက်ကောင်းတဲ့မျိုးတွေ ပြောင်းလဲစိုက်ပျိုးဖို့လိုသလို တန်ဖိုးမြှင့်ထုတ်ကုန် (Value added)အဖြစ် ဈေးကွက်ချဲ့ထွင်ပြီး (Value chain)ကိုလည်း ပြောင်းလဲဖို့ လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

# ယခုတစ်ပတ်အတွင်း ကယားပြည်နယ်မှ ဆန်တန်ချိန် သုံးရာကျော်ခန့်ကို မန္တလေးမြို့နှင့် ရန်ကုန်မြို့သို့ တင်ပို့

ယခုတစ်ပတ်အတွင်း ကယားပြည်နယ်မှ အခြားမြို့ကြီးများသို့ ဆန်အိတ်ပေါင်း ၆၂၅၀ အိတ် တန်ချိန်အားဖြင့် ၃၁၄ တန်ခန့်တင်ပို့ထားရာ ယခင်တစ်ပတ်ထက် ဆန်တန်ချိန် ၄၉ တန်ခန့် ပိုမိုတင်ပို့ထားကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။ ကယားပြည်နယ်မှ ဆန်များကို မန္တလေးမြို့သို့သာ အဓိက တင်ပို့ထားကြောင်းနှင့် အခြားမြို့ကြီးများမှ ကယားပြည်နယ်အတွင်းသို့ ဆန်တင်သွင်းလာရာတွင်လည်း ရန်ကုန်မြို့မှ ၂၁၃၀ အိတ်၊ မန္တလေးမြို့မှ ၂၅၈၅ အိတ်၊ ရွှေဘိုမြို့မှ ၁၃၁၀ အိတ် တင်သွင်းလာရာ ဆန်အိတ်စုစုပေါင်း ၆၀၂၅ အိတ်၊ တန်ချိန်အားဖြင့် ၃၀၃ တန်ခန့် တင်သွင်းလာကြောင်း ပြည်နယ်အထွက်ဂိတ်စာရင်းအရ သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်း ကယားပြည်နယ်တွင် ဧည့်မထ(မိုး) စပါးတင်း ၁၀၀ လျှင် ကျပ် ၇၀၃၀၀၀၊ ပေါ်ဆန်း ဆန်တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ ၊ တစ်ပြည်လျှင် ကျပ် ၂၈၀၀၊ ပေါ်ကျွဲဆန်တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ တစ်ပြည်လျှင် ကျပ် ၁၂၅၀ ၊ ဧည့်မထ(ဒေသ)ဆန် တစ်အိတ်လျှင် ကျပ် ၃၅၀၀၀၊ တစ်ပြည်လျှင် ကျပ် ၁၅၀၀ ၊ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၂၃၅၀၀ ၊ တစ်ပြည်လျှင် ကျပ် ၁၁၀၀ ဈေးပေါက်ပြီး ဈေးငြိမ်ကြောင်း စားသုံးဆီဈေးနှုန်းများအနက် ပဲဆီလက်လီဈေးမှာ ကျပ် ၅၂၀၀ ဖြစ်ပြီး လက်ကားဈေးမှာကျပ် ၅၇၀၀၊ နှမ်းဆီလက်လီဈေးမှာကျပ် ၄၄၀၀ ဖြစ်ပြီး လက်ကားဈေးမှာကျပ် ၅၂၀၀၊ စားအုန်းဆီ လက်လီဈေးမှာ ကျပ် ၂၅၀၀ ဖြစ်ပြီး လက်ကားဈေးမှာ ကျပ် ၂၇၀၀၊ စားဖိုဆောင်သီးနှံများဖြစ်သော ငရုတ်သီးခြောက်ရှည် တစ်ပိဿာလျှင်ကျပ် ၅၀၀၀၊ ငရုတ်သီးခြောက်ပု တစ်ပိဿာလျှင်ကျပ် ၁၀၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၃၅၀၀၊ ကြက်သွန်ဖြူ (ရှမ်း) တစ်ပိဿာလျှင် ကျပ် ၄၈၀၀၊ ဆားတစ်ပိဿာလျှင်ကျပ် ၄၀၀၊ အာလူးတစ်ပိဿာလျှင် ကျပ် ၁၂၀၀၊ ချင်းတစ်ပိဿာလျှင်ကျပ် ၁၄၀၀၊ မန်ကျည်းမှည့်တစ်ပိဿာလျှင် ကျပ် ၃၀၀၀၊ ငါးပိ တစ်ပိဿာလျှင် ကျပ် ၄၀၀၀၊ နနွင်းတက် တစ်ပိဿာလျှင် ကျပ် ၁၆၀၀၊ ခရမ်းချဉ်သီး တစ်ပိဿာလျှင် ကျပ် ၁၀၀၀၊ ကြက်သွန်ဖြူ(ကြျူကုတ်) တစ်ပိဿာလျှင် ကျပ် ၃၅၀၀၊ မြေပဲဆန်တစ်ပိဿာလျှင် ကျပ် ၃၂၀၀၊ ကုလားပဲခြမ်း တစ်ပိဿာလျှင်ကျပ် ၃၀၀၀၊ ပဲနီလေး တစ်ပိဿာလျှင်ကျပ် ၁၅၀၀ ဈေးပေါက်ပြီး ဈေးငြိမ်ကြောင်း ကယားကုန်ဈေးနှုန်းသတင်းအရ သိရှိရပါတယ်။

ဖြိုးဝေအောင် (လွိုင်ကော်)

Commerce ကာတွန်း



# ထုတ်ကုန်အမှတ်တံဆိပ်တည်ဆောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



အလားအလာရှိသော မြန်မာပို့ကုန်လုပ်ငန်းရှင်များအတွက် ထုတ်ကုန် အမှတ်တံဆိပ်တည်ဆောက်ခြင်းဆိုင်ရာ အသိအမြင်များ တိုးပွားစေရန် ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် JICA-Myanmar တို့ပူးပေါင်း၍ ထုတ်ကုန်အမှတ်တံဆိပ်တည်ဆောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာလ ၄ ရက်တွင် ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရုံး အဆောက်အဦ ၄-လွှာရှိ ကုန်သွယ်မှုသင်တန်းကျောင်း၊ သင်တန်းခန်းမတွင် ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ဒေါ်နော်မူတာကပေါ တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။ ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဖြစ်ပေါ်လာပုံနှင့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ မကြာမီကျင်းပ ပြုလုပ်ရန်ရှိသည့် ကုန်စည်ပြပွဲများ အကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ထို့နောက် PS Business School တည်ထောင်သူနှင့် ကျောင်းအုပ်ဖြစ်သည့် ဆရာဦးမျိုးမင်းကအမှတ် တံဆိပ်တည်ဆောက်ရာတွင် သိရှိထားရမည့် သီအိုရီသဘောတရားများကိုရှင်းလင်းလွယ်ကူသောပြည်တွင်း၊ ပြည်ပဥပမာများဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။ ဆက်လက်၍ Mr. Kazuo MISHIMA, Team Leader/Investment and Trade Promotion Policy, JICA မှ "Other Countries' Cases of Branding" ဟူသောခေါင်းစဉ်ဖြင့် အာဆီယံနိုင်ငံ တချို့နှင့် ဂျပန်နိုင်ငံတို့မှ အမှတ်တံဆိပ်တည်ဆောက်ခြင်းဆိုင်ရာ ဥပမာများကို ဖော်ပြရှင်းလင်းခဲ့ပါသည်။ ထို့နောက် ဧည့်ဟောပြောသူအဖြစ် မြန်မာနိုင်ငံရှိ နာမည်ကြီး စားသောက်ကုန်အမှတ်တံဆိပ်များအနက်တစ်ခု ဖြစ်သောTOP အမှတ်တံဆိပ်သီဟိုဠ်စေ့နှင့် သီဟိုဠ်စေ့ယိုလုပ်ငန်းမှ Marketing Manager ဒေါ်အင်ကြင်းခိုင်က ၎င်းကိုယ်တွေ့ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံနှင့် လုပ်ငန်းစဉ်များအား တက်ရောက်လာသူများအား ဝေမျှခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ စားသောက်ကုန် ထုတ်လုပ်သူများ၊ လက်ဖက်ခြောက်နှင့်ကော်ဖီလုပ်ငန်း လုပ်ကိုင်သူများ၊ ဆန်စပါးလုပ်ငန်းရှင်များ၊ လက်မှုထည်ထုတ်လုပ်သူများ စုစုပေါင်း ၄၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

**ကောင်းထွဋ်အောင်**

# မကွေးတိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ (၉/၂၀၁၇) အစည်းအဝေးကျင်းပ

တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ် တို့၏ (၉/၂၀၁၇) အစည်းအဝေးကို မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန အစည်းဝေးရုံးခန်းမ၌ ဒီဇင်ဘာလ ၈ ရက်တွင် ကျင်းပခဲ့ရာ အဖွဲ့ဝင် စုစုပေါင်း ၂၂ ဦး တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးက ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလအထိ အစည်းအဝေးကို (၉)ကြိမ်မြောက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအတွင်း အသိပညာပေးမှု၊ ကွင်းဆင်းစစ်ဆေးမှု၊ လုပ်ငန်းဆောင်ရွက်ချက်များ၊ (၈/၂၀၁၇)ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်အရ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ (၉/၂၀၁၇)ကြိမ်မြောက်တွင်ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက်များအား အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက်တက်ရောက်လာကြသော အဖွဲ့ဝင်များက ဆွေးနွေးခဲ့ကြကာ အစည်းအဝေး ဆုံးဖြတ်ချက်များကိုချမှတ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

# ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၁၁/၂၀၁၇) ကျင်းပ

ရန်ကုန်အနောက်ပိုင်းခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၁/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာလ ၇ ရက်တွင် အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။

အဆိုပါအစည်းအဝေးသို့ ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် အမှုဆောင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများတက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူးဦးကျင်ဌေးက စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါအတိုင်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားနိုင်ရန်၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရန် ကုန်ပစ္စည်းများကို စစ်ဆေးခြင်းများ၊ အနောက်ပိုင်းခရိုင်အတွင်း အသိပညာပေးကွင်းဆင်းဆောင်ရွက်မှုများ၊ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ဈေးများအတွင်း ကွင်းဆင်းစစ်ဆေးခြင်းများ၊ မိတ်ဖက်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ FDA မှ ဦးဆောင်၍ ကွင်းဆင်းစစ်ဆေးခြင်းများ၊ တိုင်ကြားစာနှင့်ပတ်သက်၍ဆောင်ရွက်မှုများ၊ ဈေးကွက်အတွင်း အမှတ်တံဆိပ်နှင့်ပတ်သက်၍ ပြည့်စုံတဲ့အမှတ်အသား၊ ထောက်ခံချက်များပြည့်စုံ စွာပါဝင်ရေးနှင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း အသိပညာပေး ဆောင်ရွက်ရန် လျာထားချက်အား အတည်ပြုနိုင်ရေး၊ တိုင်ကြားစာနှင့်ပတ်သက်၍ မှတ်တမ်းတင်အတည်ပြုနိုင်ရေးတို့ကို တင်ပြဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သန်းအေး**

# ခေါ်ဈေးထက်အနည်းငယ်လျှော့ချမှသာ အရောင်းအဝယ်ဖြစ်လာသည့် ရန်ကုန်ကားဈေးကွက်

ဒီဇင်ဘာလဆန်းပိုင်း ပထမရက်သတ္တပတ်အပြီး ရန်ကုန်ကားဈေးကွက်၏ အခြေအနေမှာ ယေဘုယျအားဖြင့် ဈေးကွက်အေးနေပြီး အရောင်းအဝယ်ဖြစ်သည့် ကားအမျိုးအစားများမှာလည်း အင်ဂျင်ပါဝါသေး ကားလေးများဖြစ်ကာ မူရင်းခေါ် ရင်းဈေးထက် အနည်းငယ်လျှော့ချရောင်းမှသာ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်ကားဈေးကွက်သာမက ဒုတိယလိုက်သည့်မန္တလေးကားဈေးကွက်တွင်လည်း ယင်းသို့ပင်ဖြစ်နေပြီး ရက်သတ္တပတ်တစ်ပတ်နှင့် တစ်ပတ်ပင် မတူညီဘဲပုံစံအမျိုးမျိုး ကွဲပြားကာ အရောင်းအဝယ်လုပ်နေရသည့် ပုံစံဖြစ်လာကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းကိုမြင့်ကျော်က ပြောသည်။ ယခုနှစ်အတွက် ကားတင်သွင်းခွင့်သတ်မှတ်ရက်ဖြစ်တဲ့ ဒီဇင်ဘာ ၁၅ ရက်ကို နီးကပ်လာသဖြင့် အချိန်မီကားတင်သွင်းလိုသူများ ယခင်ကထက်စာလျှင် များပြားလာပြီး စလစ် အဝယ်လည်းရှိလာသဖြင့် စလစ်ဈေးမှာ ယခင်တစ်ပတ်ကထက် သုံး၊ လေးသိန်း တက်သွားကြောင်း၊ လက်ရှိပေါက်ဈေး ၁၃၈ သိန်း-၁၃၉ သိန်း ဖြစ်နေပြီး ရက်ကျော်လွန်သွားပါက ပြန်လည်ကျဆင်းသွားနိုင်ကြောင်း၊ ဖြေလျှော့ပေးသော မူဝါဒသစ်အရ စလစ်သက်တမ်းအားလည်း သုံးလတိုးမြှင့် ပေးထားသဖြင့် လုပ်သာကိုင်သာရှိသလို ယင်းကာလအထိ ရှေ့နှစ် နှစ်ဆန်းပိုင်းအတွင်း ပါမစ်အရောင်းအဝယ်ဈေးကွက်ဖြစ်လာနိုင်ဖွယ်ရှိကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းများက ပြောသည်။

လတ်တလောဈေးကွက်ထဲတွင် မူဝါဒသစ်ထုတ်ပြန်ခဲ့အပြီး နှစ်လခန့် ဈေးတန်းမြင့်တက်ကာ ဈေးမာခဲ့သော ကားလေးများ၊ စလစ်ကပ်ကားများမှာ ယခုအချိန်တွင် ဈေးအအိပိုင်းသို့ရောက်ရှိလာပြီး နှစ်ကုန်ခါနီး မူဝါဒ အပြောင်းအလဲတစ်ရပ်(သို့) ဖြေလျှော့မှုပုံစံတစ်မျိုးဖြစ်လာနိုးနိုး မျှော်မှန်းချက်များလည်း ရှိနေ၍ ကားလေးဈေးတန်းများ ကျဆင်းလာသည်ကို တွေ့မြင်ရပြီး လက်ရှိဈေးတန်းထက် ၁၀ သိန်း-၁၂ သိန်းလျှော့ချပေးပြီး ရောင်းချမှသာ ရောင်းချရကြောင်း စလစ်ကပ်ကားများမှာ အဝယ်နည်းသော်လည်း လူကြိုက်များသော အာလ်ဖတ်၊ ကလူဂျာ၊ ဝှစ်ရှ်စသည်တို့မှာ ရန်ကုန်နှင့် နယ်အဝယ်ရှိကြောင်း၊ ရှေ့နှစ်ထဲတွင် ဈေးတန်းများ ယခင်ကလို မဖြစ်နိုင်တော့သော်လည်း အနည်းငယ်ကျဆင်းလာဖွယ်ရှိကြောင်း သုံးသပ်ကြသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဆူဇူကီး၊ ဆွစ် (၂၀၁၁) | စတီ | ၂၀၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ဆူဇူကီး၊ CIA2 (၂၀၁၇) | စတီ | ၂၇၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဆူဇူကီး၊ အာတီဂါ (၂၀၁၇) | P | ၂၇၃ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ပရိုဘောက် (၂၀၁၁) | L | ၁၇၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဟွန်ဒါဖစ်၊ ရှပ်တဲလ် (၂၀၁၂) | စတီ | ၂၄၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ဟွန်ဒါ၊ စီဗီစီ (၂၀၀၉) | N | ၂၅၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | မတ်(စ်)တူး (၂၀၀၃) | K | ၂၇၅ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ဟာရီယာ (၂၀၀၃) | M | ၄၇၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (နှစ် ၂၀) | | ၁၂၇ သိန်း | |

# နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအား လယ်ယာသုံးစက်ကိရိယာများ တင်သွင်းရောင်းချခွင့်ပြုပြီ

နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၌ ခေတ်မီစက်မှုလယ်ယာစနစ်ကိုအကောင်အထည်ဖော်ရာတွင် အမျိုးအစားအရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းမှန်ကန်သော လယ်ယာသုံးစက်ကိရိယာများကို တောင်သူများအနေဖြင့် ရွေးချယ်ဝယ်ယူ အသုံးပြုနိုင်မည့် အခွင့်အလမ်းပိုမိုရရှိစေရန်နှင့် လယ်ယာထွက်ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်စေရေးအထောက်အကူပြုရန် ရည်ရွယ်၍ လယ်ယာသုံး စက်ကိရိယာများအား မြန်မာနိုင်ငံသားများကိုသာမက နိုင်ငံခြား ဖက်စပ်ကုမ္ပဏီများကိုပါ တင်သွင်းရောင်းချခွင့်ပြုကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက နိုဝင်ဘာ လ ၁၇ ရက် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ထိုသို့ခွင့်ပြုရာတွင် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများအနေဖြင့် လယ်ယာသုံး စက်ကိရိယာ ပစ္စည်းအဖြစ် သတ်မှတ်ထုတ်ပြန်ထားသည့် HS Code များကိုသာ တင်သွင်း ရောင်းချခွင့်ရှိကြောင်း၊ ကုမ္ပဏီများအနေဖြင့် တင်သွင်းရောင်းချရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မှ ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်းရမည့်အပြင် ဆက်စပ်ဌာနများ၏ ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ညွှန်ကြားချက်ပါ စည်းကမ်းချက်များနှင့်အညီလည်း လိုက်နာ ဆောင်ရွက်ရန်ဖြစ်ကြောင်း သိရပါသည်။

သို့သော်လည်း ပြည်တွင်းလုပ်ငန်းရှင်များအား ခွင့်ပြုထားသည့် သက်သာခွင့်များအား နိုင်ငံခြားကုမ္ပဏီများကို တစ်ပြေးညီရရှိခံစားနိုင်စေရန်အတွက်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါ အမိန့်ကြော်ငြာစာနှင့် ပတ်သက်၍ အသေးစိတ် သိရှိလိုပါက commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**CTM**

# ပုသိမ်မြို့ တိုင်းဆန်စက်လုပ်ငန်းရှင်များအသင်းရုံးတွင် တရုတ်နိုင်ငံ YGTY ကုမ္ပဏီမှ စပါးအခြောက်ခံစက်အကြောင်း ရှင်းလင်း

ပုသိမ်မြို့ တိုင်းဆန်စက်လုပ်ငန်းရှင်များအသင်းရုံးတွင် ဆန်စပါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထွက်ရှိလာသော သီးနှံများလေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် စပါးအရည်အသွေး ကျဆင်းမှုမရှိစေရန်သာမက ဈေးကွက်ဝင်သီးနှံများရရှိ၍ ပြည်ပဈေးကွက်သို့ တင်ပို့ရာတွင် အရည်အသွေးမြင့် တင်ပို့နိုင်ရေးအတွက် ခေတ်မီလယ်ယာသုံးစက်ကိရိယာများ အသုံးပြုနိုင်ရန် တရုတ်နိုင်ငံ ရှန်ဟဲအခြေစိုက် (YGTY) Jiang Su Tianyu Agricultural Machinery Co,.Ltdမှ စပါးနှင့် ဂျုံ၊ ပြောင်း၊ ပဲမျိုးစုံ စပါးအခြောက်ခံစက်၊ ၄ တန်မှ ၆၊ ၈၊ ၁၂၊ ၁၆၊ ၃၀ တန်အထိ အခြောက်ခံစက် အမျိုးမျိုးတို့ကို ဒီဇင်ဘာလ ၃ ရက်က လာရောက်ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရှင်းလင်းပွဲသို့ တိုင်းဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုးဝင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နှင့်နည်းပညာ ပေးရေးဌာနခွဲမှူး ဦးထွန်းထွန်း၊ ပုသိမ်မြို့ပေါ်နှင့် ခရိုင်များမှ ဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်များ တက်ရောက်ခဲ့ပါသည်။ ကုမ္ပဏီတာဝန်ရှိသူမှ အခြောက်ခံစက်ဖွဲ့စည်းမှု၊ အစိုဓာတ်လျော့ကျပေးနိုင်မှု၊ အလိုအလျောက် မီးအပူပေးစနစ်များ၊ စက်မှုနည်းစနစ် တစ်ခုချင်းစီ၏ အစိတ်အပိုင်းများနှင့် အလုပ်လုပ်ပုံ၊ ဈေးနှုန်း၊ ဝယ်ယူရန်ကုမ္ပဏီ လိပ်စာနှင့် စပါးအခြောက်ခံစက် အသုံးပြုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် အရည်အသွေးကောင်းစပါးများ ရရှိနိုင်မှုတို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများမှလည်း သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ကုမ္ပဏီမှ တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း (ပုသိမ်)**

# မွန်ပြည်နယ်တွင် SMEs လုပ်ငန်းများသို့ မြန်မာ့စီးပွားရေးဘဏ်၏ နှစ်လတ် ချေးငွေထုတ်ချေးခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

မွန်ပြည်နယ်အတွင်း SMEs လုပ်ငန်းများ ရှင်သန်တိုးတက်ရေးအတွက် SMEs လုပ်ငန်းရှင်များနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဝင် လုပ်ငန်းရှင်များသို့ မြန်မာ့စီးပွားရေးဘဏ်၏ နှစ်လတ်ချေးငွေ ထုတ်ချေးခြင်းဆိုင်ရာများနှင့် ပတ်သက်၍ မြန်မာ့စီးပွားရေးဘဏ်၏ ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာလ ၂ ရက်တွင် မော်လမြိုင်မြို့ ကုန်စည်ဒိုင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ရှေးဦးစွာ မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောအောင်မြင့်ခိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အထွေထွေမန်နေဂျာက နှစ်လတ်ချေးငွေ ထုတ်ချေးခြင်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။




၎င်းဆွေးနွေးပွဲ အခမ်းအနားသို့ ဌာနဆိုင်ရာမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မွန်ပြည်နယ်အတွင်းရှိ SMEs လုပ်ငန်းရှင်များ၊ မွန်ပြည်နယ် ရော်ဘာလုပ်ငန်းရှင်များနှင့် MONCCI မှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မိုးမိုး(စားသုံးသူ-မွန်)**

■

# အလုပ်အကိုင် အခွင့်အလမ်း ပြပွဲ-၂၀၁၇ ကို ဘားအံတွင် ကျင်းပ

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဇွဲကပင်ခန်းမတွင် အလုပ်အကိုင် အခွင့်အလမ်းပြပွဲ-၂၀၁၇ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က ကျင်းပခဲ့ကြောင်း သတင်းရရှိပါတယ်။ ပြပွဲအခမ်းအနားကို ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကရင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ကရင်ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ)တို့မှ ကြီးမှူး၍ Swisscontact, IOM နှင့် ADRA Myanmar တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ဒီဇင်ဘာလ ၇ ရက်မှ ၈ ရက်ထိ နှစ်ရက်တိုင်ပြသခဲ့ကြောင်း သိရှိရပါတယ်။

၎င်းပြပွဲတွင် ပြည်တွင်း အလုပ်အကိုင်ရှာဖွေရေး၊ ပြည်နယ်တွင်းမှ ဟိုတယ်များ၊ စက်ရုံအလုပ်ရုံများ၊ ဝန်ဆောင်မှုလုပ်ငန်းများ စုစုပေါင်း ၄၀ ခန့်ပါဝင်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၀၀ ကျော် ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

အဆိုပါပြပွဲသို့ ဌာနဆိုင်ရာများ၊ အဖွဲ့တာဝန်ရှိသူများ၊ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများတက်ရောက်ကြပြီး လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

**စောလွင်မင်းထွန်း**
**(ကရင်ပြည်နယ်၊**
**စားသုံးသူရေးရာဦးစီးဌာန)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Vol: 17, No.48 Monday December 11 2017

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၁၁-၁၂-၂၀၁၇ မှ ၁၇-၁၂-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းတာဝန်များပြားစွာ ဆောင်ရွက်ရတတ်သည်။ ပင်ပန်းမှုအတွက် ရလဒ်ကောင်းများ နှင့်လည်း ဆုံဆည်းရတတ်သည်။ စီးပွားရေးတွင်ဘော်၊ ငွေ၊ ရွှေ၊ ဝါဂွမ်းတို့အကျိုးပေးကောင်းလိမ့်မည်။ ပညာရေးကံကောင်းနေမည်။ မေတ္တာ ရေးနယ်ပယ်တွင် လက်တွေ့ဆန်သော အချစ်ဒဿနမျိုးဖြစ်လာတတ်သည်။ ကျန်းမာရေးတွင် အသည်း၊ သည်းခြေဝေဒနာဖြစ်တတ်သည်။

**ယတြာ။ အင်ကြင်းညွန့်လှူပါ။**



**တနင်္လာသားသမီးများအတွက်** လူမှုဆက်ဆံရေးတွင် ဒေါသ စိတ်ဖြင့်ပြောရခြင်းများရှိတတ်သည်။ သကြား၊ ဂျုံ၊ ဆန်စပါး၊ ကုလားပဲ၊ အစေ့အဆန်များနှင့်ပတ်သက်၍ စီးပွားရေးလုပ်လျှင် အကျိုးကျေးဇူးများတတ်သည်။ ဝင်ငွေအားကောင်းလိမ့်မည်။ ပညာရေး အောင်မြင်မှုရှိရန် အခွင့်အလမ်းတွေ့တတ်သည်။ အချစ်ရေးတွင် အဆင်ပြေ လိမ့်မည်။ ကျန်းမာရေးသင့်တင့်နေမည်။

**ယတြာ။ ။ကံ့ကော်ပန်းလှူပါ။**



**အင်္ဂါသားသမီးများအတွက်** လုပ်ငန်းအတွက် အကြံကောင်း ဖြင့်ဆောင်ရွက်ရလိမ့်မည်။ စီးပွားရေးစိတ်ဓာတ်ခွန်အားပြည့် ဖြိုးလာမည်။ ငွေကြေးဥစ္စာဝင်လာလိမ့်မည်။ တင်လဲ၊ သကြား နှင့် ထောပတ်ဆီတို့ အကျိုးပေးလိမ့်မည်။ ပညာရေးအတွက် အားတက်စရာ တွေ့ရတတ်သည်။ ကြိုးစားအားထုတ်မှုလျော့နည်းနေမည်။ နှလုံးသားအရေး တွင် သံသယအတွေးစိတ် ဝင်နေတတ်သည်။ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းနေလိမ့်မည်။

**ယတြာ။ ။ဇီဇဝါပန်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လုပ်ငန်းခွင်တွင် စိတ်သောက ဖြစ်စရာများ ကြုံလာတတ်သည်။ တစ်ပါးသူအတွက် အကူ အညီပေးရတတ်သည်။ ရေမွှေး၊ ရေခဲ၊ အလှကုန်ပစ္စည်းများ ရောင်းအားကောင်းလိမ့်မည်။ စီးပွားဖြစ်ထွန်းမည်။ ပညာရေး၊ လူမှုရေးအတွက် ရည်မှန်းချက်ကြီးမားစွာ ထားရှိနေတတ်သည်။ အချစ်ရေးတွင် နှလုံးသားကို ဦးစားပေး စဉ်းစားတတ်သည်။ ကျန်းမာရေးအနည်းငယ် ညံ့နေတတ်သည်။ အထူးသဖြင့် လေ၊ အကြောပိုင်းဆိုင်ရာ ဝေဒနာခံစားရတတ်သည်။

**ယတြာ။ ။ဝါးညွန့်လှူပါ။**




**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းခွင်တွင် မမျှော်လင့်သောပစ္စည်းများဝင်လာတတ်သည်။ အရာရာ တွင် ဆန္ဒလွန်ကဲစွာဖြင့် လုပ်ကိုင်ပြောဆိုတတ်သည်။ အထည်အလိပ်အမျိုးမျိုးနှင့် မုန့်မျိုးစုံ၊ ဓာတုပစ္စည်းတို့မှ ဝင်ငွေအားကောင်း လာလိမ့်မည်။ ပညာရေးတွင် အောင်မြင်မှုရှိလာလိမ့်မည်။ အချစ်ရေးတွင် အဆင်မပြေသောသူ၊ လူမှုဆက်ဆံရေးတွင် အဆင်ပြေလာလိမ့်မည်။ ကျန်းမာ ရေး ကောင်းနေတတ်ပါသည်။

**ယတြာ။ ။မေမြို့ပန်းလှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတွင် အတက် အကျ၊ အပြောင်းအလဲများရှိနေတတ်သည်။ သစ်သီးများ၊ ချင်း၊ ကြက်သွန်၊ ကားအမျိုးမျိုး၊ ရေယာဉ်အမျိုးမျိုး၊ ဇိမ်ခံ ပစ္စည်းများ၊ စိန်ရောင်းဝယ်သူများ စီးပွားဖြစ်ထွန်းလာတတ်ပါသည်။ ပညာရေး တွင် ရည်မှန်းချက်ကြီးမားနေမည်။ အချစ်ရေးကို ဦးစားပေးစဉ်းစားမိတတ် သည်။ ကျန်းမာရေးတွင် သွေးသားမမှန်ခြင်း၊ ညောင်းညာခြင်းတို့ဖြစ်တတ်သည်။

**ယတြာ။ ။သီဟိုဠ်ညွန့်လှူပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းတာဝန်ကို အောင်မြင် သည်အထိ ဆောင်ရွက်နိုင်လိမ့်မည်။ မိမိဘဝတိုးတက်ရေး၊ လေ့လာစရာများကို ရှာဖွေတတ်မည်။ ဓာတ်သတ္တု၊ နိုင်ငံခြား ငွေကြေး၊ ပတ္တမြား၊ ကြေးနီ၊ စက်ပစ္စည်းများဈေးကောင်းလိမ့်မည်။ အကျိုး စီပွားတိုးတက်မှုရှိလာနိုင်ပါသည်။ ပညာရေး၊ အချစ်ရေး၊ ကျန်းမာရေးတို့တွင် ကံကောင်းနေမည်။ **ယတြာ။ သပြေညွန့် ဘုရားတွင်လှူ၍ လိုရာဆုတောင်းပါ။**

## ပဲစင်းငုံဝယ်ယူရေးအတွက် ဒေသဆိုင်ရာ ပဲဝယ်ယူရေးကြီးကြပ်မှုအဖွဲ့များ ဖွဲ့စည်းနိုင်ရန် မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် တွေ့ဆုံပွဲကျင်းပ

ပဲစင်းငုံရာသီ ပဲစင်းငုံပေါ်ချိန်တွင် ပဲစင်းငုံဝယ်ယူရေးအတွက် ဒေသဆိုင်ရာ ပဲဝယ်ယူရေး ကြီးကြပ်မှုအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မကွေးကုန်စည်ဒိုင်မှ တာဝန်ရှိသူများ၊ မကွေးမြို့နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းပွဲကို ဒီဇင်ဘာလ ၄ ရက်က မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှုဆိုင်ရာ မူဝါဒပြောင်းလဲမှုကြောင့် ပဲစင်းငုံဈေးနှုန်းများ ကျဆင်းလျက်ရှိရာ ပဲစင်းငုံ အဓိကစိုက်ပျိုးရာ မကွေးတိုင်းဒေသကြီးအတွင်းရှိတောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ကုန်ကျစရိတ်အောက်သို့ ကျဆင်းသွားနိုင်သဖြင့် ဒေသဆိုင်ရာ ပဲဝယ်ယူရေး ကြီးကြပ်မှုအဖွဲ့များ စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရန်၊ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းနှင့် ပူးပေါင်းကာ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဆောင်ရွက်သွားရန်ရည်ရွယ်၍ ယခုတွေ့ဆုံပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက အပြန်အလှန် အပြေအလည် ညှိနှိုင်းဆွေးနွေးကြရာ ပဲစင်းငုံရာသီ၌ ပဲစင်းငုံ ထွက်ပေါ်လာချိန်တွင် ကုန်စည်ဒိုင်များအား တာဝန်ပေးအပ်၍ ဝယ်ယူသွားမည့်အစီအစဉ်ကို ရေးဆွဲရန် ဒေသခံကုန်သည်များနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းနှင့် တာဝန်ရှိသူများ၊ မကွေးကုန်စည်ဒိုင်၊ မကွေးမြို့နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးစိန်အေးမောင်နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ဝင်းမောင် (မကွေး)**

## မန္တလေးဈေးချိုတော်၌ စားသုံးရန်မသင့်သည့် ကုန်ပစ္စည်းများအား သိမ်းဆည်း

စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မိတ်ဖက်အဖွဲ့အသီးသီးမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဒီဇင်ဘာလ ၅ ရက်တွင် ချမ်းအေးသာစံမြို့နယ် ဈေးချိုတော်ရှိ ထီးတိုင်ဈေးနှင့် ကိုင်းတန်းဈေးတို့တွင် စားသုံးရန်မသင့်သည့်အစားအသောက်များ ရောင်းချနေခြင်းရှိမရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြပါတယ်။

ယင်းကဲ့သို့ ကွင်းဆင်းစစ်ဆေးရာတွင် ခွင့်မပြုဆိုးဆေး (Rhodamine B) ပါဝင်သော လှိုင်ဖြိုး အမှတ်တံဆိပ် ငါးပိထောင်းဗူးအကြီး၊ အသေး၊ အမှတ်တံဆိပ်မပါ ငါးပိနှင့် ခွင့်မပြုဆိုးဆေး(Sudan 3) ပါသဇင်တိုး အမှတ်တံဆိပ် ငရုတ်ကြမ်းမှုန့်များကို ဈေးဆိုင်ငါးဆိုင်နှင့်ပင်ရင်းလုပ်ငန်း တစ်ခုမှ တွေ့ရှိ သိမ်းဆည်းခဲ့ပြီး မြို့တော်စည်ပင် အစီအစဉ်ဖြင့် မီးရှို့ဖျက်ဆီးမည်ဖြစ်ကာ တန်ဖိုးအားဖြင့် ကျပ် ၁၈၈၁၉၀ (ကျပ် တစ်သိန်းရှစ်သောင်းရှစ်ထောင်တစ်ရာကိုးဆယ်တိတိ) ဖြစ်ကြောင်း သိရှိရပါတယ်။

အထက်ဖော်ပြပါ စားသုံးရန်မသင့်ကုန်ပစ္စည်းများ တွေ့ရှိရသည့် အရောင်းဆိုင်များနှင့် ပင်ရင်းထုတ်လုပ်သူများအား ဆက်လက်ထုတ်လုပ် ရောင်းချမှုမရှိစေရေးနှင့် နောက်နောင်တွင်တွေ့ရှိပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့် အရေးယူ ဆောင်ရွက်သွားမည်ကို သိရှိလိုက်နာသွားမည်ဖြစ်ကြောင်း ပူးပေါင်းအဖွဲ့က ဝန်ခံကတိလက်မှတ် ရေးထိုးစေခဲ့ပါတယ်။ စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးအနေဖြင့် ဒီဇင်ဘာလ ၆ ရက်ကလည်း အောင်မြေသာစံမြို့နယ် နန်းတော်ရှေ့ဈေးတွင် ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**မျိုးထွန်း(မန္တလေး)**

## ယင်းမာပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ၈/၂၀၁၇ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ယင်းမာပင်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ (၈/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာလ ၆ ရက်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌဦးအောင်ဇော်လတ်နှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ယင်းမာပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်လတ်က အဖွင့်အမှာစကား ပြောကြားပြီး ယင်းမာပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး ဦးဖေသန်းဝင်းက နိုဝင်ဘာလအတွင်း ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်း ဆောင်ရွက်ချက်များကိုလည်းကောင်း၊ စည်ပင်ကော်မတီအဖွဲ့ဝင် ဦးအောင်သန်းထွန်းက စားသောက်ကုန်များစစ်ဆေးခြင်း၊ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ စားသောက်ဆိုင်များ၊ ဘော်ဒါဆောင်များ၏ ညစ်ညမ်းသောအမှိုက်စွန့်ပစ်မှုများကိုပါ စားသုံးသူများအတွက် ကျန်းမာရေးအရအကာအကွယ်ပြုစေနိုင်ရန် ပူးပေါင်းစစ်ဆေးသင့်ကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ခိုင်မို့မို့(မြင်းမူ)**

## ပြည်ဒေသထွက် ခရမ်းချဉ်သီးနယ်အဝင်ရှိတာကြောင့် ဈေးတက်လျက်ရှိ

ပြည်မြို့ဈေးကြီး ဟင်းသီးဟင်းရွက်ဒိုင်များသို့ ဒေသထွက်ခရမ်းချဉ်သီးများ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိပါတယ်။ အရည်အသွေးကောင်းပြီး အလုံးလှတာကြောင့် အရောင်းအဝယ်သမားများနှင့် စားသုံးသူတို့ ကြိုက်နှစ်သက်ကြကာ နယ်များကပါ အဆွဲများလာကြောင်းသိရပါတယ်။ ယခုတစ်ပတ် ခရမ်းချဉ်သီး တစ်ပိဿာလျှင် ပွဲရုံဈေးကျပ် ၉၀၀ နှင့် ချောသန့် ကျပ် ၁၀၀၀ ဈေးထိပေါက်ပါတယ်။ ဒေသတွင်း လက်လီဈေးကွက်များတွင်ကျပ် ၁၂၀၀ ဈေးဖြင့် ရောင်းချလျက်ရှိနေပါတယ်။ ရွှေတောင်၊ ကျီးသဲ၊ ပုတီးကုန်းတို့မှပိဿာ ၂၀ ဝင် သေတ္တာလုံးရေ ၁၀၀ ခန့်ပုံမှန် ဈေးကွက်သို့ ဝင်ရောက်နေပြီး အောင်လံ၊ တောင်တွင်း၊ ရန်ကုန်သို့ပါ တင်ပို့နေရသဖြင့် ဒေသတွင်း ခရမ်းချဉ်သီးဈေးအနည်းငယ် တက်လျက်ရှိနေတာ တွေ့ရပါတယ်။

**နီနီဝင်း**

# ပြည်တွင်း၌ထုတ်လုပ်သည့်ပစ္စည်းကို ပြည်ပသို့တင်ပို့နေသည့် ကုမ္ပဏီများသို့ ပြန်လည်ရောင်းချပါက သတ်မှတ်အခွန်ကင်းလွတ်ခွင့် ရရှိမည်

ပြည်ပမှ ကုန်ကြမ်းတင်သွင်း၍ ပြည်တွင်း၌ ကုန်ချောပစ္စည်းထုတ်လုပ်ကာ ပြည်ပသို့ တင်ပို့နေသည့်ကုမ္ပဏီများသို့ပြန်လည်ရောင်းချပါက ပြည်ပပို့ကုန်လုပ်ငန်းများအတွက် ပေးထားသောကင်းလွတ်ခွင့်နှင့် သက်သာခွင့်များရရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

“ပြည်တွင်းမှာထုတ်လုပ်ပြီး ပြည်ပကို တိုက်ရိုက်ပို့တာမဟုတ်ပေမယ့် ပြည်တွင်းက ပြည်ပကိုတင်ပို့နေတဲ့ကုမ္ပဏီကို ပြန်သွင်းတယ်ဆိုရင်လည်း အဲဒါကို ပြည်ပပို့ကုန်လုပ်ငန်းလို့ သတ်မှတ်ပါမယ်။ ဘာကြောင့်လဲဆိုတော့ ပြည်ပပို့ကုန်ထုတ်လုပ်တဲ့ လုပ်ငန်းတွေကို အခွင့်အလမ်းတွေပေးထားတာ ရှိတယ်။ လုပ်ငန်းတစ်ခုက ပြည်ပကနေ ကုန်ကြမ်း တင်သွင်းပြီး ပြည်တွင်းမှာ ကုန်ချော ထုတ်မယ်။ ထွက်လာတဲ့ကုန်ချောတွေကိုပြည်တွင်းဈေးကွက်မရောင်းဘဲ ရာနှုန်းပြည့် ပြည်ပကိုပြန်ပို့မယ်ဆိုရင် သက်သာခွင့်တွေ ပေးထားတယ်။ အဓိက ကတော့ သွင်းတဲ့ကုန်ကြမ်းတွေကို အခွန်ဆောင်စရာမလိုဘူး။ အခမဲ့ သွင်းနိုင်တယ်။ သို့သော် ပြည်ပကိုပဲပို့ပြီး ပြည်တွင်းမှာရောင်းလို့မရတဲ့ လုပ်ငန်းမျိုးဖြစ်တယ်”ဟု မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောသည်။

ထိုကဲ့သို့ လုပ်ဆောင်ရခြင်းမှာ ပြည်တွင်းရှိ အသေးစား၊ အလတ်စားလုပ်ငန်းများအနေဖြင့် ပြည်ပမှတင်သွင်းသည့်ပစ္စည်းများကိုမိမိနိုင်ငံအတွင်း အစားထိုးထုတ်လုပ်ခြင်းဖြင့် ပြည်တွင်း အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအထိ လုပ်ငန်း ၁၆၃ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းရင်းနှီး မြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

■

# တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားများအတွက် စတုတ္ထအကြိမ်မြောက် BRAND'S Brain Study Camp ကျင်းပ

တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားများအတွက် စတုတ္ထအကြိမ်မြောက် BRAND'S Brain Study Camp ကို ရန်ကုန်မြို့ရှိ Gandamar Wholesale Grand Ballroom တွင် ကျင်းပခဲ့သည်။

အဆိုပါ BRAND'S Brain Study Camp ကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစတင်ကာ ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းရှိကျောင်းသားများ၏ ပညာရေးကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

‘‘BRAND'S Brain Study Camp ကို လုပ်ပေးတာက ပြည်တွင်းက ပညာရေးကဏ္ဍအတွက် အဓိကရည်ရွယ်တာပါ။ ဒီစာသင်ပွဲကနေ ဆယ်တန်းဖြေမယ့်ကလေးတွေအတွက် အထောက်အပံ့ရမယ်လို့ ယုံကြည်ပါတယ်။ နယ်ကမိဘတွေရဲ့ တောင်းဆိုချက်အရလည်း ဘရန်းကြက်ပေါင်းရည်ဗူးတွေထဲမှာ ဝါရင့်ဆရာတွေရဲ့ လမ်းညွှန်ချက်တွေကို ကျောင်းသားတွေအတွက် အခမဲ့ထည့်ပေးသွားမှာပါ။ အနာဂတ်အတွက် အရေးကြီးတဲ့ လူငယ်ကျောင်းသားတွေအနေနဲ့လည်း စာမေးပွဲရလဒ်ကောင်းအောင် ကြိုးစားဖြေဆိုကြဖို့တိုက်တွန်းပါတယ်”ဟု ပထမဂရု(ပ်) ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ ကိုမျိုးမင်းကျော်က ပြောသည်။

အဆိုပါစာသင်ပွဲကြီးတွင် ဆရာကြီး ဂုဏ်ထူးဦးသိန်းနိုင်ဦးစီးသော ဆရာကြီး၊ ဆရာမကြီးများက သင်ကြားပေးခြင်းဖြစ်ပြီး နယ်ဒေသများမှ ကျောင်းသူ၊ ကျောင်းသားများအတွက်ကိုလည်း ဘရန်းကြက်ပေါင်းရည် ၁၄ ဗူးပါ ဗူးအတွင်း၌ BRAND'S Brain Study Camp IV ၏ စာမေးပွဲလမ်းညွှန်စာအုပ်ကို အခမဲ့ထည့်သွင်းပေးထားကြောင်း သိရသည်။

ယခုပညာသင်နှစ်အတွက် စာသင်ပွဲကြီးသို့ တက်ရောက်သူဦးရေမှာ ၂၂၇ ဦးရှိပြီး ယခင်နှစ်ထက် ပျမ်းမျှ ၇၁ ရာခိုင်နှုန်းတိုးလာကြောင်း သိရသည်။

# (၉) ကြိမ်မြောက် ဗီယက်နမ်ကုန်စည်ပြပွဲတွင် အပိုင်းငါးပိုင်းခွဲ၍ ပြသမည်

(၉) ကြိမ်မြောက် ဗီယက်နမ်ကုန်စည်ပြပွဲကို ဒီဇင်ဘာလ ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်စည်ပြပွဲကို မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး အပိုင်း ၅ ပိုင်းခွဲ၍ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

“မြန်မာနဲ့ဗီယက်နမ်ရဲ့ ကုန်သွယ်မှုက နှစ်စဉ်မြင့်တက်လာပါတယ်။ ဒီလိုမြင့်တက်လာတာကလည်း ကုန်စည်ပြပွဲတွေလုပ်တာကြောင့်ဖြစ်သလို နှစ်နိုင်ငံ ပူးပေါင်း လုပ်ဆောင်မှုတွေကြောင့်လည်း ဖြစ်ပါတယ်။ နောက်ပြီး ကုန်စည်ပြပွဲလုပ်တာက တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကုန်သွယ်မှုတစ်ခုလုပ်ဖို့အတွက် ဆက်သွယ်ပေးတာပါ။ ပြည်တွင်းမှာဆို ဗီယက်နမ် ထုတ်ကုန်ကို တစ်နှစ်နှစ်ကြိမ်ပြပွဲလုပ်တယ်။ ဒီလိုလုပ်တဲ့အတွက် ကုန်စည်ပြပွဲကိုမှီပြီး ကုန်သွယ်မှုတွေ ဖွံ့ဖြိုးတိုးတက်လာတယ်။ ဒီလိုပြပွဲတွေမှာ သူများနိုင်ငံက အရည်အသွေးမြင့်တာကို လေ့လာခွင့်ရသလို ကိုယ့်နိုင်ငံအတွက်လည်း အကျိုးပြုရာရောက်ပါတယ်။ နိုင်ငံရဲ့ GDP ကိုလည်း တိုးတက်စေပါတယ်။ နှစ်ဦးနှစ်ဖက်အကျိုးရှိတဲ့ ကုန်စည်ပြပွဲဖြစ်တဲ့အတွက် ပြည်တွင်းက စီးပွားရေးလုပ်ငန်းရှင်တွေလည်း ကိုယ့်အကျိုးစီးပွားတိုးတက်အောင် ပြပွဲကတစ်ဆင့် လုပ်ဆောင်သင့်ပါတယ်” ဟု UMFCCI မှ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးမျိုးသန့်က ပြောသည်။

အဆိုပါကုန်စည်ပြပွဲတွင် ဆိုင်ခန်းပေါင်း ၁၁၀ ခန့် ခင်းကျင်း ပြသသွားမည်ဖြစ်ပြီး ပြပွဲတွင်ပါဝင်ပြသမည့် ကဏ္ဍ ၅ ခုမှာ စားသောက်ကုန်နှင့် အဖျော်ယမကာ၊ ဆောက်လုပ်ရေးပစ္စည်းနှင့် စက်ပစ္စည်းကိရိယာ၊ ဝါယာကြိုး-ကေဘယ်ကြိုးနှင့် ရေသွယ်-ဓာတ်ကြိုးသွယ်ရာ၌ သုံးသည့်ပိုက်၊ လျှပ်စစ်နှင့် ဆက်စပ်ပစ္စည်းများ၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းတို့ဖြစ်ကြောင်း သိရသည်။

“မြန်မာနိုင်ငံကူးသန်းရောင်းဝယ်ရေးနဲ့ ပူးပေါင်းလုပ်ရတဲ့ပြပွဲက ၂၀၀၉ ခုနှစ်ထဲက စလုပ်တာပါ။ နှစ်နိုင်ငံ ချစ်ကြည်မှုမြင့်တက်လာသလို ကုန်သွယ်မှုတွေလည်း မြင့်တက်လာပါတယ်။ ပြီးခဲ့တဲ့နှစ်နဲ့ ယှဉ်ကြည့်ရင် ရင်းနှီးမြှုပ်နှံမှုလည်း မြင့်တက်လာပါတယ်” ဟု မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ စီးပွားရေးသံမှူး Mrs. Vo Thi Ngoc Diep က ပြောသည်။

အဆိုပါပြပွဲကို ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမတွင် ကျင်းပသွားမည်ဖြစ်ပြီး ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအတွက် အဆက်အသွယ်ကောင်းများ ရရှိနိုင်ကြောင်း သိရသည်။

# ကင်ဆာရောဂါဝေဒနာရှင်များအတွက် နိုင်ငံတကာအဆင့်မီ ဆေးကုသမှုများကို ပြည်တွင်း၌ပင် ရရှိနိုင်

ကင်ဆာရောဂါဝေဒနာရှင်များအတွက် နိုင်ငံတကာအဆင့်မီ ဆေးကုသမှုများကို ပြည်တွင်း၌ပင် ရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယခင်က ပြည်တွင်းမှကင်ဆာ ရောဂါဝေဒနာသည်အများစုသည် အိမ်နီးချင်းနိုင်ငံများ၌ ခေတ်မီထိရောက်သော စမ်းသပ်စစ်ဆေးမှုများကို ပြုလုပ်ကြသည့်အတွက် ယခုအခါ ပြည်တွင်း၌ ကုသမှုရရှိနိုင်ရန် နည်းပညာသစ်တစ်ရပ်ဖြစ်သည့် Caris Molecular Intelligence (CMI) နည်းပညာကို မိတ်ဆက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ CMI နည်းပညာဖြင့် ကင်ဆာဝေဒနာရှင်၏ အသားစကို ပြည်တွင်း၌ပင်ရယူကာ အမေရိကန်နိုင်ငံရှိ အဆင့်မြင့်ဓာတ်ခွဲခန်းသို့ပို့၍စစ်ဆေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

“ကင်ဆာရောဂါက အမျိုးအစားတူရင်တောင် လူနာတစ်ဦးနဲ့တစ်ဦး မော်လီကျူးအရ၊ မျိုးရိုးအရ ကွဲပြားမှုတွေရှိနိုင်သလို အမျိုးအစားတူ ကင်ဆာရောဂါအတွက် ဆေးပေးတဲ့နေရာမှာလည်း လူနာပေါ်မူတည်ပြီး တုံ့ပြန်မှုရလဒ်တွေ ကွာခြားတတ်ပါတယ်။ အခုမိတ်ဆက်တဲ့ CMI နည်းပညာကတော့ လူနာရဲ့ အသားစကိုစစ်ဆေးပြီး ကင်ဆာအမျိုးအစား၊ အဆင့်အတန်းနဲ့ အသင့်တော်ဆုံးဆေးဝါးကို ကုသမှုခံယူနိုင်အောင် ဖော်ညွှန်းပေးပါတယ်”ဟု Dr. Shazril Imran က ပြောသည်။

အဆိုပါနည်းပညာကို အသုံးပြုခြင်းဖြင့် ကင်ဆာရောဂါဝေဒနာခံစားရသော လူနာများအတွက် မထိရောက်သော ဆေးအမျိုးအစားကြောင့် ခံစားရသည့်ဘေးထွက်ဆိုးကျိုးများကို သက်သာစေသလို ကုန်ကျစရိတ်လည်းသက်သာစေကြောင်း၊ ထို့အပြင် စစ်တမ်း ကောက်ယူမှုများအရလည်း CMI နည်းပညာနှင့် ကုသမှုခံယူသည့်လူနာများမှာ အခြားသောကင်ဆာဝေဒနာသည်များ ထက် သက်တမ်းတစ်နှစ်ခွဲခန့် ပိုမိုနေနိုင်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံမှ CMI နည်းပညာကို ပြည်တွင်းမှ Mundipharma ဆေးကုမ္ပဏီက မိတ်ဆက်ပေးခြင်းဖြစ်ပြီး CMI မိတ်ဆက်ပွဲနှင့် ကင်ဆာရောဂါနှင့်ပတ်သက်သည့် ဆေးပညာဆိုင်ရာ ဆွေးနွေးပွဲကို ဒီဇင်ဘာလ ၃ ရက်တွင် Lotte Hotel ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

# မြန်မာနိုင်ငံ၏ အမြင့်ဆုံး ခရစ်စမတ်သစ်ပင်အဖြစ် သစ်ပင်ပုံသဏ္ဌာန်နှင့်တူသည့် တာဝါတိုင်အား edotco မှ ခရစ်စမတ်မီးအလှဆင်မည်

မြန်မာနိုင်ငံ၏ အမြင့်ဆုံးခရစ္စမတ်သစ်ပင်အဖြစ် သစ်ပင်ပုံသဏ္ဌာန်နှင့် တူသည့် တယ်လီဖုန်းတာဝါတိုင်အား edotco ကုမ္ပဏီအုပ်စုမှ ခရစ္စမတ်မီး ထွန်းညှိပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တာဝါတိုင်သည် မီတာ ၃၀ အမြင့်ရှိပြီး ကီလိုမီတာ ၂၀ အချင်းဝက်ရှိကာ အိမ်ရာအတွင်းရှိ နေအိမ်များနှင့် လှိုင်သာယာမြို့နယ်အတွင်းရှိ ညောင်ရွာအထိ ကွန်ရက်လွှမ်းခြုံဖြန့်ကြက်နိုင်ကြောင်း သိရသည်။

“ပတ်ဝန်းကျင်ရဲ့ အနေအထားပေါ်မူတည်ပြီး အသုံးပြုနိုင်အောင် တည်ဆောက်ထားတဲ့ တာဝါတိုင်တွေက edotco ရဲ့ ဖြေရှင်း နည်းတစ်ခုပါပဲ။ တာဝါတိုင်တွေက သိသိသာသာ ထင်ရှားမနေဘဲနဲ့ လိုအပ်တဲ့ ကွန်ရက်ဖြန့်ကြက်မှုကို ပေးထားပါတယ်။ အခုပန်းလှိုင်အိမ်ရာမှာ လုပ်သလိုပဲ Star City မှာလည်း မီးခိုးခေါင်းတိုင်ပုံသဏ္ဌာန် တာဝါတိုင်ကိုလည်း ဒီဇိုင်းထွင်ထားပါတယ်” ဟု edotco မြန်မာပြည်ဌာနေ အုပ်ချုပ်မှုဒါရိုက်တာ Mr. Vijendran Watson က ပြောသည်။

edotco သည် မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိ၍ တီထွင်ဆန်းသစ်ထားသောတာဝါတိုင်များတပ်ဆင်သည့် ပထမဆုံးသော တယ်လီဖုန်းတာဝါတိုင်ဖြစ်ပြီး သစ်ပင်ပုံသဏ္ဌာန် တယ်လီဖုန်းတာဝါတိုင်ကို ယခုနှစ်အစောပိုင်းတွင် ပန်းလှိုင်အိမ်ရာဝင်းအတွင်း၌ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါတာဝါတိုင်သည် ပန်းလှိုင်အိမ်ရာ၌ သစ်ပင်ပုံသဏ္ဌာန်ပြုလုပ်ထားကာ ဒီဇင်ဘာ ၈ ရက်တွင် ခရစ်စမတ်ရာသီနှင့်အညီ ခရစ္စမတ်မီး ထွန်းညှိပေးမည်ဖြစ်ကြောင်း၊ edotco ကုမ္ပဏီမှ အနီးအနားရှိကျေးရွာမှ ကလေးများအား လက်ဆောင်ဝေပေးနေစဉ်တွင်လည်း ခရစ္စမတ်ပွဲတော် အထိမ်းအမှတ်မီးတိုင်ကို ထွန်းညှိထားမည်ဖြစ်ကြောင်း သိရသည်။

■

ချောစု စုစည်းတင်ပြသည်

Vol: 17, No.48 Monday December 11 2017

# ဂျပန်လေကြောင်းလိုင်းကုမ္ပဏီ ANA က မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သို့ အကူအညီများပေးအပ်




ဂျပန်လေကြောင်းလိုင်းကုမ္ပဏီ တစ်ခုဖြစ်သည့် All Nippon Airline (ANA)က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့မြန်မာ့ဘောလုံးလောက တိုးတက်ရေးအတွက် အကူအညီများပေးအပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်စီအီးအို ဦးဘုန်းနိုင်ဇော်က ပြောကြားသည်။

အဆိုပါအစီအစဉ်တွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်လက်အောက်ရှိ မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်း၊ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းနှင့် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းတို့အတွက် လိုအပ်သော အထောက်အပံ့ အကူအညီများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်အထိ တစ်နှစ်ကြာ ပေးအပ်သွားမည်ဖြစ်ပြီး All Nippon Airline အနေဖြင့်လည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ တရားဝင်လေကြောင်းလိုင်း စပွန်ဆာတစ်ခုဖြစ်လာကြောင်း သိရသည်။

"ဘောလုံးအားကစားဟာ မြန်မာနိုင်ငံမှာ အကျော်ကြားဆုံး အားကစား ဖြစ်ပါတယ်။ အခုဆိုရင် ANA လေကြောင်းလိုင်းဟာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရဲ့ တရားဝင်လေကြောင်းလိုင်း စပွန်ဆာဖြစ်လာပါပြီ။ ဒါဟာ ANA အပါအဝင် ဂျပန်ပြည်သူလူထုဟာ မြန်မာနိုင်ငံရဲ့ မိတ်ဆွေကောင်းတွေဆိုတာ ပြသခဲ့ခြင်းဖြစ်ပါတယ်"ဟု ဦးဘုန်းနိုင်ဇော်က ပြောကြားသည်။

"မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဘက်ကလည်း ANA အမှတ်တံဆိပ်ပါတဲ့ ထရိန်းနင်ဂျာစီတွေ၊ ခရီးသွားအင်္ကျီတွေ ဝတ်ဆင်သွားမှာဖြစ်ပါတယ်။ နောက်ပြီး မြန်မာဘောလုံးအသင်းရဲ့ ပွဲစဉ်တွေမှာ ANA Airline ကို ကြော်ငြာဖို့ ဘေလ်ဘုတ်တွေထောင်ပေးသွားမှာ ဖြစ်သလို Follower အများဆုံးရှိနေတဲ့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရဲ့ ဖေ့ဘုတ်စာမျက်နှာကနေတစ်ဆင့်လည်း ကြေညာပေးသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

All Nippon Airline အနေဖြင့် ၁၉၉၆ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား တိုက်ရိုက်လေကြောင်းလိုင်းခရီးစဉ်ကိုပြေးဆွဲပေးခဲ့ပြီး လက်ရှိအချိန် တွင် ဂျပန်နိုင်ငံ၊ နာရီတာမြို့နှင့် ရန်ကုန်မြို့အကြား နေ့စဉ်တိုက်ရိုက်လေကြောင်းလိုင်းကို ပြေးဆွဲပေးနေကြောင်း သိရသည်။

# အင်တာနက်အွန်လိုင်းမှတစ်ဆင့် အလုပ်အကိုင်ရှာဖွေသူ များပြားလာကြောင်း စစ်တမ်းတစ်ခုတွင် ဖော်ပြ

မြန်မာနိုင်ငံအတွင်း အင်တာနက် အွန်လိုင်းကိုအသုံးပြု၍ အလုပ်အကိုင်ရှာဖွေသူများပြားလာပြီး အလုပ်အကိုင် ရှာဖွေသူ၏ ငါးဆယ်ရာခိုင်နှုန်းမှာ အင်တာနက်အွန်လိုင်းအသုံးပြုရှာဖွေလေ့ရှိကြောင်း work.com.mm ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

"အွန်လိုင်းကတစ်ဆင့်အလုပ်အကိုင် ရှာတာ အလုပ်ရှာတဲ့သူတွေအတွက် အချိန်မရွေး၊နေရာမရွေး မိမိလျှောက်ထားလိုတဲ့အလုပ်ကို အလွယ်တကူ ရှာဖွေလျှောက်ထားနိုင်တဲ့ အကောင်းဆုံး ပလက်ဖောင်းတစ်ခု ဖြစ်ပါတယ်။ ဒ့ါအပြင် လုပ်ငန်းရှင်နဲ့ အလုပ်ရှာတဲ့သူတွေ တိုက်ရိုက်တွေ့ဖို့မလိုတော့လို့ နှစ်ဖက်စလုံးအတွက် ရွေးချယ်မှုပိုမိုများပြားသလို မိမိနဲ့အသင့်တော်ဆုံး အလုပ်ရှင်၊ အလုပ်သမားတွေကိုလည်း အလွယ်တကူရွေးချယ်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ စစ်တမ်းအရကတော့ လက်ရှိအချိန်မှာ မြန်မာနိုင်ငံရဲ့ အလုပ်အကိုင်ရှာဖွေသူ ငါးဆယ်ရာခိုင်နှုန်းဟာ အွန် လိုင်းအသုံးပြုပြီး အလုပ်ရှာဖွေနေကြပါတယ်"ဟု work.com.mm ၏ မန်နေဂျင်းဒါရိုက်တာ Mr.Derek Beeftink က ပြောကြားသည်။

မြန်မာနိုင်ငံတွင် မိုဘိုင်းဆက်သွယ် ရေးဝန်ဆောင်မှုကဏ္ဍ အရှိန်အဟုန်မြင့် တိုးတက်လာမှုနှင့်အတူ အွန်လိုင်းမှတစ် ဆင့် အလုပ်အကိုင်ရှာဖွေမှုနှုန်းမှာလည်း သိသိသာသာမြင့်တက်လာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်တွင်းကုမ္ပဏီတစ်ခု၏ လူသားအရင်းအမြစ်စီမံခန့်ခွဲမှု လက်ထောက်မန်နေဂျာဖြစ်သူ ကိုဟန်သန်းဝေက "အွန်လိုင်းသုံးတဲ့ခေတ်မှာ အွန်လိုင်းအလုပ်အကိုင်ရှာဖွေရေး ပလက်ဖောင်းတွေ ပေါ်လာတာ တကယ်ကို ကောင်းပေမယ့် တချို့အခြေခံလုပ်သားတွေအတွက်ကတော့ အလှမ်းဝေးနေသေးတယ်လို့ မြင်မိပါတယ်။ လုပ်ငန်းရှင်ကုမ္ပဏီတွေကလည်း အလုပ်ခေါ်စာမှာ အလုပ်အကိုင်နဲ့ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ ဖော်ပြထားဖို့လိုသလို အလုပ်ရှာတဲ့သူတွေကလည်း အလုပ်ခေါ်စာကို သေသေချာချာဖတ်ပြီး မိမိနဲ့ကိုက်ညီမယ့် အလုပ်အကိုင်ကိုသာ ရွေးချယ် လျှောက်ထားသင့်ပါတယ်"ဟုပြောသည်။

မြန်မာနိုင်ငံတွင် အွန်လိုင်းမှတစ်ဆင့် အလုပ်အကိုင်ရှာဖွေရေး ဝက်ဘ်ဆိုဒ်များ ၂၀၁၂ ခုနှစ်မှစတင်ကာ ပေါ်ပေါက်ခဲ့ပြီး စတင်ပေါ်ပေါက်ခဲ့ချိန်က အွန်လိုင်းမှတစ်ဆင့် အလုပ်အကိုင်လျှောက်ထားခြင်း၏ အကျိုးသက်ရောက်မှုအပေါ် ပြည်တွင်းလုပ်ငန်းရှင်များနှင့် အလုပ်အကိုင်ရှာဖွေသူများက သံသယရှိခဲ့ကြောင်း သိရသည်။

# Myanmar Print Media Advertising Opportunities Amid Challenges ဆွေးနွေးပွဲပြုလုပ်

Nielsen MMRD မှ စီစဉ်သော Myanmar Print Media Advertising Opportunities Amid Challenges ဆွေးနွေးပွဲကို ဒီဇင်ဘာ ၆ရက်က ရန်ကုန်မြို့၊နိုဗိုတယ်ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။




"ကျွန်မတို့ကုမ္ပဏီကနေ စစ်တမ်းကောက်ယူထားတဲ့ အချက်အလက်တွေကတစ်ဆင့် မြန်မာ့ပုံနှိပ်မီဒီယာလောကမှာ ဘာတွေဖြစ်နေသလဲ၊ ဘာတွေဖြစ်တော့မလဲဆိုတာ ပြောပြချင်တာ။အထူးသဖြင့် ကြော်ငြာရှင်တွေက မီဒီယာ အစီအစဉ်လုပ်တော့မယ်ဆိုရင် ဘယ်မီဒီယာကိုထည့်ရမလဲဆိုတာကို အရင် စဉ်းစားကြတယ်။ ပုံနှိပ်မီဒီယာအတွက်ဆိုလူတွေရဲ့ စာဖတ်မှုနှုန်း ကျလာတယ်။ အဲဒါရဲ့အကျိုးဆက်က စာဖတ်နှုန်း ကျလာတဲ့အတွက် စာအုပ်စာပေ ထုတ်ဝေမှုနှုန်း နည်းလာနိုင်သလို ကြော်ငြာထည့်မှုနှုန်းလည်း နည်းသွားနိုင်ပါတယ်။ ဒါကြောင့် ကြော်ငြာရှင်က ပုံနှိပ်မီဒီယာဆီက ဘာလိုချင်တာလဲ၊ ကြော်ငြာရှင်ကို ကူညီပေးနေတဲ့ ကြော်ငြာအေဂျင်စီကရော ဘယ်အချက်အလက်တွေကို ကြည့်နေတာလဲ၊ ထုတ်ဝေသူတွေကရော ဘာပေးချင်တာလဲ။ အဲဒီ သုံးဦးသုံးဖလှယ် ညီညီညွတ်ညွတ်ရှိမှ ဒီပုံနှိပ်မီဒီယာ နယ်ပယ်တိုးတက်မှာပါ" ဟု Nielsen MMRD ၏ Associate Director ဒေါ်စံပယ်အောင်က ပြောသည်။

အဆိုပါဆွေးနွေးပွဲတွင် Information Matrix Co.,Ltd ၏ စီအီးအို ဦးသောင်းစုငြိမ်း၊ AA Medical Products၏ Division Head Of OTC Marketing ဖြစ်သူ ဒေါက်တာဝင်းသိန်း၊ Mandalay Advertising ၏ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဇေယျတို့က ဦးဆောင်ဆွေးနွေးခဲ့သည်။

# ရိုးမစင်ထရယ်အဆင့်မြင့်ကွန်ဒိုနှင့် ပင်နင်ဆူလာရန်ကုန်ဟိုတယ်တို့ကို တည်ဆောက်မည့် ကုမ္ပဏီနှစ်ခုအား ရွေးချယ်

ရန်ကုန်မြို့လယ်ရှိ ရိုးမစင်ထရယ်အဆင့်မြင့်အိမ်ရာစီမံကိန်းနှင့် ပင်နင်ဆူလာရန်ကုန်ဟိုတယ်တို့ကို တည်ဆောက်မည့်ကုမ္ပဏီနှစ်ခုအား ရွေးချယ်လိုက်ပြီဖြစ်ကြောင်း ရိုးမ မဟာဗျူဟာဦးပိုင်လီမိတက် (Yoma Strategic )က ထုတ်ပြန်ကြေညာလိုက်သည်။

ရိုးမစင်ထရယ်အဆင့်မြင့် အိမ်ရာစီမံကိန်းကို BTJV Myanmar Company Limited က တာဝန်ယူ ဆောက်လုပ်မည်ဖြစ်ပြီး အဆိုပါကုမ္ပဏီသည် Bouygues ဆောက်လုပ်ရေး၏ လက်အောက်ခံကုမ္ပဏီ Dragages Singapore Pte Ltd နှင့် ဂျပန်နိုင်ငံ၏ Taisei Coporation တို့ အကျိုးတူပူးပေါင်းထားသော ကုမ္ပဏီဖြစ်ကြောင်း၊ ပင်နင်ဆူလာဟိုတယ်စီမံကိန်းကို BYMA Pte.Ltd.က တာဝန်ယူတည် ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော် ရင်းနှီးမြှုပ်နှံထားတဲ့ ရိုးမစင်ထရယ် အဆင့်မြင့် အိမ်ရာစီမံကိန်းက မြန်မာနိုင်ငံရဲ့ အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်ပါတယ်။ ဒီလိုရန်ကုန်မြို့ရဲ့ အထင်ကရစီမံကိန်းကိုကမ္ဘာ့အဆင့်မီဆောက်လုပ်ရေးကုမ္ပဏီတွေက နောက်ဆုံးပေါ် အင်ဂျင်နီယာနည်းပညာတွေကိုသုံးပြီး ဆောက်လုပ်သွားဖို့က အရေးကြီးတဲ့ကဏ္ဍ တစ်ခုဖြစ်ပါတယ်။ Bouygues ဆောက်လုပ်ရေးဆိုတာကလည်း ရှေးဟောင်း အမွေအနှစ်လက်ရာတွေကို ထိန်းသိမ်းမှုအပိုင်းမှာ အတွေ့အကြုံအများကြီးရှိပါတယ်။ Taisei Coporation ကလည်း ဂျပန်နိုင်ငံရဲ့ ဝါရင့်ဆောက်လုပ်ရေးကုမ္ပဏီကြီးဖြစ်သလို ကာတာနိုင်ငံဒိုဟာအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းနဲ့ ဂျပန်နိုင်ငံအမျိုးသားအားကစားကွင်းသစ်ကို ဆောက်လုပ်ပေးခဲ့ပါတယ်"ဟု ရိုးမ မဟာဗျူဟာဦးပိုင်လီမိတက် ၏ အမှုဆောင်ဒါရိုက်တာ Mr.Cyrus Pun က ပြောကြားသည်။

အဆိုပါစီမံကိန်းနှစ်ခုသည် မြေ ၁၀ ဧက ခန့်ကျယ်ဝန်းပြီး ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

သန်းထိုက်အောင် စုစည်းတင်ပြသည်။



## မြို့ကြီးများ၏ ၁၁-၁၂-၂၀၁၇ မှ ၁၅-၁၂-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၁-၁၂-၂၀၁၇) | အင်္ဂါ(၁၂-၁၂-၂၀၁၇) | ဗုဒ္ဓဟူး(၁၃-၁၂-၂၀၁၇) | ကြာသပတေး(၁၄-၁၂-၂၀၁၇) | သောကြာ(၁၅-၁၂-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | တိမ်အသင့်အတင့် ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| ရန်ကုန်မြို့ | နေသာ ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| မန္တလေးမြို့ | တိမ်အသင့်အတင့် ၂၉°C/၈၃°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F |
| မြစ်ကြီးနား | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | တိမ်အသင့်အတင့် ၂၇°C/၈၁°F | တိမ်အသင့်အတင့် ၂၇°C/၈၁°F | နေသာ ၂၇°C/၈၁°F |
| လားရှိုး | တိမ်အသင့်အတင့် ၂၄°C/၇၅°F | တိမ်အသင့်အတင့် ၂၄°C/၇၆°F | တိမ်အသင့်အတင့် ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၆°C/၇၈°F |
| ကျိုင်းတုံ | တိမ်အသင့်အတင့် ၂၆°C/၇၉°F | တိမ်အသင့်အတင့် ၂၆°C/၇၉°F | တိမ်အသင့်အတင့် ၂၇°C/၈၀°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F |
| လွိုင်ကော် | နေသာ ၂၆°C/၇၉°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၁°F |
| တောင်ကြီး | တိမ်အသင့်အတင့် ၂၂°C/၇၂°F | တိမ်အသင့်အတင့် ၂၃°C/၇၄°F | တိမ်အသင့်အတင့် ၂၃°C/၇၄°F | တိမ်အသင့်အတင့် ၂၄°C/၇၅°F | နေသာ ၂၄°C/၇၆°F |
| မော်လမြိုင် | နေသာ ၃၀°C/၈၇°F | တိမ်အသင့်အတင့် ၂၉°C/၈၅°F | နေသာ ၃၀°C/၈၇°F | နေသာ ၃၀°C/၈၈°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F |
| ဘားအံ | တိမ်အသင့်အတင့် ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၀°C/၈၈°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၄°C/၉၄°F |
| တောင်ငူ | နေသာ ၃၃°C/၈၉°F | နေသာ ၃၃°C/၉၀°F | နေသာ ၃၃°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F |
| မုံရွာ | တိမ်အသင့်အတင့် ၂၉°C/၈၅°F | နေသာ ၃၀°C/၈၇°F | နေသာ ၃၀°C/၈၇°F | နေသာ ၃၀°C/၈၇°F | နေသာ ၂၉°C/၈၅°F |
| ပုသိမ် | နေသာ ၃၂°C/၈၉°F | နေသာ ၃၀°C/၈၈°F | နေသာ ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F |
| မြိတ် | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | ၄၀% ၃၀°C/၈၈°F | ၅၀% ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F |
| စစ်တွေ | တိမ်အသင့်အတင့် ၂၈°C/၈၃°F | တိမ်အသင့်အတင့် ၂၈°C/၈၂°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F |
| မကွေး | တိမ်အသင့်အတင့် ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F |
| ဖလမ်း | တိမ်အသင့်အတင့် ၁၉°C/၆၇°F | တိမ်အသင့်အတင့် ၂၀°C/၆၈°F | တိမ်အသင့်အတင့် ၂၁°C/၇၀°F | နေသာ ၂၂°C/၇၁°F | နေသာ ၂၁°C/၇၀°F |



## ဆိုင်ကလုန်းမုန်တိုင်း အိုကီကြောင့် မွမ်ဘိုင်းဆိပ်ကမ်းတွင် အမှိုက်တန်ချိန် ၈၀ ကျော် စုပုံလာခဲ့

ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သည့်ဆိုင်ကလုန်းမုန်တိုင်း အိုကီသည် အိန္ဒိယနိုင်ငံ၊ ဂူဂျာရတ်ကမ်းခြေသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် အားပျော့ ပျက်ပြယ်သွားခဲ့ကြောင်း အိန္ဒိယနိုင်ငံ မိုးလေဝသဌာန၏ သတင်းထုတ်ပြန်ချက်ကို ကိုးကား၍ တိုင်းမ်စ်အော့ဖ် အိန္ဒိယသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်း၏အရှိန်ကြောင့် တမီလ်နာဒူးပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ရာ နေအိမ်ပေါင်း ၄၅၀၀ကျော် ပျက်စီးဆုံးရှုံးခဲ့ရသည်။ ပျက်စီးဆုံးရှုံးခဲ့ရသည့် နေအိမ်များအတွက် တမီလ်နာဒူးပြည်နယ် အစိုးရက ရူပီး ၄၁ သိန်းတန်ဖိုးရှိ အကူအညီအထောက်အပံ့များပေးအပ်ခဲ့ကြောင်း သိရသည်။

မိုးရွာသွန်းမှုနှင့် လေပြင်းများတိုက်ခတ်မှုတို့ကြောင့် တမီလ်နာဒူးပြည်နယ်တွင် စပါးခင်းများ၊ အုန်းပင်များ၊ ငှက်ပျောပင်များ၊ ရော်ဘာစိုက်ခင်းများနှင့် အခြားသော ဟင်းသီးဟင်းရွက်စိုက်ခင်းများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ထို့ပြင် ကီရာလာပြည်နယ်မှ ငါးဖမ်းလုပ်သား ၂၉ ဦး ပင်လယ်ပြင်တွင် ပျောက်ဆုံးနေသဖြင့် ကူညီ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း၊ ပျောက်ဆုံးနေသည့် ရေလုပ်သားများအတွက် ကီရာလာပြည်နယ်အစိုးရက ရူပီးသိန်း ၂၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

မုန်တိုင်းတိုက်ခတ်ပြီးနောက် မွမ်ဘိုင်းဆိပ်ကမ်းတွင် အမှိုက်များ လာရောက်စုပုံပြီး သောင်တင်နေခဲ့ကြောင်း၊ အမှိုက်များမှာ တန်ချိန် ၈၀ခန့်ရှိမည်ဖြစ်ကြောင်း၊ ဘရီဟန်မွမ်ဘိုင်းမြူနီစီပယ်ကော်ပိုရေးရှင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

ဒီဇင်ဘာလ ၅ ရက်နှင့် ၆ ရက်တို့တွင် ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းအိုကီကြောင့် အိန္ဒိယသမုဒ္ဒရာအတွင်းမျောပါနေသည့်အမှိုက်များ လာရောက်စုပုံသောင်တင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

“ဒီအမှိုက်တွေက သမုဒ္ဒရာရဲ့အလယ်မှာ မျောပါနေတာပါ။လေတိုက်ခတ်တာကြောင့် လှိုင်းလုံးတွေနဲ့အတူ မွမ်ဘိုင်းကမ်းခြေမှာ လာရောက်စုပုံလာတာပါ။ ကျွန်တော်တို့ဌာနအနေနဲ့ အဲဒီသတင်းကိုရရချင်းပဲ ရှင်းလင်းဖို့ လုပ်ဆောင်ခဲ့ပါတယ်”ဟု ဘရီဟန်မွမ် ဘိုင်းမြူနီစီပယ်ကော်ပိုရေးရှင်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

**မယ်သီတာ**

## ကယ်လီဖိုးနီးယားပြည်နယ်တွင် လောင်ကျွမ်းနေသည့် တောမီးကြောင့် ဧကပေါင်း တစ်သိန်းခွဲနီးပါး မီးလောင်ကျွမ်းခဲ့

ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းတွင် လောင်ကျွမ်းလျက်ရှိသည့် တောမီးကြောင့် ဧကပေါင်းတစ်သိန်းခွဲ နီးပါးမီးလောင်ကျွမ်းခဲ့ရကြောင်း စီအန်န်အန်န်သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ပြီးခဲ့သည့် အောက်တိုဘာလကတည်းက လောင်ကျွမ်းခဲ့သည့် တောမီးသည် ဆက်လက်လောင်ကျွမ်းလျက်ရှိနေသဖြင့် ကယ်လီဖိုးနီးယားပြည်နယ်နှင့် နီးစပ်လျက်ရှိသည့် လော့စ်အိန်ဂျလိစ်မြို့မှာ အန္တရာယ်ရှိသည့်အနေအထားသို့ ရောက်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မီးလောင်ကျွမ်းမှုကြောင့် ဆန်ဒီယေဂိုမြို့ မြောက်ပိုင်း ၄၅ မိုင်ခန့်အကွာတွင် လူနှစ်ဦး မီးလောင်ကျွမ်းသေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်ဟုဆိုသည်။

တောမီးလောင်ကျွမ်းမှုကြောင့် လူပေါင်းနှစ်သိန်းနီးပါးခန့်ကို ရွှေ့ပြောင်းပေးခဲ့ရပြီး မီးသတ်သမား ပေါင်း ၁၁၀၀၀ ကျော်ကို အသုံးပြုလျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

တောမီးစတင်လောင်ကျွမ်းသည်မှ ယနေ့အချိန်အထိ လူပေါင်း ၄၀ သေဆုံးခဲ့ရပြီး နေအိမ်ပေါင်း ၅၇၀၀ ကျော်ပျက်စီးခဲ့ရကာ စီးပွားရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

သေဆုံးသူအများစုမှာ သက်ကြီးရွယ်အိုများဖြစ်ပြီး အသက် ၁၄နှစ်မှ အသက် ၁၀၀ ကြားရှိသူများပါဝင်သည်ဟုဆိုသည်။

ယခုအချိန်သည် ခြောက်သွေ့သည့် လေများတိုက်ခတ်လာသည့်အချိန်ဖြစ်သဖြင့် တောမီးလောင်ကျွမ်းမှု ပိုမိုဆိုးရွားလာမည်ကို စိုးရိမ်လျက်ရှိကြောင်း မီးသတ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် မီးခိုးများသည် ကောင်းကင်ယံသို့ ပျံ့လွင့်လျက်ရှိရာ ကယ်လီဖိုးနီးယားပြည်နယ်တစ်ခုလုံးတွင် မီးခိုးငွေ့များ ဖုံးလွှမ်းလျက်ရှိသည်ဟုဆိုသည်။ သို့သော် သစ်တောနှင့် မီးဘေးကာကွယ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒယ်နီယယ် ဘားလန့်က မူကယ်လီဖိုးနီးယား၏ အခြေအနေသည် ကောင်းမွန်လာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

“လွန်ခဲ့တဲ့ ၂၄ နာရီလောက်စပြီး တော်တော်ကို ပြောင်းလဲလာပါပြီ။ ဒါဟာ ကောင်းမွန်တဲ့ လက္ခဏာတစ်ရပ်ဖြစ်လာတာကို ပြသတာပဲဖြစ်ပါတယ်”ဟု ၎င်းကပြောကြားခဲ့သည်။

ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဒေသခြောက်ခုရှိ ပြည်သူများမှာ တောမီးလောင်ကျွမ်းမှုကို ခံစားနေရသည်ဟု ဆိုသည်။

**မယ်သီတာ**

# လပွတ္တာမြို့နယ် ပျဉ်ထောင်တွင်းကျေးရွာ အ-ထ-က တွင် စားသုံးသူအသိပညာပေး ဟောပြောပွဲကျင်းပ

လပွတ္တာမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူး၍ လပွတ္တာမြို့နယ်၊ ပျဉ်ထောင်တွင်းကျေးရွာ အ. ထ. က တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၅ ရက်က ကျင်းပခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင်လပွတ္တာမြို့နယ်တာဝန်ခံ ဦးဝင်းမင်းစိုးက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေသိကောင်းစရာများ၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဆောင်ရွက်နေမှု၊ စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးစင်တာ (CICC) ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဒုတိယကြီးကြပ်ရေးမှူး ဦးမြင့်ဌေးက ကျန်းမာရေးနှင့် ညီညွတ်သည့် မုန့်၊ အစားအစာများ ရွေးချယ်တတ်စေရန် သက်ဆိုင်ရာဌာနမှ စားသုံးရန်မသင့် တားမြစ်ထားသောမုန့်များကို ရှောင်ချခြင်း၊ စားသောက်ခြင်းမပြုရန် မုန့်နမူနာများပြသ၍ ရှင်းလင်းဟောပြောခဲ့ကြပါသည်။

ဆက်လက်ပြီး မြို့နယ်တာဝန်ခံ ဦးဝင်းမင်းစိုးနှင့်ဆရာ၊ ဆရာမများသည် ကျောင်းမုန့်ဈေးတန်းရောင်းချနေမှုအားသွားရောက်ကြည့်ရှုပြီး ဆိုင်ရှင်များအား အသိပညာပေးဆွေးနွေးခဲ့ပါသည်။ အဆိုပါ ဟောပြောပွဲသို့ ခရိုင်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိနှင့် ဆရာ/ဆရာမများ ၃၂ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၅၄၀ ဦး၊ ကျောင်းမုန့်ဈေးတန်းဆိုင်ရှင် ၂ ဦး၊ စုစုပေါင်း ၅၇၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

အလားတူ မော်လမြိုင်ကျွန်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ မော်လမြိုင်ကျွန်းမြို့နယ် ရွှေအုပ်ချောင်းကျေးရွာ အ. မ. က မူလွန်တွင် ဒီဇင်ဘာ ၇ ရက်က စားသုံးသူအသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**တိုးလွင်(မြောင်းမြ)**

# ပြည်မြို့နယ်ရှိ အ-လ-က (ခွဲ) ဇီးအုပ်ကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ပြည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည်ပြည်မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ ရုံးချုပ် (နေပြည်တော်) နှင့် ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံးတို့မှ လေ့လာရေးအဖွဲ့များဖြစ်သော ဦးစီးအရာရှိများနှင့် မိတ်ဖက်ဌာနများဖြစ်သော မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၈ ရက်က ပြည်မြို့နယ်ဇီးအုပ်ကျေးရွာအုပ်စု၊ အ. လ. က (ခွဲ) ဇီးအုပ်သို့ သွားရောက်ကာ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ရာ ဆရာ/ဆရာမများ၊ ကျောင်းသား/သူများ၊ ကျောင်းသားမိဘများအပါအဝင် စုစုပေါင်း ၂၈၆ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

အဆိုပါဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်ခရိုင်ဦးစီးမှူး ဦးမြင့်ဝင်းက ကျောင်းသား/သူများ သိရှိရန်လိုအပ်သော စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရခြင်း အကြောင်းအရာများ၊ စားသုံးသူကျောင်းသား/သူများရရှိ မည့် အခြေခံစားသုံးသူ အခွင့်အရေးများနှင့် လိုက်နာရမည့်တာဝန်များအကြောင်းကို ကျောင်းသား/သူများသိရှိနားလည်သဘောပေါက်စေရန် ဥပမာများဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဝင်းလဲ့ဝါက အနာဂတ်မျိုးဆက်သစ်လူငယ်များနှင့် တားမြစ်ဓာတုဆိုးဆေး အန္တရာယ်ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်ခရိုင်ရုံးမှ အကြီးတန်းစာရေး ဒေါ်နီနီဝင်းက ကွမ်းယာ၊ ဆေးလိပ်သုံးစွဲမှုကြောင့်ဖြစ်ပေါ်လာသည့်ကျန်းမာရေးဆိုးကျိုးများအကြောင်းကိုလည်းကောင်း အသီးသီးဆွေးနွေးဟောပြောခဲ့တယ်လို့ သိရပါတယ်။ ဆက်လက်၍ မိတ်ဖက်ဌာနများဖြစ်သော မွေးမြူရေး နှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မြင့်က တိရစ္ဆာန်များမှ တစ်ဆင့်ကူးစက်ဖြစ်ပွားသော ကြက်ငှက်တုပ်ကွေးရောဂါ၊ ဒေါင့်သန်းရောဂါများနှင့်ပတ်သက်၍ ဆောင်ရန်/ရှောင် ရန်များအကြောင်းကိုလည်းကောင်း၊ စိုက်ပျိုးရေးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ဌေးက ဓာတုဆေးကြွင်းအန္တရာယ်နှင့် ပတ်သက်သည့် လိုက်နာ ဆောင်ရွက်ရမည့်အချက်များကိုလည်းကောင်း အသီးသီးဆွေးနွေးဟောပြောခဲ့ကြောင်း သတင်းရရှိပါတယ်။

**ဝင်းလဲ့ဝါ (ပြည်)**

# ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ဖျာပုံခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၁၅ ရက်က ကျင်းပခဲ့ရာ အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနများနှင့် ဖိတ်ကြားထားသောစိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ တိုင်းရင်းဆေး၊ ပြန်ကြားရေးနှင့် အထူးစုံစမ်းစစ်ဆေးရေးစသည့် ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် ဥက္ကဋ္ဌ ဦးအေးလွင် (ခရိုင်အုပ်ချုပ်ရေးမှူး) က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမြင့်အောင်က ရုံးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှာကြားချက်များ၊ စားသုံးသူရေးရာဦးစီးဌာန၏ ယခင်လ ဆောင်ရွက်မှု၊ ယခုလဆောင်ရွက်မှု အခြေအနေများ၊ CICC စင်တာသို့ စားသုံးသူနစ်နာဆုံးရှုံးမှုတိုင်ကြားစာများနှင့် ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်မှုအခြေအနေများ၊ ခရိုင်အတွင်းရှိ ဆေးဆိုင်များ၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင်များ၊ တိုင်းရင်းဆေးဆိုင်များအား သက်ဆိုင်ရာဌာနများက ဦးဆောင်၍ လစဉ်ကွင်းဆင်း စစ်ဆေးသွားရန်နှင့် လစဉ်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေဖြင့် ဈေးနှစ်ဈေး၊ အလုပ်ရုံနှစ်ရုံအား ကွင်းဆင်းစစ်ဆေး သွားရန်၊ ခရိုင်အတွင်းရှိကောလိပ် ကျောင်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများကိုလည်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်သွားရန် စသည်ဖြင့် တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက်တက်ရောက်လာကြသော မိတ်ဖက်ဌာနများနှင့် ဖိတ်ကြားထားသူများကပြန်လည်ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံများနှင့် ဌာနခွဲမှူးများစုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန် (ဖျာပုံ)**

# ဧရာဝတီတိုင်း စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ (၂) တွင် တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကို ဒီဇင်ဘာလ ၅ ရက်တွင် ကျင်းပခဲ့ရာ တိုင်းအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်၊ အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်၊ ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်၊ တိုင်းအဆင့်ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ စားသုံးသူကိုယ်စားလှယ်၊ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်၊ ဥပဒေပညာရှင်၊ ကျွမ်းကျင်ပညာရှင်၊ ပုဂ္ဂလိက မော်တော်ယာဉ်လုပ်ငန်း ယာဉ်များစနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီ၊ ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီ၊ ဆန်စက်လုပ်ငန်းရှင်များ အသင်းခွဲ၊ ARCCI၊ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၃၅ ဦးခန့် တက်ရောက်ခဲ့ပါသည်။

တိုင်းစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်က ယခင်တစ်ပတ် အစည်းအဝေး ဆုံးဖြတ်ချက်တွင် ကုန်ပစ္စည်းအမှတ်တံဆိပ်များ Label ကပ်ထားရေး၊ သက်တမ်းကုန်ဆုံးရက် (Expire Date) ကို ကုန်အမှတ်တံဆိပ်ပေါ်မှာ သိသာထင်ရှားစွာ ဖော်ပြပေးရေးနှင့် ကုန်ပစ္စည်း Label ကိုလည်း သက်ဆိုင်ရာဌာနများ၏ ဥပဒေနှင့်အညီ ကပ်နိုပ်ကြစေရေးအတွက် ဆွေးနွေးဆုံးဖြတ်၍ ဧရာဝတီတိုင်းဒေသကြီး ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီဆုံးဖြတ်ချက် ကြော်ငြာစာ အမှတ် ၇/၂၀၁၇ ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်စွဲနှင့် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ ယခုပွင့်လင်းရာသီရောက်ရှိလာချိန် ချောင်းသာကမ်းခြေတွင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (Consumer Information and Complaint Center CICC (Mobile))ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်း ရရှိပါသည်။

**မင်းမင်းဦး (ပုသိမ်)**

# ဟင်္သာတခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ဟင်္သာတခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၁၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာလ ၇ ရက်တွင် ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဟင်္သာတခရိုင် စားသုံးသူအ ငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးကြည်ဟန်က နိုဝင်ဘာလအတွင်းက ဆောင်ရွက်ခဲ့သော စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများနှင့် ဒီဇင်ဘာလအတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘုန်းလွင်က ဈေးစားသုံးသူရေးရာအဖွဲ့များအား စားသုံးသူရေးရာ သင်တန်းများပြုလုပ်



ပေးရန်နှင့် ဒုတိယခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာညီညီလွင်က ခရိုင်အတွင်းရှိဈေးများ၊ ကျောင်းများ၊ လုပ်ငန်းများ စစ်ဆေးရာတွင် Check List များနှင့် စစ်ဆေးနိုင်ရေးတို့ကို ဆွေးနွေးခဲ့သည်။ အစည်းအဝေးသို့ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၃၃ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**မောင်မောင်မြတ်ခိုင်**



GREEN AUTO SERVICES CO., LTD.
115 B, University Avenue Road, Kamayut Township, Yangon, Myanmar.
Ph : 09 5066800, 09 5100390, 09 5047647 Email : gasmyanmar@gmail.com




Khit Like Co., Ltd.
No. 43, 18th Street, Latha Township, Yangon, Myanmar.
Tel : (951) 226431 / 226506, Fax : (951) 210959, E-mail : khitlike@gmail.com
361° ONE DEGREE BEYOND
MYA




PYI MIN PAING CO.,LTD
&
HORIZON EXPORT & IMPORT SERVICES AGENCY
Export & Import
Customs Clearance Service
Company Registration
Trading Service
Transportation
Address Office : No.95, 3rd Floor, 39th Street, Kyauktada Tsp, Yangon, Myanmar
Res : No.26, 7th Floor, 109th Street, Mingalartaungnyunt Tsp, Yangon, Myanmar
Ph : 096560759, 09781930785, 095115654, 0991038969, 09401561265
E-mail :
Website: www.pyiminpaing.com




KEMBANGAN - UHC HOSPITAL
(ကမ်ဘန်ဂန် - ယူအိတ်ချ်စီဆေးရုံ)
မွေးရာပါနှုတ်ခမ်းကွဲ၊အာခေါင်ကွဲဝေဒနာရှင်များကို အခမဲ့ ကုသပေးနေပါပြီ။
အမျိုးသားများ၏ ကျန်းမာရေးနှင့် လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ
ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါများ ကုသခြင်း
ဆီးကြိတ်ကင်ဆာရောဂါရှာဖွေခြင်းနှင့် ခွဲစိတ်ကုသခြင်း
လိင်ဆက်ဆံခြင်းကြောင့် ကူးစက်တတ်သောရောဂါများ
ဆီးပူညောင်းကျရောဂါ၊ ရေယုန်ရောဂါ၊
ကာလသားရောဂါ၊ ခုခံအားကျဆင်းရောဂါ၊
လိင်အင်္ဂါကြွက်နို့ရောဂါကုသခြင်း
လိင်အင်္ဂါဖွံ့ဖြိုးကုထုံးများနှင့် ပုံသဏ္ဍာန်မမှန်သော
အမျိုးသားအင်္ဂါကိုခွဲစိတ်ပြုပြင်ခြင်း
အမျိုးသားလိင်အင်္ဂါ အရေပြားလှီးခြင်း
သုတ်လွှတ်ခြင်းဆိုင်ရာရောဂါ
ပန်းသေ၊ ပန်းညှိုးရောဂါ
လိင်စိတ်ချုပ်တည်းနိုင်မှု ဆိုင်ရာရောဂါများ
ဝက်ခြံ၊ ဆားဝက်ခြံနှင့် ဝက်ခြံအမာရွတ်များ
နေလောင်ကွက်နှင့် အမာရွတ်အမျိုးမျိုး ကုသခြင်း
ဦးရေပြားနှင့် ဆံသားကို စက်ဖြင့် စစ်ဆေးခြင်း
အမျိုးသားများ ထိပ်ပြောင်ခြင်း၊
ဆံပင်ကျွတ်ခြင်းများအတွက် ဆောက်ဆေး၊
ထိုးဆေး၊ လေဆာစက်ဖြင့် ကုသခြင်း
ဆံပင်အစားထိုးစိုက်ခြင်း
နပိုချုပ်ခြင်းနှင့် အသားအရေထိန်းသိမ်းခြင်းဆိုင်ရာကုထုံး
သာယာချမ်းမြေ့
ပျော်ရွှင်ဖွယ်
ကောင်းသော
ဒီဇင်ဘာလ
ဖြစ်ပါစေကြောင်း
Kembangan
မိသားစုမှ
ဆုမွန်ကောင်း
တောင်းအပ်
ပါသည်
"ကင်ဆာရောဂါအကြောင်း
သိကောင်းစရာ" ခေါင်းစဉ်ဖြင့်
ကျန်းမာရေးဆိုင်ရာလူထုဟောပြောပွဲ
အစီအစဉ်ကို(၁၆.၁၂.၂၀၁၇)နေ့တွင်
ပြုလုပ်မည်ဖြစ်ပါ၍ တက်ရောက်
လိုသူများကြိုတင် စာရင်း
ပေးသွင်းနိုင်ပါသည်။
Hot Line
09 772 458 611
Kembangan Group Of Medical Centres facebook ကို Like လုပ်ခြင်းဖြင့် သတင်းများရယူနိုင်ပါတယ်
Kembangan UHC Hospital
Kembangan Group of Medical Centres
09 772 458 611, 09 795 899 634
Kembangan Thuwunna
09 778 527 793, 09 778 527 794
Kembangan Mandalay
Kembangan Mandalay
Kembangan Aesthetics (MDY)
Kembangan Mandalay

# အာဆီယံ စီးပွားရေးအသိုက်အဝန်းနှင့် CLMV နိုင်ငံများ

[ အောင်ထူး ]

ယခင်တစ်ပတ်မှအဆက်

**(ခ) အပြန်အလှန်အရည်အချင်းများအား အသိအမှတ်ပြုခြင်း**
**(Mutual Recognition Agreement)**

အာဆီယံစီးပွားရေးအသိုက်အဝန်းဖြစ်လာချိန်မှာ ကျွမ်းကျင်လုပ်သားတွေကို လွတ်လပ်စွာ ရွှေ့ပြောင်း လုပ်ကိုင်ခွင့်ပြုတော့မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်အောင် အာဆီယံနိုင်ငံများ အချင်းချင်း ကျွမ်းကျင်မှု အဆင့်အတန်းတွေကို အပြန်အလှန် အသိအမှတ်ပြုထားရမှာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေအထိ ဗိသုကာ ဝန်ဆောင်မှုလုပ်ငန်း၊ မြေတိုင်းဝန်ဆောင်မှုလုပ်ငန်း၊ ဆေးကုသမှုဆိုင်ရာ ဆရာဝန်လုပ်ငန်း၊ အင်ဂျင်နီယာ ဝန်ဆောင်မှုလုပ်ငန်း၊ သွားဘက်ဆိုင်ရာ ဆရာဝန်များလုပ်ငန်း၊ သူနာပြုမှုဆိုင်ရာဝန် ဆောင်မှုလုပ်ငန်း၊ စာရင်းကိုင်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရှင်များ လုပ်ငန်းတို့က ဦးစားပေးဆောင်ရွက်ရမယ့် ကဏ္ဍများအဖြစ် သတ်မှတ်ထားရှိပါတယ်။ အပြန်အလှန် အသိအမှတ်ပြုမှု အစီအစဉ်များကို ပြုလုပ်ထားရှိပေမယ့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေး သတ်မှတ်ချက်နဲ့ အဆင့်အတန်းများကို သတ်မှတ်ရန် ကျန်ရှိနေပါတယ်။ မြန်မာနိုင်ငံမှ ကျွမ်းကျင်သူအဖွဲ့အစည်းများအနေနဲ့ အာဆီယံနိုင်ငံရဲ့ အပြန်အလှန်အသိအမှတ်ပြုမှု အစီအစဉ်များမှာ ပါဝင်ခြင်းအားဖြင့် မြန်မာနိုင်ငံက ကျွမ်းကျင်သူများရဲ့ အဆင့်အတန်းဟာ အာဆီယံနိုင်ငံများနဲ့ ရင်ပေါင်တန်းနိုင်မှာ ဖြစ်တဲ့အပြင် မြန်မာနိုင်ငံက ဆရာဝန်တွေ၊ စာရင်းကိုင်တွေ၊ သူနာပြုတွေ၊ အင်ဂျင်နီယာတွေဟာ အာဆီယံ နိုင်ငံများမှာ လုပ်ငန်းများထူထောင် အလုပ်လုပ်ကိုင်နိုင်ကြမှာ ဖြစ်ပါတယ်။

**(ဂ) အားသာချက်ကို အားကိုးပါ**
**(Relying on Comparative Advantages)**

နိုင်ငံတကာကုန်သွယ်မှုသီအိုရီတွေမှာ သီအိုရီအဆင့်ဆင့် ပြောင်းလဲခဲ့သော်လည်း ဘောဂဗေဒပညာရှင် ဒေးဗစ်ရီကာဒိုရဲ့ နှိုင်းယှဉ်အခွင့်သာမှု သီအိုရီ (Theory of Comparative Advantage) ဟာ မှန်ကန်ဆဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံကအကျိုးအမြတ်တွေကို ရနိုင်အောင် မိမိရဲ့ထုတ်လုပ်နိုင်စွမ်းအား၊ မိမိရဲ့မဟာဗျူဟာ အရ အရေးပါမှုတွေကို အားကိုးရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် တရုတ်နိုင်ငံရဲ့ ယူနန်ပြည်နယ်ဟာ လူဦးရေ ၄၃ သန်းရှိပြီး ကုန်းတွင်းပိတ်ပြည်နယ် ဖြစ်ပါတယ်။ ရှန်ဟိုင်း၊ ပေကျင်းစတဲ့ ဆိပ်ကမ်းများကို ရောက်အောင် မိုင်ပေါင်းများစွာ သွားရပြီး မြန်မာနိုင်ငံက ဆိပ်ကမ်းများဟာ သူ့အတွက် ကုန်ကျစရိတ် အနည်းဆုံးဆိပ်ကမ်းများ ဖြစ်ပါတယ်။ ဒီလိုအနေအထားမျိုးမှာ မြန်မာနိုင်ငံဟာ ယူနန်ပြည်နယ်နဲ့ ကုန်သွယ်ခြင်းဟာ နှစ်ဦးနှစ် ဘက်အကျိုးရှိစေနိုင်ပါတယ်။ အလားတူ ပါပဲ အိန္ဒိယ နိုင်ငံက အာသံ၊ မဏိပူရ်ပြည်နယ်များဟာ ကုန်းတွင်းပိတ်ဒေသများဖြစ်လို့ မြန်မာနိုင်ငံက တစ်ဆင့် ကုန်သွယ်မှုဟာ အကျိုးရှိနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ခရီးသွားလုပ်ငန်းအရင်းအမြစ်တွေ များစွာရှိပါတယ်။ ဒီအရင်းအမြစ်တွေကို ထိရောက်စွာအသုံးချမှုဟာ မြန်မာပြည်အတွက် အကျိုးရှိနိုင်ပါတယ်။ ထိုင်းနိုင်ငံမှာ ကမ္ဘာလှည့်ခရီးသည် တစ်နှစ်သန်း ၃၀ လာရောက်ပြီး မြန်မာနိုင်ငံမှာ ၃ သန်းခန့်သာ ရှိသေးတဲ့အတွက် လက်ရှိအခြေအနေထက် ၁၀ ဆတိုးမြှင့်နိုင်မယ့် အလားအလာရှိနေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဆန်နဲ့ပဲမျိုးစုံကုန်စည်များမှာ ကမ္ဘာ့ကုန်သွယ်ရေးအတွက်အရေးပါတဲ့ အနေ အထားမှာ ရှိတယ်ဆိုတာကိုလည်း တွေ့ရပါတယ်။ တခြားအားသာချက်များလည်း ရှိဦးမှာပါ။ ဒါတွေကို အပြည့်အဝအသုံးချ နိုင်တာနဲ့အမျှ မိမိရဲ့ပထဝီ အနေအထားအရ မဟာဗျူဟာကျမှုကို အကျိုးရှိစွာ အသုံးချနိုင်မှာ ဖြစ်ပါတယ်။

**(ဃ) အင်တာနက်မှာ ရောင်းဝယ်ခြင်း (E-commerce)**

အင်တာနက်မှာရောင်းဝယ်တဲ့အလီဘာဘာကုမ္ပဏီကို ထူထောင်ခဲ့တဲ့ ဂျက်မာဟာ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် မှာ ၁၁ ရက်၊ ၁၁ လဆိုတဲ့ double eleven ဆိုတဲ့ အင်တာနက်ဈေးရောင်းပွဲတော်ကြီးကို နာမည်ကျော်ရုပ်ရှင်မင်းသမီး နီကိုးလ်ကစ်မင်းနဲ့ ၎င်းကိုယ်တိုင်ပါဝင်ပြီးရောင်းချခဲ့ရာမှာ တစ်ရက်တည်း အမေရိကန် ဒေါ်လာ ၁၄ ဒသမ ၃ ဘီလီယံမျှ ရောင်းချရတယ်လို့ ဆိုပါတယ်။ ဒီပမာဏဟာ ဘရူနိုင်းနိုင်ငံရဲ့ တစ်နှစ်တာ တိုင်းပြည်ဝင်ငွေ ဂျီဒီပီနဲ့ ညီမျှတယ်လို့ ဆိုပါတယ်။ အခုလိုပြောရခြင်းဟာ အင်တာနက်မှာ ဈေးရောင်းခြင်းဟာ ဘယ်လောက်အထိ အကျိုးရှိနိုင်တယ်ဆိုတာကို တင်ပြခြင်းဖြစ်ပါတယ်။ လာမည့် ဒီဇင်ဘာလမှာ အာဂျင်တီးနားနိုင်ငံ၊ ဗြူနိုအဲရီစ်မှာ ကျင်းပမယ့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရဲ့ (၁၁) ကြိမ်မြောက် အစည်းအဝေးမှာ အီးကောမတ်စ်ဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပေးနိုင်တာကြောင့် အင်တာနက်မှာ ရောင်းဝယ်ခြင်းကို မြှင့်တင်ဖို့ တိုက်တွန်းတဲ့ ထုတ်ပြန်ချက်တွေ ထုတ်ပြန် သွားမယ်လို့ ဆိုပါတယ်။ အာဆီယံမှာလည်း ၂၀၁၈ ခုနှစ်မှာ အာဆီယံဥက္ကဋ္ဌဖြစ်လာမယ့် စင်ကာပူနိုင်ငံက သူတို့ဥက္ကဋ္ဌအလှည့်မှာ digital economy နဲ့ e-commerce ဦးစားပေးမယ်လို့ ဆိုပါတယ်။ အင်တာနက်မှာ ရောင်းဝယ်ခြင်းဟာ ကုန်သွယ်မှုနဲ့ စီးပွားရေးကို တိုးတက်စေနိုင်မယ့် အချက်တစ်ရပ် ဖြစ်ပါတယ်။ ဒီ့အတွက်လည်း မြန်မာနိုင်ငံက ပြင်ဆင်ထားဖို့လိုပါမယ်။

**(င) စတုတ္ထစက်မှုတော်လှန်ရေး (Industry 4. 0)**

အနာဂတ်ကိုမျှော်နေတဲ့ဗီယက်နမ်ဟာ စတုတ္ထစက်မှုတော်လှန်ရေး(Industry 4.0) ကို တက်လှမ်းဖို့လည်း အစပျိုးနေပါပြီ။ စတုတ္ထစက်မှုတော်လှန်ရေးဆိုတဲ့အသုံးအနှုန်းကိုလူအတော် များများက မကြားဖူးကြသေးပါဘူး။ စတုတ္ထစက်မှုတော်လှန်ရေးဆိုတဲ့ အသုံးအနှုန်းကို ကမ္ဘာ့စီးပွားရေးဖိုရမ်(World Economic Forum)ကို ထူထောင်သူနဲ့ WEF ရဲ့အမှုဆောင် ဥက္ကဋ္ဌ ပါမောက္ခ ကလောက်စ်ရွှေဝပ်စ်က ၂၀၁၆ ခုနှစ်မှာ စတင် အသုံးပြုခဲ့တဲ့ အသုံးအနှုန်းပါပဲ။ သူက ဒီတော်လှန်ရေးနဲ့ပတ်သက်လို့ စာအုပ်တစ်အုပ်ကိုလည်း ထုတ်ဝေခဲ့ပါသေးတယ်။ ဒီစာအုပ်မှာ စတုတ္ထစက်မှုတော်လှန်ရေးဟာ ယခင်စက်မှုတော်လှန်ရေးများနဲ့ အခြေခံအားဖြင့် ခြားနားမှုရှိပြီး တိုးတက်လာတဲ့ နည်းပညာများအပေါ် အခြေခံတယ်လို့ဆိုပါတယ်။ ဒီနည်းပညာ တိုးတက်မှုများဟာ ဘီလီယံနဲ့ချီတဲ့ ပြည်သူများကို အင်တာနက်ဖြင့် ချိတ်ဆက်ပေးနိုင်တဲ့ အလားအလာရှိပြီး စီးပွားရေးလုပ်ငန်းများနဲ့ အဖွဲ့အစည်းများရဲ့ စွမ်းဆောင်ရည်ကို သိသာစွာတိုးတက်စေကာ သဘာဝပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်စေတဲ့ သယံဇာတ စီမံခန့်ခွဲမှုများကနေ ပြန်လည်ရှင်သန် တိုးပွားစေမယ်လို့ ဆိုပါတယ်။

စတုတ္ထစက်မှုတော်လှန်ရေးကို ဒစ်ဂျစ်တယ် အသွင်ပြောင်းမှုတော်လှန်ရေးအပေါ် မှာ အခြေခံတည်ဆောက်ထားပြီး နည်းပညာတိုးတက်မှုများကို လူသားများရဲ့ ခန္ဓာမှာလည်းကောင်း၊ လူ့အဖွဲ့အစည်းများအတွင်းမှာလည်းကောင်း ထည့်သွင်း ဆောင်ရွက်လာနိုင်တာဖြစ်ပါတယ်။ စတုတ္ထစက်မှုတော်လှန်ရေးဆိုတာမှာ စက်ရုပ်နည်းပညာ (Robotics)၊ လူ့အသိဉာဏ်အတုနည်းပညာ (Artificial Intelligence)၊ နာနိုနည်းပညာ (Nano Technology)၊ ဇီဝနည်းပညာ (Biotechnology) နဲ့သုံးဖက်ပုံဖော်ရိုက်နှိပ်ထုတ်လုပ်ခြင်း(3D Printing)၊ ကွန်တန်တွက်ချက်မှုနည်းပညာ(Quantum Computation)နဲ့ အလိုအလျောက်မောင်းယာဉ်များ နည်းပညာ(Self Driving Technology) စတဲ့ နည်းပညာတိုးတက် အောင်မြင်မှုအသစ်များ ဖြစ်ပေါ်တိုးတက်မှုကို ဆိုလိုပါတယ်။

ကမ္ဘာမှာ နည်းပညာတိုးတက်မှုရဲ့ ပထမဆုံး တော်လှန်ရေးကတော့ ၁၈ ရာစုနှစ်ကနေ ၁၉ ရာစုနှစ်အထိ ဥရောပနဲ့ အမေရိကမှာ ဖြစ်ပေါ်ခဲ့တဲ့ စက်မှုတော်လှန်ရေးဖြစ်ပါတယ်။ ဒီတော်လှန်ရေးဟာ လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့ကျေးလက်ဒေသများကို စက်မှုလုပ်ငန်းနဲ့မြို့ပြ ထူထောင်မှုတွေကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒီစက်မှုတော်လှန်ရေးမှာ ကျောက်မီးသွေးသုံး ရေနွေးငွေ့အင်ဂျင်များတိုးတက်ဖြစ်ပေါ်လာပြီး အထည်အလိပ်လုပ်ငန်းနဲ့ သံထုတ်လုပ်တဲ့ စက်မှုလုပ်ငန်းများကို ဖြစ်ပေါ်လာစေခဲ့ပါတယ်။ **ဆက်လက်ဖော်ပြပါမည်။**

# ဂျပန်နိုင်ငံအတွင်းသို့ တင်သွင်းသည့် အစားအစာများတွင်ပါဝင်ရမည့် အများဆုံး ဓာတ်ကြွင်းပါဝင်မှုကန့်သတ်ချက် (Maximum Residue Limits) ကို ပြင်ဆင်မည်

ဂျပန်နိုင်ငံသို့ တင်သွင်းသည့် အစားအစာများတွင် ပါဝင်ရမည့် အများဆုံးဓာတ်ကြွင်းပါဝင်မှု ကန့်သတ်ချက် (Maximum Residue Limits)ကို The Food Sanitation Act နှင့်အညီ ပြင်ဆင် ပြောင်းလဲမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံရှိ မြန်မာသံရုံးမှ ပေးပို့ချက်အရ သိရှိရပါသည်။

စားသောက်ကုန်တင်သွင်းမှုများ ပြားလာခြင်းနှင့် စားသောက်ကုန်အမျိုးအစား ပိုမိုကျယ်ပြန့်လာခြင်းနှင့်အတူ နိုင်ငံအချင်းချင်းအကြား စားသောက်ကုန်စီးဆင်းမှုသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိသဖြင့် စားသောက်ကုန်ဘေးကင်းလုံခြုံရေး အခြေအနေသည်လည်း ပြောင်းလဲလျက်ရှိပါသည်။ ယင်းအခြေအနေတွင် ကျန်းမာရေးကိုထိခိုက်နိုင်သောကိစ္စရပ်များသည်လည်း တိုးပွားလျက်ရှိရာ ၂၀၂၀ တွင် ကျင်းပမည့် တိုကျိုအိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲများကို ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပမည်ဖြစ်၍ နိုင်ငံတကာစံချိန်စံနှုန်းနှင့်အညီ စားသောက်ကုန် သန့်ရှင်းသည့် စနစ်ဖြင့် ထိန်းချုပ်ရန်လိုအပ်လျက်ရှိခြင်းကြောင့် စံနှုန်းများကို ပြင်ဆင်ခြင်းဖြစ်ကြောင်း သိရပါသည်။ ဂျပန်နိုင်ငံသည် စားသောက်ကုန်များ ဘေးကင်းလုံခြုံရေးနှင့် ပတ်သက်သော အစီအမံများဖြစ်သည့် အစာအဆိပ်သင့်သည့်ကိစ္စများကို အာဏာ သက်ရောက်စေခြင်း၊ ဘေးအန္တရာယ်များသည့် စားသောက်ကုန်များကို တားဆီးခြင်း၊ စားသောက်ကုန်ထည့်သည့်ဗူး၊ ဂျပ်ဖာများအပေါ် ကန့်သတ်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊ စားသောက်ကုန်လုပ်ငန်းများအတွက် လိုင်စင်စနစ်ကို ပြန်လည်သုံးသပ်ခြင်း၊ စားသုံးရန်မသင့်သဖြင့် ပြန်သိမ်းသည့် သတင်းအချက်အလက်များ ကိုထုတ်ပြန်ခြင်း၊ ပို့ကုန်၊ သွင်းကုန်များအပေါ် ပြဋ္ဌာန်းချက်များသည် ကျန်းမာရေးရှုထောင့်အရ ပိုမိုစိတ်ချရစေရန် သုံးသပ်ခြင်းများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရပါသည်။

အဆိုပါ အစီအမံများအနက် တစ်ခုအဖြစ် သွင်းကုန်တွင်ပါဝင်သော ဓာတုဓာတ်ကြွင်းပါဝင်မှု ကန့်သတ်ချက်ကို ကုန်စည်အလိုက်ပြင်ဆင်သွားမည်ဖြစ်ကြောင်း၊ ယင်းစားသောက်ကုန်များစာရင်းတွင် နှံစားသီးနှံများ၊ ပဲမျိုးစုံ (ပဲနီလေး၊ ပဲပုပ်၊ မြေပဲ၊ ထောပတ်ပဲအပါအဝင်)၊ အာလူး၊ ဟင်းသီး ဟင်းရွက် (မုန်လာဥ၊ မုန်လာထုပ်အပါအဝင်)၊ အသီးမျိုးစုံ၊ ဆီထွက်သီးနှံ (နေကြာစေ့၊ နှမ်း၊ မုန်ညင်းစေ့အပါအဝင်)၊ စားဆီ၊ အသားနှင့် အသားထွက်ပစ္စည်း၊ ငါးနှင့် ရေထွက်ပစ္စည်းစသည်တို့လည်း ပါဝင်ကြောင်း သိရပါသည်။

အဆိုပါ Maximum Residue Limits (MRL) များနှင့်ပတ်သက်၍ အကြံပြုချက်များ ပေးပို့လိုပါက ဒီဇင်ဘာ ၁၃ ရက် အရောက်ပေးပို့ရန်နှင့် ဂျပန်နိုင်ငံမှ သတ်မှတ်သော ကန့်သတ်ချက်များအား သက်ဆိုင်သည့်နိုင်ငံမှ သတ်မှတ်ချက်နှင့် တူညီစေလိုပါက သတ်မှတ်စေလိုသည့်နိုင်ငံ၏ MRL များပါဝင်သည့် အချက်အလက်များ ပေးပို့စေလိုကြောင်းတို့ကို ဖော်ပြပါရှိပါသည်။ သို့ဖြစ်ပါ၍ ဂျပန်နိုင်ငံသို့ သီးနှံ၊ အသား၊ ငါး အစရှိသည့် စားသောက်ကုန်များ တင်ပို့သည့် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် ဂျပန်နိုင်ငံ၏ Maximum Residue Limits ပြင်ဆင်မည့်အခြေအနေနှင့် ပတ်သက်သည့် အချက်အလက်များကို သိရှိဆောင်ရွက်နိုင်စေရေး ဖော်ပြလိုက်ပါသည်။

**Sources - ဂျပန်နိုင်ငံရှိ မြန်မာသံရုံး**
**CTM(DOT)**

# ဖိလစ်ပိုင်နိုင်ငံ၏ စားသောက်ကုန်နှင့် လယ်ယာထွက်ကုန် တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းများ

[ ကျော်စိန်ဝင်း (ပြည်တွင်း/ပြည်ပ) ]

ယခင်တစ်ပတ်မှအဆက်

**အခြားသီးခြားစံချိန်စံညွှန်းများ**

ဖိလစ်ပိုင်နိုင်ငံဟာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် ဆန်မှအပအခြားစားသောက်ကုန် တင်သွင်းမှုတွေအတွက် သွင်းကုန်အရေအတွက် ကန့်သတ်ချက် (Quantitative Restriction-QRs) ဖယ်ရှားထားပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ အချို့သော အရေးကြီးကုန်စည်များဖြစ်တဲ့ ပြောင်း၊ ကြက်/ဘဲအသား၊ ဝက်သား၊ သကြားနှင့် ကော်ဖီတွေအတွက်ကိုတော့ Tariff Rate Quota (TRQs) တွေ ဆက်လက်ထားရှိပါတယ်။ အဆိုပါကုန်စည်တွေအတွက် Minimum Access Volumes (MAV) ကိုလည်း သတ်မှတ်ထားတာ ဖြစ်ပါတယ်။ လတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများနဲ့ အသားနှင့် အသားထွက်ပစ္စည်းများ တင်သွင်းခြင်းမပြုမီ ပိုးမွှားရောဂါကင်းရှင်းကြောင်း သက်သေခံလက်မှတ်ကို တင်သွင်းခွင့် လိုင်စင်သဘောမျိုးအနေနဲ့ ရရှိဖို့လိုအပ်ပါတယ်။ အေးခဲဝက်သား၊ အေးခဲကြက်/ဘဲအသား၊ အေးခဲအာလူး၊ ကော်ဖီစေ့၊ ပြောင်းနှင့် ကော်ဖီရည်ကဲ့သို့သော အခွန်ကင်းလွတ်ခွင့်ရရှိသော ထုတ်ကုန်များ (သို့မဟုတ်) in-quota tariff တွင် အကျုံးဝင်သော ပစ္စည်းများမှအပ အခြားသောစားသောက်ကုန်များအတွက် သွင်းကုန်လိုင်စင်လိုအပ်ခြင်းမရှိပါဘူး။

**အသားနှင့် အသားထွက်ကုန်များအတွက် သွင်းကုန် လုပ်ထုံးလုပ်နည်းများ**

ဖိလစ်ပိုင်နိုင်ငံသို့ အသားနှင့် အသားထွက်ကုန်များ တင်သွင်းခြင်းမပြုမီ သွင်းကုန်လုပ်ငန်းရှင်အနေနဲ့ ကွဲ့နွားတိရစ္ဆာန်ရောဂါကင်းရှင်းကြောင်းလက်မှတ် (Veterinary Quarantine Clearance-VQC) ရရှိဖို့လိုအပ်ပါတယ်။ အဆိုပါလက်မှတ်ဟာ အသားနှင့်အသားထွက်ကုန်များကို ပင်ရင်းတင်ပို့သည့်နိုင်ငံမှ သင်္ဘောတင်ပို့သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ သက်တမ်းရှိပါတယ်။ ၎င်း VQC မှာ အခြားသူတစ်ဦးဦးထံ လွှဲပြောင်းနိုင်ခြင်းမရှိဘဲ ထုတ်ပေးခြင်း ခံရသူတစ်ဦးတည်းကသာလျှင် အသုံးပြုနိုင်ပြီး တစ်စောင်လျှင် သင်္ဘောတင်ပို့မှုတစ်ကြိမ်သာ ဆောင်ရွက်ခွင့်ရှိပါတယ်။ တိရစ္ဆာန်အရှင်များ တင်သွင်းမှုအတွက်ကိုလည်း အဆိုပါ Veterinary Quarantine Clearance-VQC ရရှိရန် လိုအပ်မှာ ဖြစ်ပါတယ်။

**ငါးနှင့် ပင်လယ်စာများတင်သွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

ဖိလစ်ပိုင်နိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးဌာန၏ စည်းမျဉ်းဥပဒေလုပ်ထုံးလုပ်နည်းများအရ ငါးနှင့် ပင်လယ်စာတင်သွင်းသူများသည် Quarantine Permit ရရှိရန်လိုအပ်ပါတယ်။ လတ်ဆတ်သော/ အအေးခံထားသော/ အေးခဲထားသော ငါးနှင့်ရေထွက်ကုန်ပစ္စည်းများကို တင်သွင်းပါက အများပြည်သူ အကျိုးစီးပွားနှင့် ဘေးကင်းလုံခြုံမှုတို့ သေချာစေရေးအတွက် Secretary of Agriculture မှ လိုအပ်သလို စိစစ်အတည်ပြုပြီးမှသာ တင်သွင်းခွင့်ရရှိတာလည်းဖြစ်ပါတယ်။ တင်သွင်းမှုအားလုံးအတွက် Hazard Analysis and Critical Control Point (HACCP) ရဲ့ စံချိန်စံညွှန်းသတ်မှတ်ချက်တွေနဲ့ ကိုက်ညီရမှာဖြစ်ပါတယ်။

ဖိလစ်ပိုင်နိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချခြင်းနှင့် ထပ်မံဆင့်တက်ပြုပြင်ခြင်းတို့အတွက် တင်သွင်းမယ့် ငါးနဲ့ရေထွက်ကုန်အားလုံးအတွက် တင်ပို့သည့်ပင်ရင်းနိုင်ငံမှ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပေးတဲ့ International Health Certificate ပူးတွဲပါရှိရမှာဖြစ်ပြီး အဆိုပါလက်မှတ်ကို ကုန်ပစ္စည်းရောက်ရှိချိန်မှာ တင်ပြရမှာဖြစ်ပါတယ်။ International Health Certificate ကို အောက်ဖော်ပြပါလိုအပ်ချက်တွေကို အခြေခံပြီးတော့ ထုတ်ပေးတယ်လို့ သိရပါတယ် -

- သတ်မှတ်အရည်အသွေး ပြည့်မီသော ငါးနှင့်ရေထွက်ကုန်များကို အေးခဲခြင်းမပြုမီ အရွယ်အစား ခွဲခြားဆောင်ရွက်ထားရမည်။
- ဆင့်တက်ပြုပြင်ထုတ်လုပ်ရာ စက်ရုံ (သို့မဟုတ်) အအေးခန်း/သိုလှောင်ယာဉ်စသည်တို့တွင် ကျန်းမာရေးနှင့် ညီညွတ်စွာ ပြုပြင်ထုတ်လုပ်ထားသော ငါးထွက်ကုန်များဖြစ်ရမည်။
- အေးခဲထားသော ငါးထွက်ကုန်များအား သယ်ယူပို့ဆောင်စဉ်အနုတ် ၁၈ ဒီဂရီစင်တီဂရိတ် (သို့မဟုတ်) ယင်းအောက်နိမ့်သော အပူချိန်တွင် ထိန်းသိမ်းထားရမည်။
- ငါးနှင့်ရေထွက်ကုန်များသည် စစ်ဆေးရန်အတွက် မြင်သာသော အခြေအနေတွင်ရှိရမည်ဖြစ်ပြီး ကပ်းပါးပိုးပါဝင်သောငါးများကို ဖယ်ရှားထားရမည်။

**လတ်ဆတ်အသီးအနှံများ တင်သွင်းမှုလုပ်ထုံးလုပ်နည်းများ**

ဖိလစ်ပိုင်နိုင်ငံရဲ့ ပြည်တွင်း ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်သူများရဲ့ ဖိအားပေးမှုကြောင့် အဆိုပါထုတ်ကုန်များ တင်သွင်းမှုကို ကန့်သတ်ချက်ထားခြင်း၊ တရားမဝင်တင်သွင်းလာမှုများကို အရေးယူဆောင်ရွက်ခြင်းတို့ လုပ်ဆောင်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးဌာနဟာ သွင်းကုန်ပါမစ်လျှောက်ထားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေကို တင်းကျပ်ထားပါတယ်။ ဒါ့အပြင် Bureau of Plant and Industry (BPI) ဟာ ၂၀၀၃ ခုနှစ်မှာ ထုတ်ပြန်တဲ့ Memorandum No. 18 အရ လတ်ဆတ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ တင်သွင်းမှုအားလုံးအတွက် ထပ်ဆောင်းလိုအပ်ချက်တွေကို ပြဋ္ဌာန်းထားပါတယ်။ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ တင်သွင်းမှုအားလုံးအတွက် အပင်ရောဂါပိုးမွှားကင်းရှင်းကြောင်း ထောက်ခံချက်ကို BPI ထံမှ ရယူရန်လိုအပ်ပြီး အဆိုပါထောက်ခံချက်မှာ သွင်းကုန်လိုင်စင်အနေနဲ့ အသုံးပြုရတာဖြစ်ပါတယ်။ သင်္ဘောတင်ပို့မှုတိုင်းအတွက် ၎င်းထောက်ခံချက်ပါမစ်လိုအပ်ပြီး သင်္ဘောတင်သည့် နေ့ရက်သည်သွင်းကုန်ပါမစ်ထက်စော၍မရကြောင်း သိရပါတယ်။ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံများတင်သွင်းမှုဆိုင်ရာလိုအပ်ချက်တွေကို အသေးစိတ်သိရှိနိုင်ဖို့အတွက် http://bpi.gov.ph/Services. html မှာ ဝင်ရောက်လေ့လာနိုင်ပါတယ်။

**တိရစ္ဆာန်အစာနှင့် အိမ်မွေးတိရစ္ဆာန်အစာများ တင်သွင်းမှု လုပ်ထုံးလုပ်နည်းများ**

အိမ်မွေးတိရစ္ဆာန် အစာတင်သွင်းမှုအတွက် လုပ်ထုံးလုပ်နည်းတွေကတော့ အသားနှင့် အသားထွက်ကုန်များတင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနဲ့ အတူတူပဲဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ တင်သွင်းမယ့် တိရစ္ဆာန်အစာ၊ ယင်းအစာတွင် ပါဝင်သောပါဝင်ပစ္စည်းများနဲ့ အိမ်မွေးတိရစ္ဆာန်အစာများ အားလုံးအတွက် နိုင်ငံအလိုက်သက်ဆိုင်ရာအဖွဲ့အစည်းမှထုတ်ပေးတဲ့ ကျန်းမာသန့်ရှင်းကြောင်းထောက်ခံချက် ပူးတွဲပါရှိဖို့ လိုအပ်ပါတယ်။

**မျိုးဗီဇပြောင်းလဲထားသော စားသောက်ကုန်များ**

၂၀၀၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှာ စတင်အသက်ဝင်ခဲ့တဲ့ Rules and Regulations for the Importation and Release into the Environment of Plants and Plant Products Derived from Modern Biotechnology (AO8) အရ မျိုးဗီဇပြုပြင်ပြောင်းလဲထားသော အပင်မျိုးကွဲများအားလုံးကို ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ တင်သွင်းလာခြင်းမပြုမီ ဖိလစ်ပိုင်အစားအသောက်၊ အစာနှင့် သဘာဝပတ်ဝန်းကျင် လုံခြုံဘေးကင်းမှုဆိုင်ရာ သိပ္ပံပညာရှင်များရဲ့ တတိယအဖွဲ့အစည်းမှ စစ်ဆေးဆောင်ရွက်တာဖြစ်ပါတယ်။ အတည်ပြုမထားတဲ့ အပင်မျိုးကွဲတစ်မျိုးမျိုးပါဝင်နေတဲ့ မည်သည့်စားသောက်ကုန်ကိုမဆို မည်သည့် နိုင်ငံမှဖြစ်စေ ဖိလစ်ပိုင်နိုင်ငံသို့ တင်သွင်းခြင်းအား တားမြစ်ထားတာဖြစ်ပါတယ်။

လူဦးရေသန်းတစ်ရာကျော်ရှိတဲ့ ဖိလစ်ပိုင်နိုင်ငံဟာ တစ်ဦးကျဝင်ငွေမှာလည်း အမေရိကန်ဒေါ်လာ ၂၉၀၀ ခန့်ရှိရာ ဒေသတွင်းနိုင်ငံများအနက် မြန်မာနိုင်ငံအတွက် ဈေးကွက်အခွင့်အလမ်းမြင့်မားတဲ့ နိုင်ငံတစ်နိုင်ငံလို့ ဆိုနိုင်မှာဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံအနေနဲ့ တစ်နှစ်ကို အမေရိကန် ဒေါ်လာ ၈၅ ဘီလီယံဖိုး တင်သွင်းနေပြီး မြန်မာနိုင်ငံက ထုတ်လုပ်နိုင်တဲ့ အသားနှင့် ပင်လယ်စာ၊ သကြား၊ ရော်ဘာ၊ ဆန်၊ စားအုန်းဆီတို့ ပါဝင်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံအနေနဲ့ ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံများက တင်သွင်းလျက်ရှိပါတယ်။ ဖိလစ်ပိုင်နိုင်ငံသို့မြန်မာ့ပို့ကုန်များ ဈေးကွက်တိုးတက် ရရှိနိုင်စေရေး ဆန္ဒပြုလျက် ရေးသားတင်ပြလိုက်ရပါတယ်။

**Source:**
**Philippines, Food and Agricultural Import Regulations and Standards- Narrative, FAIRS Country Report**

## Asian Logistics and Maritime Conference 2017 ကျင်းပ

ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသအစိုးရနှင့် ဟောင်ကောင်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (Hong Kong Trade Development Council) တို့ ကြီးမှူးကျင်းပသော (၇) ကြိမ်မြောက် Asian Logistics and Maritime Conference 2017 အား ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်မှ ၂၄ ရက်အထိ ဟောင်ကောင်မြို့ Hong Kong Convention and Exhibition Centre တွင် ကျင်းပခဲ့သည်။

အဆိုပါညီလာခံသည် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် နှစ်စဉ်ကျင်းပသည့်ညီလာခံဖြစ်ပြီး ပင်လယ်ရေကြောင်းဆိုင်ရာနှင့် ပတ်သက်၍ လူဦးရေအများဆုံး တက်ရောက်သည့် ပွဲလည်းဖြစ်ပါသည်။ ညီလာခံတွင် ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ် မစ္စချယ်ရီလင်းတက်ရောက်အမှာ စကားပြောကြားခဲ့ပါသည်။

ညီလာခံ၌ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခုအပေါ်တွင် အခြေပြု၍ ဆွေးနွေးခဲ့ပြီး အထူးသဖြင့် မီးရထားလမ်းဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေး၊ e-commerce နှင့် Smart Logistics တို့အားအလေးထား၍ အမြင်ခြင်းဖလှယ်ခဲ့သည့် ညီလာခံဖြစ်ပြီး Supply -Chain Management & Logistics Forum, Air Freight Forum နှင့် Marine Forum စသည့်ကဏ္ဍသုံးခုအား အထူးဆွေးနွေး ပြောကြားခဲ့သည်။

အဆိုပါညီလာခံသို့ အာရှဒေသတွင်းရှိထောက်ပံ့ပို့ဆောင်ရေးနှင့် ပင်လယ်ရေကြောင်းဆိုင်ရာကဏ္ဍမှ ထင်ရှားကျော်ကြားသူများ၊ နိုင်ငံနှင့် ဒေသပေါင်း ၃၀ ကျော်မှ စီးပွားရေး ပညာရှင် ၂၀၀၀ ကျော်တက်ရောက်ခဲ့ကြသည်။

အဆိုပါညီလာခံတွင် Supply -Chain Mangament၊ ထောက်ပံ့ပို့ ဆောင်ရေး၊ ပင်လယ်ရေကြောင်းဝန်ဆောင်မှုနှင့် e-commerce အထောက်အကူပြုဆိုင်ရာများကို ပြခန်းပေါင်း ၁၂၀ ကျော်ဖြင့် ပြသခဲ့ပြီး စီးပွားရေးသမားအချင်းချင်း တွေ့ဆုံနိုင်သည့် One-On-One Business Session များလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် နိုင်ငံခြား ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

| သန်းသန်းနိုင် |

**ယခင်တစ်ပတ်မှအဆက်**

၅။ တင်ပို့သည့် စားသောက်ကုန်လုပ်ငန်းကုမ္ပဏီ မှတ်ပုံတင်ခြင်း အန္တရာယ်ကင်းရှင်းမှု စိစစ်ချက်နှင့် ကာကွယ်ရေးလုပ်ငန်းများ လုပ်ကိုင်ရမည်ဖြစ်သလို၊ စားသောက်ကုန်များ လုံခြုံစိတ်ချ သန့်ရှင်းစေရန် စနစ်တကျ လုပ်ကိုင်ထားမည်ဖြစ်သလို တင်ပို့သည့် စားသောက်ကုန် ထုတ်လုပ်ခြင်း၊ အချောကိုင်ခြင်း၊ သိုလှောင်ခြင်းများကို နိုင်ငံတော်သတ်မှတ်ချက်များနှင့် ညီညွတ်စေရမည်ဖြစ်သလို၊ တင်သွင်းသည့် နိုင်ငံဒေသများ တရားဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ရမည်။ ထို့အတူ တင်ပို့သည့် စားသောက်ကုန် ထုတ်လုပ်သည့် ကုမ္ပဏီလုံခြုံရေးနှင့် အန္တရာယ်ကင်းရှင်းရေး တောင်းဆိုချက်များနှင့်လည်း ညီညွတ်ရမည်။

**အပိုင်း(၂)**

**မှတ်ပုံတင်သည့် အကြောင်းအရာနှင့်လုပ်နည်း**

၆။ တင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီအနေဖြင့် သတ်မှတ်ချက်များအတိုင်း မှတ်ပုံတင်ထားခြင်းမရှိလျှင် (သို့မဟုတ်) မှတ်ပုံတင်ထားခြင်းကို စိစစ်ရာတွင်ကိုက်ညီမှုမရှိလျှင် ထိုထုတ်ကုန်ကို တင်ပို့ခွင့်ပြုမည် မဟုတ်ပေ။

၇။ တင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီအနေဖြင့် မှတ်ပုံတင်ချိန်တွင် စာရွက်စာတမ်းများနှင့် လျှောက်ထားရမည်။ ထို့အတူ အခြားစာရွက်စာတမ်းများ၊ ထောက်ခံချက်များလည်း တင်ပြရမည်။ ထို့အပြင် မှတ်ပုံတင်ထားသည့်အချက်များကို မှန်ကန်ကြောင်း တာဝန်ယူ ကတိပေးရမည်။

(က) ကုမ္ပဏီလိုင်စင်၊ အသင်းအဖွဲ့မှတ်ပုံတင်နံပါတ်၊ ဥပဒေအရ ပိုင်ဆိုင်သူအမည် (သို့မဟုတ်) ကိုယ်စားလှယ်လွှဲထားသည့် နိုင်ငံသား မှတ်ပုံတင်။

(ခ) ကုမ္ပဏီအနေဖြင့် တင်ပို့သည့်စားသောက်ကုန် ထုတ်လုပ်သည့် ကုမ္ပဏီအနေနှင့် သန့်ရှင်းရေး တောင်းဆိုချက်များနှင့် ကိုက် ညီကြောင်း တင်သွင်းသည့်နိုင်ငံ(ဒေသ)မှ တောင်းဆိုချက်များနှင့် ကိုက်ညီကြောင်း ကတိပြုရမည်ဖြစ်သလို ကိုယ့်ကိုယ်ကို ဆန်းစစ်မှုပြုစာလည်း တင်ပြရမည်။

(ဂ) ထုတ်ကုန်ကုမ္ပဏီအချက်အလက်များ-စက်ရုံတစ်ရုံလုံးကို အပေါ်မှမြင်ရပုံ၊ ထုတ်ကုန်စက်ရုံတစ်ရုံချင်းကို အပေါ်မှမြင်ရပုံ၊ ထုတ်လုပ်မှုနည်းပညာ၊ အရေးပါသည့် အချောကိုင်လုပ်ငန်းစသည့် အချက်အလက်များ၊ စားသောက်ကုန်ကြမ်း၊ စားသောက်ကုန်တွင်းထည့်သည့် အပိုပစ္စည်းများ၊ သန့်ရှင်းမှုအရည်အချင်းစစ်ဆေးမှုပြုသည့်သူ၊ နည်းပညာရှင် အဆင့်အတန်း သတ်မှတ်ချက် စသည့် အခြေခံအချက်အလက်များကို တင်ပြရမည်။

(ဃ) စားသောက်ကုန်လုံခြုံရေးနှင့် သန့်ရှင်းမှုစနစ် အခြေခံတည်ဆောက်ခြင်းနှင့် လုပ်ငန်းလုပ်ကိုင်ခြင်း၊

(င) ဥပဒေနှင့်အညီရထားသည့် စားသောက်ကုန်ထုတ်လုပ်ခွင့် လိုင်စင်နှင့် အခြားလိုင်စင်များကို တင်ပြရမည်။

(စ) အခြားစိစစ်မှုအောက်၌ ထားရှိသော ထောက်ခံချက်များနှင့် ကုမ္ပဏီအတွင်း ဖွဲ့စည်းထားသော ဓာတ်ခွဲခန်း အဆင့်စသည်တို့ကို တင်ပြရမည်။

၈။ ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးသည့် ဌာနအနေနှင့် တင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီမှ တင်ပြလာသော လျှောက်လွှာကို လက်ခံရရှိပြီးချိန်မှစ၍ ၆ရက်အတွင်း ပေးပို့လာသည့် စာရွက်စာတမ်းများ ပြည့်စုံမှုရှိ/မရှိ စစ်ဆေးရမည်။ စစ်ဆေးချက်အောင်ပါက လျှောက်ထားမှုလက်ခံကြောင်း အသိပေးရမည်။ စစ်ဆေးချက်မအောင်ပါက လျှောက်ထားမှု လက်မခံကြောင်းနှင့် ပြန်လည်ဖြည့်စွက်ရမည့်အရာများကို အသိပေးရမည်။ ပို့ကုန်ကုမ္ပဏီများ တင်ပို့မှုလွယ်ကူစေရန် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးသည့်ဌာနအနေနှင့် အောက်ခြေဌာနများကို လျှောက်လွှာလက်ခံခွင့်ပြုမိန့်ချပေးခွင့် ပေး၍လုပ်ကိုင်ရမည်။

၉။ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးသည့် ဌာနအနေနှင့် လျှောက်ထားမှုလက်ခံကြောင်း အသိပေးသည့်နေ့မှစ၍ ၁၀ ရက်အတွင်း စစ်ဆေးရေးကော်မတီဖွဲ့ကာ တင်ပို့သည့် စားသောက်ကုန် ထုတ်လုပ်သည့် ကုမ္ပဏီမှ တင်ပြလာသော လျှောက်လွှာကို စိစစ်ရမည်။ တင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီသို့ လက်တွေ့ ကွင်းဆင်းစိစစ်ရမည်ဆိုပါက ရက် ၃၀ အတွင်း အပြီးအစီးလုပ်ရမည်။ ကုမ္ပဏီကြောင့် စာရွက် စာတမ်း များစိစစ်မှု အချိန်မီမလုပ်ကိုင်နိုင်လျှင်၊ ကွင်းဆင်းစိစစ်မှု အချိန်မီမလုပ်ကိုင်နိုင်လျှင် ကုန်လွန်သွားသော အချိန်များကို သတ်မှတ်ချိန်အဖြစ် တွက်မည်မဟုတ်ပေ။ စစ်ဆေးရေးကော်မတီအဖွဲ့ဝင်များအနေနှင့် နိုင်ငံတော်အရည်အချင်း လက်မှတ်ထုတ်ပေးရေးကော်မတီ (သို့မဟုတ်) နိုင်ငံတော် အရည်အချင်း စစ်ဆေးရေးဌာနချုပ်မှ ထုတ်ပေးသော လုပ်ကိုင်ခွင့်ရှိသူများ ဖြစ်ရမည်။

၁၀။ အောက်ပါအချက်များရှိပါက ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနမှ တင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီကို လက်တွေ့ကွင်းဆင်းစစ်ဆေးရမည်။

(က) တင်သွင်းသည့်နိုင်ငံ (ဒေသ)မှ အထူးမှတ်ပုံတင်မှု တောင်းဆိုချက်ရှိလျှင်။

(ခ) အန္တရာယ်ဖြစ်နိုင်မှု စိစစ်ရမည်ဖြစ်သလို၊ အထူးအရေးကြီး အချက် (HACCP) စစ်ဆေးချက်လုပ်ရမည်။

(ဂ) စားသောက်ကုန်ထုတ်လုပ်မှုလိုင်စင်တွင် မပါသောအရာ။

(ဃ) တင်ပို့သည့်စားသောက်ကုန် အန္တရာယ်ကင်းရှင်းမှု စိစစ်ချက်အဖြေနှင့် လက်တွေ့လုပ်ငန်းများကို ကွင်းဆင်း စိစစ်ရမည်။ နိုင်ငံတော်အရည်အချင်း လက်မှတ်ထုတ်ပေးရေး ကော်မတီမှ စည်းမျဉ်းများ ထုတ်ပြန်ပြင်ဆင်ကြော်ငြာရမည်ဖြစ်သလို အန္တရာယ်ကင်းရှင်းမှု စစ်ဆေးချက်ပြုလုပ်ရမည် ဖြစ်ကာ အရေးပါ သည့်အချက် (HACCP) နှင့်အညီ တင်ပို့သည့် စားသောက်ကုန် ထုတ်လုပ်သည့် ကုမ္ပဏီကို စစ်ဆေးရမည်။ ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနအနေနှင့် အတည်ပြုခြင်း လုပ်ကိုင်ခွင့်ရှိသည့် တတိယအသင်းအဖွဲ့မှ စစ်ဆေးမှု လက်မှတ်ထုတ်ပေးခြင်း စသည်တို့ ပြုလုပ်နိုင်သလို စစ်မှုအဖြေကိုလည်း အသုံးပြုနိုင်သည်။

၁၁။ စစ်ဆေးရေးကော်မတီအနေဖြင့် တင်ပို့သည့် စားသောက်ကုန် ထုတ်လုပ်သည့် ကုမ္ပဏီကို စိစစ်ပြီးသည့်နေ့မှစ၍ ၅ ရက်အတွင်း စိစစ်မှုစာတန်းကို အထက်ပိုးမွှားကင်းရှင်းကြောင်းဌာနသို့ တင်ပြရမည်။ အထက် ပိုးမွှားကင်းရှင်းကြောင်းဌာနအနေနှင့် စိစစ်မှုစာတမ်း လက်ခံရရှိသည့်နေ့မှစ ၁၀ ရက်အတွင်း စိစစ်မှု စာတမ်းကို အတည်ပြုရကာ ဆုံးဖြတ်ချက်ရပေးရမည်။ အကယ်၍ခွင့်ပြုမိန့်ချပေးပါက တင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီမှတ်ပုံတင် ထောက်ခံစာ (အောက်တွင်မှတ်ပုံတင်ထောက်ခံစာဟု အတိုကောက်ခေါ်ဆိုမယ်) ကိုထုတ်ပေးရမည်။ အကယ်၍ ခွင့်မပြုပါက တင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီကို မည်သည့်အတွက် လက်မခံကြောင်း အသိပေးစာ ပေးပို့ရမည်။ အထက်ပိုးမွှားကင်းရှင်းကြောင်း ဌာနအနေနှင့် ခွင့်ပြုမိန့်ရတင်ပို့သည့် စားသောက်ကုန်ထုတ်လုပ်သည့် ကုမ္ပဏီအချက်များကို နိုင်ငံတော် အရည်အချင်း လက်မှတ်ထုတ်ပေးရေးကော်မတီသို့တင်ပြရမည်။ နိုင်ငံတော်အရည်အချင်း လက်မှတ်ထုတ်ပေးရေး ကော်မတီအနေဖြင့် စုစည်းကာကြော်ငြာရမည်။ ထို့အတူ နိုင်ငံတော်အရည်အချင်း စစ်ဆေးရေးဌာနချုပ်သို့တင်ပြရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်မှုနှင့် စက်မှုဦးစီးဌာနက စားသုံးသူပညာပေးမှုနှင့် သတင်းအချက်အလက် ဖြန့်ဝေမှုဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပ

ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်မှုနှင့် စက်မှုဦးစီးဌာနသည် တတ်သိလိမ္မာ၍ပညာရှိကာ စွမ်းဆောင်နိုင်သော စားသုံးသူများဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် Diffun၊ Saguday၊ Aglipay ၊ Maddela နှင့် Nagtipunan မြို့များတွင် စားသုံးသူပညာပေးမှုနှင့် သတင်းအချက်အလက်ဖြန့်ဝေမှုဆိုင်ရာ ဆွေးနွေးပွဲများကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ကုန်သွယ်မှုနှင့် စက်မှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ Lenore Lee S. Lopez က ၎င်းတို့ဌာနအနေဖြင့် စားသုံးသူစွမ်းဆောင်နိုင်မှု အညွှန်းကိန်းများကို ရေးဆွဲနိုင်ရေးအတွက် စားသုံးသူများအား ၎င်းတို့၏အခွင့်အရေးများနှင့် တာဝန်များကို သိရှိစေရန် ဒေသဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်း၍ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ Lopez က မိမိတို့အနေဖြင့် စားသုံးသူများအား မရိုးမဖြောင့်သော စီးပွားရေးလုပ်ငန်းရှင်များ၏ အန္တရာယ်မှ အကာအကွယ်ပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရန် တစ်ခုတည်းသော နည်းလမ်းမှာ စားသုံးသူများအား ပညာပေးခြင်းဖြင့် ၎င်းတို့အပေါ် အချို့သော စီးပွားရေးလုပ်ငန်းရှင်များက လွဲမှားစွာ အမြတ်ထုတ်သည့်အခါ မိမိတို့ကိုယ့်ကိုယ်ကို ပြန်လည်ခုခံကာကွယ်ပြီး ပြောဆိုနိုင်စေရန် ဖြစ်ပါသည်။

ဖိလစ်ပိုင်နိုင်ငံအတွင်း ကျင်းပပြုလုပ်ခဲ့သော ဆွေးနွေးပွဲများတွင် ကုန်သွယ်မှုနှင့် စက်မှု ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အထူးကျွမ်းကျင်ပညာရှင်ဖြစ်သူ Lovell Mark C. Campania နှင့် Nagtipunan Negosyo Center Coordinator ဖြစ်သူ Arnel Agustin တို့သည် စားသုံးသူ အခွင့်အရေး (၈) ရပ်ကို ဆွေးနွေးပြောကြားခဲ့ကြပါသည်။ ၎င်းတို့က ဆွေးနွေးပြောကြားရာတွင် စားသုံးသူများ၏ အခွင့်အရေးများအနေဖြင့် အခြေခံလိုအပ်ချက်များဖြစ်သည့် အဓိကကျသော အခြေခံကုန်စည်များကို ဝယ်ယူနိုင်သောဈေးနှုန်းဖြင့် အရည်အသွေးကောင်းမွန်စွာ ရရှိခွင့်၊ လုံခြုံစိတ်ချရမှုရှိသော ကုန်စည်များကို ရရှိခွင့်၊ ကျန်းမာရေးနှင့် ဘဝအတွက် အန္တရာယ်ရှိသော ကုန်စည်များကို ဈေးကွက်အတွင်း ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုများကို ပေးအပ်ခြင်းတို့မှ အကာအကွယ်ရရှိခွင့်တို့ဖြစ်ကြောင်း ပြောကြားခဲ့ကြပါသည်။ ထို့ပြင် စားသုံးသူများအနေဖြင့် သတင်းအချက်အလက်များကို ပြည့်စုံမှန်ကန်စွာရရှိခွင့်၊ မရိုးဖြောင့်သော သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေသောကြော်ငြာများမှ အကာအကွယ်ရရှိခွင့်၊ ကောင်းမွန်သော အရည်အသွေးရှိသော ထုတ်ကုန်များကို ယှဉ်ပြိုင်နိုင်သောဈေးနှုန်းများဖြင့် ရွေးချယ်ဝယ်ယူနိုင်ခွင့်၊ ကိုယ်စားပြုတင်ပြပြောဆိုနိုင်ခွင့် သို့မဟုတ် အစိုးရ၏မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စားသုံးသူများ၏ အကျိုးစီးပွားများကို ထုတ်ဖော်ပြသနိုင်ခွင့်နှင့် လွဲမှားစွာဖော်ပြမှု၊ အရည်အသွေးကောင်းမွန်မှုမရှိသော ကုန်စည်များ သို့မဟုတ် စိတ်ကျေနပ်ဖွယ်မရှိသော ဝန်ဆောင်မှုတို့အတွက် လျော်ကြေးငွေရရှိခွင့် အပါအဝင် နစ်နာဆုံးရှုံးမှုများအတွက် အရေးဆိုနိုင်ခွင့်တို့လည်း ရှိပါကြောင်း စားသုံးသူနှစ်ဦးက ပြောကြားခဲ့ကြပါသည်။

ထို့နောက် စားသုံးသူများအား စားသုံးသူဆိုင်ရာ ဆွေးနွေးပွဲများသို့ တက်ရောက်ခြင်းဖြင့် သတင်းအချက်အလက်သိရှိသော စားသုံးသူများဖြစ်လာစေရန် လိုအပ်သော ဗဟုသုတနှင့် ကျွမ်းကျင်မှုအရည်အချင်းများကို ရယူသွားကြရန်နှင့် ၎င်းတို့၏စားသုံးသူဆိုင်ရာ အခွင့်အရေးများကို ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန် အစိုးရအာဏာပိုင်များအား ၎င်းတို့၏ သဘောထားနှင့်အမြင်များကို သိရှိစေရေးအတွက် ထုတ်ဖော်ပြောကြားသင့်ကြောင်း Lovell Mark C. Campania နှင့် Arnel Agustin တို့က တိုက်တွန်းပြောကြားခဲ့ကြပါသည်။ ထို့ပြင် စားသုံးသူများအနေဖြင့် ကျန်းမာသော ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ခွင့်လည်းရှိပြီး ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရန် အင်္ဂလိပ်အက္ခရာ (R) သုံးလုံးဖြစ်သည့် လျှော့နည်းစေမှု (Reduce) ၊ ပစ္စည်းအဟောင်းများကို ပြန်လည်အသုံးပြုမှု (Reuse) နှင့် အလေအလွင့်များထဲမှ အသုံးဝင်သော အရာများကို ပြန်လည်အသုံးပြုမှု (Recycle) တို့ကို လက်တွေ့ကျင့်သုံး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း Campania နှင့် Agustin တို့က ပြောကြားခဲ့ကြပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင် စားသုံးသူစွမ်းဆောင်နိုင်မှု အညွှန်းကိန်းများကို ၂၀၁၇ ခုနှစ်၏ Consumer Welfare Month ကျင်းပမှုအဖြစ် ဆောင်ရွက်နေခြင်းဖြစ်ပြီး အမျိုးသားစံချိန်စံညွှန်း သီတင်းပတ်အဖြစ် အထိမ်းအမှတ်အနေဖြင့် ကျင်းပခြင်းလည်း ဖြစ်ပါသည်။

**မျိုးမျိုးထိုက်**

**စားသုံးသူရေးရာဌာနခွဲ (နေပြည်တော်)**

# ခွဲတမ်းစနစ်ဖြင့် သကြားတင်သွင်းနေရခြင်းအား ပယ်ဖျက်ပေးရန် ဆုံးဖြတ်ချက် နှောင့်နှေးနေဟု ဆို

ဗီယက်နမ် အစိုးရအနေဖြင့် အာဆီယံကုန်စည်ကုန်သွယ်မှုသဘောတူညီချက်တွင်ပါရှိသည့် ကတိကဝတ်များအရ ၂၀၁၈ခုနှစ် အစောပိုင်းကာလများအထိအစား ၂၀၂၂ ခုနှစ်အထိ ခွဲတမ်းစနစ်ဖြင့် သကြားတင်သွင်းနေရခြင်းအား ပယ်ဖျက်ပေးရန် နှောင့်နှေးနေမှုအပေါ် ဗီယက်နမ်ကြံနှင့်သကြားလုပ်ငန်းရှင်များအသင်းက အဆိုပြုလွှာတင်သွင်းခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။



အဆိုပါ သဘောတူညီချက်အရ ဗီယက်နမ်အစိုးရအနေဖြင့် ပြည်တွင်းသကြားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများ ကျဆင်းနေချိန်နှင့် ပြည်တွင်းသကြားထုတ်လုပ်မှုနှင့် သကြားဈေးနှုန်းများ မြင့်တက်လျက်ရှိသည့် အခြေအနေတို့ဖြစ်ပေါ်နေချိန်တွင် လာမည့်နှစ်အစောပိုင်းကာလ၌ ခွဲတမ်းစနစ်ဖြင့် သကြားတင်သွင်းနေခြင်းကို ဖယ်ရှားပေးရမည်ဖြစ်ပြီး သွင်းကုန်ခွန်များကို သုညရာခိုင်နှုန်းအထိ သိသိသာသာ လျှော့ချပေးခြင်းတို့ကို ပြုလုပ်ပေးရမည်ဖြစ်ကြောင်း ဗီယက်နမ် ကြံနှင့် သကြားလုပ်ငန်းရှင်များအသင်းက နိုဝင်ဘာလ ၆ ရက်က ပြောကြားခဲ့သည်။

ယခုအခါတွင် ဗီယက်နမ်နိုင်ငံသို့ သကြားတင်သွင်းမှုမှာ ခွဲတမ်းစနစ်ဖြင့် တင်သွင်းရာတွင် ငါးရာခိုင်နှုန်းသာရှိပြီးခွဲတမ်းမဟုတ်သည့်တင်သွင်းမှုမှာ ၄၀ ရာခိုင်နှုန်းအထိရှိသည်ဟု ဆိုသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်အစောပိုင်းကာလတွင် ခွဲတမ်းစနစ်ဖြင့် သကြားတင်သွင်းခြင်းကို ပယ်ဖျက်ပြီး သွင်းကုန်ခွန်များကို လျှော့ချမည်ဆိုပါက ဗီယက်နမ်နိုင်ငံတွင် သကြားဈေးများ ကျဆင်းသွားမည်ဖြစ်သည်။

ယခုအခါတွင် ဗီယက်နမ်နိုင်ငံ၌ သကြားတစ်ကီလိုဂရမ်လျှင် ဒေါင် ၂၅၀၀ (အမေရိကန်ဒေါ်လာ သုညဒသမ ၁) ကျဆင်းသွားပြီး သကြားတစ်ကီလိုဂရမ်လျှင်ဒေါင် ၂၂၀၀၀ မှ ၂၇၀၀၀ ကြား(အမေရိကန်ဒေါ်လာ တစ်ဒေါ်လာမှ ၁ဒသမ ၂ဒေါ်လာ)ရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၇ ခုနှစ်အတွင်း ခွဲတမ်းစနစ်ဖြင့် သကြားတန်ချိန် ၈၉၅၀၀ တင်သွင်းခဲ့ကြောင်း အပြည်ပြည်ဆိုင်ရာ စာရင်းများအရ သိရသည်။

ဗီယက်နမ်နိုင်ငံတွင် သကြားစက်ရုံပေါင်း ၄၀ ရှိပြီး ပြည်တွင်းအလုပ်အကိုင်ပေါင်း ခုနှစ်သန်းကျော် ဖန်တီးပေးနိုင်ခဲ့ကြောင်း ဗီယက်နမ် အလုပ်သမားဝန်ကြီးဌာနက ပြောကြားခဲ့သည်။



# တရုတ်နိုင်ငံနှင့် မော်လ်ဒိုက်ဗ်နိုင်ငံတို့ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု စီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည်

တရုတ်နိုင်ငံက စီစဉ်ဆောင်ရွက်လျက်ရှိသည့် ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခုစီမံကိန်းတွင် တရုတ်နိုင်ငံနှင့် မော်လ်ဒိုက်ဗ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်မည်ဖြစ်ကြောင်း ဆင်ဟွာ သတင်းဌာနကရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်နှင့် မော်လ်ဒိုက်ဗ်နိုင်ငံသမ္မတ အဗ္ဗဒူလာယာမန်အဗ္ဗဒူလ်ဂါယွန်းတို့သည်ပေကျင်း ၌ တွေ့ဆုံခဲ့ကြပြီး ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခုစီမံကိန်းတွင် ပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြခြင်းဖြစ်သည်။

နှစ်နိုင်ငံမှတာဝန်ရှိသူအသီးသီး သည် ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခု အစီအစဉ်တွင် လွတ်လပ်သောကုန် သွယ်မှုသဘောတူညီချက်များ၊ စီးပွားရေးဆိုင်ရာသဘောတူညီချက်များ၊ လူ့စွမ်းအားအရင်းအမြစ်များ၊ သမုဒ္ဒရာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စများ၊ ကျန်းမာရေးပြုစုစောင့်ရှောက်ရေးနှင့် ဘဏ္ဍာရေးငွေရေးကြေးရေးဆိုင်ရာကိစ္စ ရပ်များပါဝင်သည့်သဘောတူစာချုပ်ပေါင်း ၁၂ ခုကို နှစ်နိုင်ငံသမ္မတနှစ်ဦး ၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခု အစီအစဉ်သည် မော်လ်ဒိုက်ဗ်နိုင်ငံ၏ စီးပွားရေးမဟာဗျူဟာများကို ပိုမိုဖွံ့ဖြိုး တိုးတက်စေမည့်ဖြစ်ကြောင်း၊ မော်လ်ဒိုက်ဗ်နိုင်ငံကို တရုတ်နိုင်ငံ၏ ၂၁ ရာစု ရေကြောင်းပိုးလမ်းမကြီး၏အရေးအပါဆုံးသောမိတ်ဖက်အဖြစ်သတ်မှတ်ထား ပါကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

၂၀၁၃ခုနှစ်က စတင်ခဲ့သည့် တရုတ်နိုင်ငံ၏ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခုအစီအစဉ်သည် အာရှဒေသကို ဥရောပနှင့်အာဖရိကဒေသများနှင့် ကုန်သွယ်ရေး၊ ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အဦများကို တည်ဆောက်ပေးမည့်လမ်းကြောင်းတစ်ခု ဖြစ်သည်။

# ဖိလစ်ပိုင်အစိုးရက ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကို ၂၀၂၂ ခုနှစ်အထိ လျှော့ချထားမည်

ဖိလစ်ပိုင်အစိုးရအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကို လာမည့်နှစ်တွင် လျှော့ချသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီး ရာမွန်လိုပက်ဇ်က ပြောကြားခဲ့ကြောင်း အင်ကွာရာသတင်းတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်အစိုးရအနေဖြင့် ကုန်သွယ်မှုပိုငွေပြလာစေရန်အတွက် ကုန်သွယ်မှုဆိုင်ရာအတားအဆီးများကို ဖိလစ်ပိုင်သမ္မတရိုဒရီဂိုဒူတာတေး တာဝန်ပြီးဆုံးမည့် ၂၀၂၂ ခုနှစ်အထိ လျှော့ချသွားမည်ဖြစ်ကြောင်း လိုပက်ဇ်က ပြောကြားခဲ့သည်။

ထို့ပြင် ကုန်သွယ်မှုပိုငွေများ ပိုမိုတိုးတက်လာစေရန်အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အင်တိုက်အားတိုက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

"ရင်းနှီးမြှုပ်နှံမှုတွေ တိုးလာမယ်။ အခြေခံအဆောက်အဦတွေလည်း တစ်နှစ်ထက်တစ်နှစ်တိုးလာမယ်၊ ပြည်ပတင်ပို့မယ့်ပို့ကုန်တွေလည်း ပိုမို တိုးတက်လာမယ်လို့ရည်ရွယ်ပြီးတော့ အခုလို ကုန်သွယ်မှု အတားအဆီးတွေကို ဖြေလျှော့ပေးခဲ့တာပါ။ ကျွန်တော်တို့ရဲ့ ထုတ်လုပ်မှုစွမ်းအားတွေ မြင့်မားနေပါပြီ။ ပို့ကုန်ဦးဆောင်တဲ့ လုပ်ငန်းများလည်း ဖြစ်သင့်နေပါပြီ။ ကုန်ကြမ်းတွေ၊ နမူနာ ထုတ်လုပ်မှုတွေကနေ တန်ဖိုးမြှင့် ထုတ်ကုန်တွေ၊ အဆင့်မြင့်ထုတ်ကုန်တွေဆီကို အရောက်လှမ်းဖို့ဖြစ်ပါတယ်"ဟု လိုပက်ဇ်က အင်ကွာရာသတင်းဌာနကို ထုတ်ဖော်ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၉ ဘီလီယံသာရှိခဲ့ပြီး သုံးရာခိုင်နှုန်းကျဆင်းခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၏ ၂၀၁၇-၂၀၂၂ ပို့ကုန်ဖွံ့ဖြိုးရေးစီမံချက်အရ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၂ ဘီလီယံမှ ၂၀၂၂ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၁ ဘီလီယံအထိ ရောက်ရှိရန် ရည်မှန်းချက်ထား၍ လုပ်ဆောင်သွားမည်ဖြစ်သည်ဟု ဆိုသည်။

# ထိုင်းနိုင်ငံသုံးဦးကော်မတီက အလုပ်သမားများ၏အနည်းဆုံး လုပ်ခလစာကို ငါးရာခိုင်နှုန်းတိုးမြှင့်ရန် သဘောတူ

ထိုင်းနိုင်ငံ၏ အလုပ်သမား၊ အလုပ်ရှင်နှင့် အစိုးရကိုယ်စားလှယ် သုံးဦးပါဝင်သည့် သုံးဦးကော်မတီက ထိုင်းနိုင်ငံမှ အလုပ်သမားများ၏အနည်းဆုံး လုပ်ခလစာကို ငါးရာခိုင်နှုန်းတိုးမြှင့်ပေးရန် သဘောတူညီလိုက်ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံတွင် အလုပ်သမားတစ်ဦးသည် လာမည့်နှစ်တွင် အနည်းဆုံး လုပ်ခလစာကို ငါးရာခိုင်နှုန်း သို့မဟုတ် ၁၅ ဘတ်အထိတိုးမြှင့်ပေးသင့်ကြောင်း၊ အနည်းဆုံးလုပ်ခလစာအဖြစ် အလုပ်သမားတစ်ဦးလျှင် ဘတ်သုံးရာအထိ ပေးသင့်ကြောင်း သုံးဦးကော်မတီက ဆုံးဖြတ်ခဲ့သည်။

သုံးဦးကော်မတီက အတည်ပြုဆုံးဖြတ်ခဲ့သည့်ဆုံးဖြတ်ချက်အား အလုပ်သမားရေးရာဝန်ကြီး Pol Gen Adul Sangsingkeo အား တင်ပြခဲ့ကြောင်း သိရသည်။

အလုပ်သမားများ၏အနည်းဆုံးလုပ်ခလစာ တိုးမြှင့်ပေးရေးကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ခွဲခြမ်းစိတ်ဖြာ၍ သုံးသပ်ရမည်ဖြစ်ကြောင်း၊ အလိုအလျောက် ပြုလုပ်သည့်စက်များနှင့်စက်ရုပ်များကို အသုံးပြုနေမှုများကြောင့် အလုပ်ရှင်နှင့် အလုပ်သမားအကြား ပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း၊ အလုပ်သမားများ၏ လုပ်ခလစာတိုးမြှင့်ပေးရေးနှင့် ပတ်သက်၍ နိုင်ငံ၏ စီးပွားရေးအခြေအနေကိုထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

သုံးဦးကော်မတီမှ တင်ပြထားသည့် အဆိုပြုလွှာကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင်ဆုံးဖြတ်ချက်ချမှတ်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ တာနစ်ဆိုရတ်က ပြောကြားခဲ့သည်။

"၁၅ ဘတ်တိုးမြှင့်ပေးဖို့အတွက် အစုရှယ်ယာရှင်တွေ၊ အစိုးရကိုယ်စားလှယ်တွေ၊ အလုပ်ရှင်တွေ၊ အလုပ်သမားတွေအားလုံးသဘောတူကြရမှာဖြစ်ပါတယ်။ ဒီလိုလစာတိုးမြှင့်ပေးတာဟာ ပြည်နယ်တစ်ခုနဲ့တစ်ခု တူညီမှာမဟုတ်ပါဘူး"ဟု တာနစ်ဆိုရတ်က ထပ်မံပြောကြားခဲ့သည်။

သို့သော် သုံးဦးကော်မတီက တင်ပြထားသည့် လစာနှုန်းတိုးမြှင့်ပေးရန် အဆိုပြုချက်သည် ထိုင်းနိုင်ငံဝန်ကြီး အဖွဲ့အစည်းအဝေး ကျင်းပသည့်ရက်နှင့် တိုက်ဆိုင်နေသဖြင့် နှောင့်နှေးကြန့်ကြာလျက်ရှိသည်ဟု ဆိုသည်။ ■

မယ်သီတာ စုစည်းတင်ပြသည်။

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ် ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ် ပါသည်။

အကြံဉာဏ်များကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။




# International Trade Services

## သွင်းကုန်လုပ်ငန်း

- ပြည်တွင်းသွင်းကုန် ငွေလွှဲစာတမ်းများ ဖွင့်လှစ်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းပြင်ဆင်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းအတွက် ငွေပေးချေခြင်း။
- ပြည်တွင်းငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း၊ ယုံကြည်မှုဖြင့် ဝယ်ယူထားသော ကုန်ပစ္စည်းအား ထုတ်ပေး၍ ယာယီ ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ်ဖြင့်ရောက်ရှိလာသောသွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သင်္ဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။

## ပို့ကုန်လုပ်ငန်း

- ပို့ကုန်ငွေလွှဲစာတမ်း ဝန်ဆောင်မှု။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ငွေလွှဲစာတမ်းစနစ်)။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ကောက်ခံရေးစနစ်)။
- ငွေလွှဲစာတမ်းဖြင့် ပြုလုပ်ထားသော ကုန်တင်ပို့သည့် စာရွက်စာတမ်း အထောက်အထားပေါ်တွင် ငွေကြိုတင် ထုတ်ပေးခြင်း။

## Export Financing

- သင်္ဘောမတင်မီ ချေးငွေထုတ်ယူခြင်း။
  (၁) သင်္ဘောမတင်မီ ကုန်ပစ္စည်း ဝယ်ယူထုတ်လုပ်ရန် ကြိုတင်ချေးငွေ ထုတ်ပေးခြင်း။
- သင်္ဘောတင်ပြီး ကြိုတင်ငွေထုတ်ယူခြင်း။
  (၁) ကုန်တန်ဖိုးငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
  (၂) ဆိုင်းငံ့ကာလဖြင့် အသုံးပြုထားသော ထုတ်ကုန်ငွေလွှဲစာတမ်း ပေါ်တွင် သင်္ဘောတင်စာရွက်စာတမ်း အထောက်အထားများ ဝယ်ယူခြင်း။
  (၃) DP စနစ်ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

## International Funds Transfer (T.T.)

- ပြည်ပမှ လွှဲပို့ငွေများအား Customer ၏ စာရင်းသို့ ထည့်သွင်းပေးခြင်း။
- ပြည်ပသို့ Customer ၏ နိုင်ငံခြားငွေစာရင်းမှ ငွေကို ငွေလွှဲပေးပို့ခြင်း။

## Bank Guarantee

- Standby Letter of Credit ဖွင့်လှစ်ခြင်း နှင့် ပြင်ဆင်ခြင်း။
- Standby letter of Credit အကြောင်းကြားခြင်း နှင့် ပြင်ဆင်ချက်များအား အကြောင်းကြားပေးခြင်း။
  (e.g. Bid Bond Guarantee, Performance Guarantee, Payment Guarantee, Warranty Guarantee)

Best Structured Trade Finance in Myanmar Award 2017 (The Asset Triple A)

Best Trade Finance in Myanmar Award 2017 (Asian Banking and Finance)

Call Centre : (+951) 231 7770
Hotline :
(+951) 378 644 - Trade (Import/ Export)
(+951) 378 643 - Outward Remittance
(+951) 378 645 - Inward Remittance

www.cbbank.com.mm
CBBankmyanmar
trade.dept@cbbank.com.mm

# EVER RICH GROUP CO.,LTD

* ဂျီအိုင် ဟော်လိုပိုက် (GI Hollow Pipe)
* စီချန်နယ် ( C Channel)
* ကြမ်းခင်းပြား (Floor Deck Sheet)
* အိုမီဂါ (Omega Channel)
* ကာလာသွပ်ပြား (Pre-painted GI Sheet)
* ယူဘင့် (U Beam)
* အိုင်ဘင့် (I Beam, H Beam) နှင့်
* အခြားအိမ်ဆောက်ပစ္စည်းများ



EVER RICH GROUP CO.,LTD စက်ရုံမှ တိုက်ရိုက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည်။

အမှတ်(၃၆/ဒီ)၊လမ်းသစ်လမ်း၊နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။ ၀၁-၉၆၆၅၇၁၇၊၀၁-၉၆၄၀၂၇၇၊၀၉-၃၀၀၈၈၇၂၀၊၀၉-၄၅၇၇၄၈၈၆၅၊၀၉-၉၇၆၇၀၀၂၅၀

အဆောင်(၁၃၈)၊အခန်း(၄)၊ရွှေပြည်လမ်း၊ဇော်ဘွားကြီးကုန်းပွဲရုံဝင်း၊အင်းစိန်မြို့နယ်၊ရန်ကုန်။ ၀၁-၉၆၄၀၂၅၅၊၀၁-၉၆၄၀၂၆၆၊၀၉-၉၆၅၀၀၇၂၅၊၀၉-၂၆၃၃၃၉၄၉၉၊၀၉-၄၅၇၇၄၈၀၆၆

အမှတ်(၄၁၇)၊လှည်းကူးလမ်း နှင့် ကင်းဝန်မင်းကြီးလမ်းထောင့်၊ ရွှေလင်ပန်းစက်မှုဇုံ၊လှိုင်သာယာမြို့နယ်၊ရန်ကုန်။ ၀၁-၆၁၇၁၃၄၉၊၀၉-၇၃၂၅၀၁၅၁၊၀၉-၇၉၆၁၀၈၁၄၁၊၀၉-၉၇၇၉၄၁၈၈၁၊၀၉-၄၅၇၇၄၈၀၆၄




# COMMERCE INTERNATIONAL

## အရှေ့ပိုင်း စီးပွားရေးစင်္ကြံတွင် ရင်းနှီးမြှုပ်နှံရန် ဩစတြီးယားစီးပွားရေး လုပ်ငန်းရှင်များ စိတ်ဝင်စားလျက်ရှိ

ထိုင်းနိုင်ငံက ဆောင်ရွက်လျက်ရှိသည့် အရှေ့ပိုင်းစီးပွားရေးစင်္ကြံ (Eastern Economic Corridor-EEC) တွင် စက်မှုလုပ်ငန်းများ၌ ပိုမို ရင်းနှီးမြှုပ်နှံနိုင်ရန် ဩစတြီးယားနှင့် အီးယူနိုင်ငံများမှ ကုမ္ပဏီလုပ်ငန်းရှင်များအား ထိုင်းနိုင်ငံအစိုးရက ဆွဲဆောင်လျက်ရှိကြောင်း ဗန်ကောက်ပို့စ်သတင်းစာတွင် ဖော်ပြထားသည်။

"ထိုင်းနိုင်ငံအနေနဲ့ အာဆီယံနိုင်ငံတွေအနက် အလားအလာအရှိဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံရေးအရ တည်ငြိမ်မှုရှိတယ်၊ ရေမြေသဘာဝပထဝီအနေအထားရော၊ အသိဉာဏ်ပစ္စည်းမူဝါဒဆိုင်ရာမှာရော၊ စတုတ္ထစက်မှုတော်လှန်ရေး မူဝါဒအရရော ကောင်းမွန်တဲ့ အနေအထားတစ်ရပ်ကိုပိုင်ဆိုင်ထားပါတယ်"ဟု စက်မှုဝန်ကြီးဌာန ဝန်ကြီး ဥတ္တမာဆာဗန်နာရာမာက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားသည့် နေရာပေါင်းများစွာ ရှိကြောင်း၊ အာဆီယံနိုင်ငံများမှတစ်ဆင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ စီးပွားရေးလုပ်ငန်းများကို ချဲ့ထွင်နိုင်သည့်စီးပွားရေးလုပ်ငန်းများ ရှိနေကြောင်း စက်မှုဝန်ကြီးဌာန ဝန်ကြီးက ဩစတြီးယားစီးပွားရေးအဖွဲ့ချုပ်နှင့် ဗီယင်နာမြို့တွင်တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံတွင် ဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်သည့် အေဂျီဂရု(ပ်) သည် ဇီဝဓာတုပစ္စည်းများကို ထုတ်လုပ်သည့်ကုမ္ပဏီတစ်ခုဖြစ်ပြီး ထိုင်းနိုင်ငံတွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၃၀၀ အထိ ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။ ထို့ပြင် မိသားစုပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့် Zumtobel ကုမ္ပဏီသည် လျှပ်စစ်ပစ္စည်းများထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး ထိုင်းနိုင်ငံ၏ ခေတ်မီမြို့တော် တည်ဆောက်မည့်စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားလျက်ရှိကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

အရှေ့ပိုင်းစီးပွားရေးစင်္ကြံတွင် ရင်းနှီးမြှုပ်နှံရန်အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီစုစုပေါင်း ၃၀ ကျော်က စိတ်ဝင်စားလျက်ရှိကြောင်းထုတ်ဖော်ပြောကြားခဲ့ကြသည်။ အထူးသဖြင့် တရုတ်၊ ဟောင်ကောင်၊ ဂျပန်၊ စင်ကာပူ၊ ဩစတြီးယား၊ ဂျာမနီ၊ ဘယ်လ်ဂျီယံနှင့် နယ်သာလန်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များက စိတ်ဝင်စားလျက်ရှိနေသည်။ အဆိုပါနိုင်ငံများမှ လုပ်ငန်းရှင်များသည် ဇီဝအစားအစာမှသည် ဆေးဝါးများထုတ်လုပ်သည့်လုပ်ငန်းများ၊ စွမ်းအင်ကဏ္ဍစသည်တို့တွင် ရင်းနှီးမြှုပ်နှံကြမည်ဖြစ်သည်။

ဩစတြီးယားနိုင်ငံမှ ကုမ္ပဏီပေါင်း ၁၀၀ ကျော်သည် ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံကာစီးပွားရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ ၂၀၁၆ ခုနှစ်အထိ အမေရိကန်ဒေါ်လာ သန်း ၅၄၀ ခန့်ရင်းနှီးမြှုပ်နှံထားပြီးဖြစ်သည်။



## ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ခေတ်မီစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မည်ဟု ဗီယက်နမ်ဝန်ကြီးချုပ်ဆို

ဗီယက်နမ်နိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ခေတ်မီ စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် စီးပွားရေးကို ပြန်လည်တည်ဆောက်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှု၊ အရည်အသွေး၊ ကျွမ်းကျင်မှုနှင့်ယှဉ်ပြိုင်မှုတို့ကို ဦးတည်၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်ရှန်ဖုန်က ပြောကြားခဲ့သည်။

ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်ရှန်ဖုန်သည် ဗီယက်နမ်နိုင်ငံတွင်ကျင်းပသည့် Smart Industry World 2017 တွင် မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

စတုတ္ထစက်မှုတော်လှန်ရေးသည် ဗီယက်နမ်နိုင်ငံ၏ ချမ်းသာကြွယ်ဝမှု အိပ်မက်ကို အကောင်အထည်ဖော်ရန်အတွက် အခွင့်အလမ်းများကို မိတ်ဆက်ပေးခြင်းပင်ဖြစ်ကြောင်း ဖုန်က ပြောကြားခဲ့သည်။

ထို့ကြောင့် ဗီယက်နမ်အစိုးရအနေဖြင့် သတင်းအချက်အလက် အခြေခံအဆောက်အဦစနစ်နှင့် ဆက်သွယ်မှုဆိုင်ရာ နည်းပညာများတွင် ခေတ်မီလာအောင် ရင်းနှီးမြှုပ်နှံကြရမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာကို အခြေခံသည့် ခေတ်မီစက်မှုလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးအောင်လုပ်ဆောင်နေစဉ်ကာလအတွင်း ဗီယက်နမ်နိုင်ငံအနေဖြင့် ဆော့ဖ်ဝဲလုပ်ငန်းနှင့် သတင်းအချက်အလက်များ လုံခြုံရေးနှင့်ကာကွယ်ရေးတို့ကိုလည်း ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ကြောင်း ဖုန်က ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် ဒစ်ဂျစ်တယ်နည်းပညာရှင်ပေါင်း တစ်သန်းအထိ ရရှိလာစေရန် ရည်မှန်းချက်ထား၍ လုပ်ဆောင်လျက်ရှိသည်။ အောင်မြင်မှုပန်းတိုင်ကို လျှောက်လှမ်းနိုင်ရန်၊ အထွေထွေပညာရေး၊ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် တတိယအဆင့်ပညာရေးတို့အပါအဝင် စတုတ္ထစက်မှုတော်လှန်ရေးနှင့် ဆက်စပ်နေသည့် ကဏ္ဍများအား ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရန်၊ တီထွင်ဆန်းသစ်မှုနှင့် ယှဉ်ကျေးမှုစတင်ခြင်းတို့ကို မြေတောင်မြှောက်ပေးရန်ဟူသည့် လုပ်ငန်းစဉ်များကို လုပ်ဆောင်သွားမည်ဖြစ်သည်။

အဆိုပါ The Smart Industry World 2017 အခမ်းအနားကို အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲများနှင့်ပူးတွဲ၍ ကျင်းပခြင်းဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲ လေးခုကျင်းပခဲ့သည်။ ယင်းအခမ်းအနားသို့ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ငွေကြေးဆိုင်ရာ နည်းပညာလုပ်ငန်း၊ စိုက်ပျိုးရေးဆိုင်ရာလုပ်ငန်း၊ ခေတ်မီစက်မှုလုပ်ငန်း၊ စက်ရုပ်နှင့် အလိုအလျောက်ပြုလုပ်သည့်စက်များမှ ပြည်တွင်း၊ ပြည်ပလုပ်ငန်းပေါင်း ၅၀ ခန့်မှ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

မယ်သီတာ စုစည်းသည်

## ကမ္ဘောဒီးယားနိုင်ငံတွင် ဂျပန်ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်မည်

ကမ္ဘောဒီးယားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိသည့် ဂျပန်နိုင်ငံမှ ကုမ္ပဏီများသည် ကမ္ဘောဒီးယားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများအား တိုးချဲ့မြှင့်တင်မည်ဖြစ်ကြောင်း ခမာတိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် အများဆုံးရင်းနှီးမြှုပ်နှံလျက်ရှိသည့် မင်နီဘာအာ ကမ္ဘောဒီးယားကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သည့် မင်နီဘာအာမတ်ဆုမိကုမ္ပဏီသည် ကမ္ဘောဒီးယားနိုင်ငံတွင် ဆေးနှင့်ဆေးပစ္စည်း ကိရိယာများ၊ အခြားသော ကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံရန်အတွက် ရင်းနှီးမြှုပ်နှံမှု တိုးချဲ့လျက်ရှိရာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၆၃သန်း တိုးမြှင့်သွားမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ယင်းကဲ့သို့ ရင်းနှီးမြှုပ်နှံမှုတိုးချဲ့သည့်ကိစ္စနှင့် ပတ်သက်၍



မင်နီဘာအာ ကုမ္ပဏီက အဆိုပြုလွှာတစ်စောင်ကို နိုဝင်ဘာလအတွင်းက တင်ပြခဲ့ခြင်းဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးမှုကောင်စီက အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

ကောင်စီ၏အတည်ပြုချက်အရ မင်နီဘာအာမတ်ဆုမိကုမ္ပဏီသည် ဖနွမ်းပင်အထူးစီးပွားရေးဇုန်တွင် ဆေးနှင့် ဆေးပစ္စည်းကိရိယာများ၊ သတ္တုသွန်းလောင်းသည့်စက်ရုံများ၊ ပလတ်စတစ်အစိတ်အပိုင်းဆိုင်ရာ စက်ရုံများကို တည်ဆောက်သွားမည်ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၃၁၅ ခုကို ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

"ဒါဟာ တကယ့်သတင်းကောင်းတစ်ရပ်ပါ။ နိုင်ငံရဲ့စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့ ဆောင်ရွက်ချက်ပါ။ ရင်းနှီးမြှုပ်နှံမှုအသစ်တွေဟာ ပြည်တွင်းကစက်မှုကဏ္ဍကို အကူအညီပေးနိုင်မှာ မဟုတ်ပါဘူး။ ပြည်တွင်းက လုပ်သားအင်အားကို ကျွမ်းကျင်အဆင့်ဖြစ်အောင် လုပ်ပေးမှာပဲဖြစ်ပါတယ်"ဟု မစ္စတာကာလ်ယန်က ပြောကြားခဲ့သည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ